The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 17 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 8 , 2017

# ပြည်ပမှ သကြားတင်သွင်းမှုအပေါ် တရုတ်နိုင်ငံက

# တန်ပြန်စုပုံခွန်သတ်မှတ်၍ အခွန်နှုန်းထား တိုးမြှင့်ကောက်ခံသွားမည်



တရုတ်နိုင်ငံအတွင်းရှိ ပြည်တွင်း သကြားလုပ်ငန်းရှင်များ၏ တောင်းဆိုချက်အရ ဘရာဇီးနိုင်ငံ အပါအဝင် အခြားနိုင်ငံများမှ သကြားတင်သွင်းမှုများအပေါ် တန်ပြန်စုပုံခွန် (Anti-dumping Duty) အဖြစ် သတ်မှတ်တိုးမြှင့်၍ အခွန်နှုန်းထား ကောက်ခံသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း သကြားထုတ်လုပ်သူများ အနေဖြင့် ပြည်တွင်း လယ်ယာစိုက်ပျိုးထုတ်လုပ်မှု စရိတ်များ မြင့်တက်လာခြင်းနှင့် ပြည်ပမှ သကြားတင်သွင်းခြင်းဖြင့် ဆိပ်ကမ်းအရောက် တန်ဖိုးက စရိတ်စက ပိုမိုသက်သာမှုရှိနေခြင်းတို့ကြောင့် ပြည်တွင်းမှထုတ်လုပ်သော သကြားဈေးနှုန်းကျဆင်းပြီး ထိခိုက်နစ်နာလျက်ရှိကြောင်း သကြားစက်ရုံများ၏ တိုင်ကြားချက်များအရ လွန်ခဲ့သည့်နှစ် စက်တင်ဘာလက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပိုင်း ယခုကဲ့သို့

စာမျက်နှာ - ၈ ➤



## ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဖွံ့ဖြိုးလာသော ပို့ကုန်အမယ်သစ် ပိန်းရိုးခြောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်တောရွာများနှင့် ရေနက်ကွင်းဒေသများတွင် နှစ်စဉ်မိုးရာသီမှာ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ပိန်းရိုးအစိုပင်များကို ခုတ်ယူ၍ ပိန်းရိုးခြောက်ပြုလုပ်ကာ ပြည်ပဈေးကွက် ဖြစ်သော ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

စာမျက်နှာ - ၁၇ ➤

### မုံရွာစက်မှုဇုန်တွင် အဆင့်မြင့်ငြိမ်းချမ်းရေး ပဲခွဲစက် စက်ရုံသစ် တည်ဆောက်လည်ပတ်လျက်ရှိ

စာမျက်နှာ - ၁၅ ➤

### မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် တရားမဝင် ကုန်သွယ်မှုများကို ဖမ်းဆီးလျက်ရှိ

စာမျက်နှာ - ၁၆ ➤




ကိုအောင်ထွန်းလွင် + မကျော့ကျော့စန်း
SST
®
စားသောက်ကုန်လုပ်ငန်း
ပင်ရင်း–မန္တလေးမြို့
09-5079086, 09-5037776, 09-789321087


2နှစ် ဆက်တိုက် ဆုတံဆိပ်ရရှိ ထားသော အကောင်းဆုံး အရသာ ဆုများ
SUNAR
နေကြာဆီ နှင့် ပြောင်းဖူးဆီ
FAO
(Food and Agriculture Organization of The United Nations) Medal
ITQI
Superior Taste Award
(BELGIUM)
Turkish Consumer Protection Association Golden Brand
ULUSLARARASI GUVENILIR GIDA ZIRVESI
Superior taste AWARD
SUNAR Sunflower OIL
SUNAR For Professionals Sunflower OIL
SUNAR Corn Oil
09 73199813, 09 73199814
Email: Contact@southern-myanmar.com
www.facebook.com/SunarForMyanmar
Southern Myanmar Company Limited

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကျောက်ဖြူမြို့နယ်၊ မဒေးကျွန်းရှိ မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအား ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်အေးသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မဒေးကျွန်းရှိ မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး စီမံကိန်းဝင်းအတွင်း သဘာဝဓာတ်ငွေ့နှင့် ရေနံသိုလှောင်ကန်ကြီးများ၊ ပိုက်လိုင်းများ သွယ်တန်းထားရှိမှုများအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် စက်ရုံပင်မထိန်းချုပ်ခန်းတွင် တာဝန်ခံ Mr. CHEV XIANG QIU နှင့် တာဝန်ရှိသူများက ပိုက်လိုင်းများ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ တည်ဆောက်ထားခြင်း၊ ထုတ်လုပ်ရေးကုမ္ပဏီနှင့် စက်မှုပစ္စည်းများ ရွေးချယ်ခြင်းတို့အား Video Clip များဖြင့် ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ၎င်းလုပ်ငန်းအား ဆက်လက်အားပေးကူညီမှာဖြစ်ကြောင်း၊ မျှတသော အကျိုးစီးပွားဖြစ်ထွန်းပါက နိုင်ငံအကျိုးစီးပွားပင်ဖြစ်ကြောင်း၊ လုပ်ငန်းများအား သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး အလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ ထိခိုက်ပျက်စီးသွားသည့် စိုက်ပျိုးမြေများ၊ သစ်ပင်၊ သစ်တောနှင့် ငါးဖမ်းခြင်း လုပ်ငန်းများအား ပြန်လည်တည်ဆောက်နိုင်အောင် ကူညီပေးရန်လိုအပ်ကြောင်း၊ မဒေးကျွန်းရှိ ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်းများ ပို့ချပေးနိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသခံပြည်သူများနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံပြီး လိုအပ်ချက်များအား ဖြည့်ဆည်းပေးရေးတို့ကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်းမှာကြားပါသည်။

ထို့နောက် စီမံကိန်းမှ ပြန်လည်ထွက်ခွာလာရာ ညနေ ၃ နာရီတွင် ကျောက်ဖြူမြို့၊ ငလပွေကျေးရွာ၊ ငလပွေ ကျောင်းတိုက်သို့ ရောက်ရှိပြီး ဒေသတွင်းရှိ ကျေးရွာအုပ်စုများမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်မည့် နေရာအား သွားရောက်ကြည့်ရှုပြီး ကျောက်ဖြူမြို့တွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးစီးသည့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တွေ့ဆုံ၍ ကျောက်ဖြူ အထူးစီးပွားရေးဇုန် အမြန်အကောင်အထည်ဖော်ရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **MOC(IR)**



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စစ်တွေမြို့ မြန်မာနိုင်ငံသားများဘဏ် ဖွင့်ပွဲသို့တက်ရောက် ကျောက်ဖြူမြို့ ဒေသခံပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ၂၀၁၇ ခုနှစ်၊ ဧပြီ ၃၀ ရက် နံနက် ၈ နာရီက စစ်တွေမြို့၊ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသားများဘဏ်လီမိတက် ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ မြန်မာနိုင်ငံသားများဘဏ်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်အေးသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးတိုးအောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ဘဏ်ဒါရိုက်တာ ဦးလှဦး၊ အဖွဲ့ဝင် ဦးဇေယျာသူရမွန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ဘဏ်ဆိုင်းဘုတ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဘဏ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် ရခိုင်ပြည်နယ်၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဘဏ်အနေဖြင့် ကုန်သွယ်ရေးလုပ်ငန်းများအား အထောက်အကူပြုပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျောက်ဖြူမြို့၊ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အသေးစိတ် လမ်းညွှန် မှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ နိုင်ငံတော်အတွက် နည်းပညာနှင့် အရင်းအနှီးများ ဖြစ်ပေါ်လာစေရန် ကျောက်ဖြူ အထူးစီးပွားရေးဇုန်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ အထူး စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်သည့် ဇုန်များအလိုက် စီမံခန့်ခွဲမှု ကော်မတီများကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကိုလည်း နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။



ထို့နောက် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသောဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များက ကျောက်ဖြူအထူး စီးပွားရေးဇုန် တည်ဆောက်ရေးနှင့်ပတ်သက်၍ မေးမြန်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ထို့နောက် ညနေ ၁၈:၀၀ နာရီအချိန်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖြူမြို့၊ လိပ်မော်ကျေးရွာတွင် တည်ရှိသော Kyauk Phyu Intial Gas Station (SEAGS) မှ ဓာတ်ငွေ့ပို့လွှတ်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်း (OGT) အစည်းအဝေးခန်းမဆောင်တွင် စီမံကိန်းတာဝန်ခံ Mr. Y.B. CHO မှ စီမံကိန်းအကြောင်း၊ Video Clip များဖြင့် ရှင်းလင်း တင်ပြပြီး ဓာတ်ငွေ့တူးဖော်ပုံ အဆင့်ဆင့် ပြသထားသော ပြခန်းအား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။ ည ၁၉:၀၀ နာရီအချိန်တွင် ဂုံးချိန်ကျေးရွာ၊ ကံ့ကော်တောဘုရားအနီး တည်ရှိသည့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ၂၃၀ ကေဗွီပင်မဓာတ်အားခွဲရုံရှိ သဘာဝဓာတ်ငွေ့ တာဘိုင်အင်ဂျင်များဖြင့် လျှပ်စစ်ဓာတ်အား ပေးပို့နေမှုတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇော်နိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ၂၀၁၇ ခုနှစ် ဒုတိယသုံးလပတ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှု ပိုမိုမြင့်တက်ဖွယ်ရှိ

ဗီယက်နမ်နိုင်ငံသည်စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ယခုနှစ် ဒုတိယသုံးလပတ်အတွင်း ပြည်ပသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်မည်ဟု ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်းသိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်အတွင်း ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ယခုကဲ့သို့ ပို့ကုန်မြင့်တက်ခြင်းကြောင့် ကုန်ကြမ်း ပစ္စည်းများ၊ ရေနံစိမ်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ပင်လယ်စာနှင့် ပြုပြင်ထုတ်လုပ်ထားသည့်ပစ္စည်းများအပါအဝင် အဓိကပို့ကုန်အမယ်များ၏ဈေးနှုန်းများမြင့်တက်လာကြောင်း၊ တရုတ်၊ ဂျပန်၊ ရုရှားနှင့် အာဆီယံနိုင်ငံများကဲ့သို့ အဓိကဈေးကွက်များမှ ပို့ကုန်ဝင်ငွေများလည်း သိသိသာသာ တိုးတက်ရရှိခဲ့ကြောင်းသိရှိရသည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးပြုသင့်ပြီး ၎င်းတို့၏စီမံခန့်ခွဲမှုဆိုင်ရာ နည်းစနစ်များကိုလည်း ခေတ်နှင့်အညီပြုပြင်သင့်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုစာချုပ် ၁၇ ခု အား လက်မှတ်ရေးထိုးထားပြီးဖြစ်ကာ နောက်ထပ်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုစာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက်လည်း ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိပို့ကုန်သွင်းကုန်ဌာန ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Tran Thanh Hai က ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် စတင်အသက်ဝင်ခဲ့သည့် ဗီယက်နမ်နှင့် ယူရေးရှားစီးပွားရေးသမဂ္ဂ (Eurasia Economic Union)တို့၏ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှုစာချုပ်က လူဦးရေ ၁၈၃ သန်းရှိသည့် ဈေးကွက်သို့ဗီယက်နမ်နိုင်ငံ၏ပို့ကုန်များရောက်ရှိရန် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပို့ကုန်ဈေးကွက်အသစ်များရှာဖွေစဉ် လက်ရှိရရှိထားသည့် ပို့ကုန်ဈေးကွက်များကို ခိုင်မာတောင့်တင်းအောင် ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့အပြင် ပို့ကုန်မြင့်တက်ရန်အတွက် အကောက်ခွန်နှုန်းလျှော့ချခြင်းနှင့် အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း ဥရောပဈေးကွက်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Nguyen Khanh Ngoc က ပြောကြားခဲ့သည်။

အဆိုပါ ဗီယက်နမ်နှင့် ယူရေးရှားစီးပွားရေးသမဂ္ဂတို့၏ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှုစာချုပ်အရ နှစ်ဖက်စလုံးသည် ကုန်ပစ္စည်းစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်အပေါ်တွင်အကောက်ခွန်လျှော့ချခြင်း သို့မဟုတ် အကောက်ခွန်ကင်းလွတ်ခွင့်ပြုခြင်းတို့ကိုဆောင်ရွက်ရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးကွက်ကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုရမည်ဖြစ်သည်။

ရုရှား၊ အာမေးနီးယား၊ ကာဂျစ်စတန်၊ ဘယ်လာရုစ်နှင့် တာဂျစ်ကစ္စတန်နိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် ယူရေးရှားစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ဗီယက်နမ်နိုင်ငံသည် အဝတ်အထည်များ၊ ပင်လယ်စာများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ဖိနပ်များတင်ပို့ရန်အတွက် အကျိုးအမြတ်များစွာရရှိမည့်ဈေးကွက်တစ်ခုအဖြစ် ဗီယက်နမ်နိုင်ငံကမျှော်မှန်းထားသည်။

**Source: Xinhua၊ စန္ဒာထွန်း (TTI)**

# ဧပြီလအတွင်းဆန်နဲ့ ဆန်ကွဲတင်ပို့မှု လျော့ကျ



မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၉ ဒသမ ၀၄၇ သန်း တန်ဖိုးရှိဆန် ၂၈၈၄၆ တန်ကျော်၊ တင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန်ချိန် ၅၄၀၀ နဲ့ ညှော်မထဆန် ၁၂၈၈၈ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၈၇တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၉၉၀၉ တန်ကျော် တင်ပို့ပြီး မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကောက်ညှင်းဆန် ၃၆၁ တန် တင်ပို့ခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အစဖြစ်တဲ့ ဧပြီ ၁ ရက်မှ ၂၈ ရက်အထိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၁၇၃ သန်း တန်ဖိုးရှိဆန်တန်ချိန် ၈၃၈၇၁ တန် တင်ပို့ခဲ့ပါတယ်။ မတ်လအတွင်းက အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၂၂၂ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၅၈၅၅ တန်ကျော်တင်ပို့ ခဲ့ရာ ယခုလမှာ ဆန်တင်ပို့မှု ၂၁၉၈၅ တန်လျော့ကျခဲ့ပါတယ်။

ဧပြီလမှာ ကုန်သွယ်ရေးစခန်းများမှ ဆန်သာမက ဆန်ကွဲ တင်ပို့မှုပါ လျော့ကျခဲ့ပါတယ်။ ဧပြီလမှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၃၈ သန်းတန်ဖိုးရှိဆန်ကွဲ၁၁၃၉၃ တန် ကျော်တင်ပို့ပြီး မတ်လမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၅၃ သန်းတန်ဖိုးရှိဆန်ကွဲ ၁၃၀၂၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလ ဆန်ကွဲတင်ပို့မှု ၁၆၂၈တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၂၃ ရက်မှ ၂၉ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၀ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၉၇၅ တန် တင်ပို့ခဲ့ရာ ပိုလန်နိုင်ငံသို့ ညှော်မထဆန် ၂၂၅ တန်၊ မက်ဒါဂါးစကာနိုင်ငံသို့ညှော်မထဆန်တန်ချိန် ၁၀၅၀၊ တောင်အာဖရိကနိုင်ငံသို့ ညှော်မထဆန် တန် ၂၀၀၊ စင်ကာပူနိုင်ငံသို့ ညှော်မထဆန် တန်ချိန် ၅၀၀ တင်ပို့ခဲ့ပါတယ်။ ဧပြီ ၁ ရက်မှ ၂၉ ရက်အတွင်း အမေရိကန် ဒေါ်လာ ၈ ဒသမ ၂၃၃ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၂၇၁၂၂တန် တင်ပို့ခဲ့ပါတယ်။ မတ်လက ၅၂၈၀၈ တန်တင်ပို့ခဲ့တဲ့အတွက် ဧပြီလအတွင်း ဆန်တင်ပို့မှုမှာ ၂၅၆၈၆ တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန် ဒေါ်လာ သုညဒသမ ၈၆၅ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၃၅၀ ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဧပြီလတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၀၈သန်းတန်ဖိုးရှိ ဆန်ကွဲ၁၈၂၆၈တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး မတ်လတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက မတ်လက အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၈၄ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၄၆၃၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ဆန်ကွဲတင်ပို့မှု ၆၃၇၁ တန်လျော့နည်းခဲ့ပါတယ်။

ဧပြီလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှရော ပင်လယ်ရေကြောင်းကုန်သွယ်မှုမှပါ ဆန်နဲ့ဆန်ကွဲတင်ပို့မှု လျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃-၅-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၂ | ၄၀၈ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၇ | ၃၉၃ | △ | ၃၅၂ | ၃၅၀ | ▽ | ၃၉၀ | ၃၉၀ | □ | ၄၁၀ | ၄၀၀ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၆ | ၃၉၁ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၇၅ | ၃၇၅ | △ | ၃၄၃ | ၃၄၃ | □ | - | - | - | ၃၉၀ | ၃၉၀ | □ |
| ဆန်ဖြူ ၂၅% | ၃၇၂ | ၃၇၇ | △ | ၃၃၅ | ၃၃၅ | □ | ၃၇၀ | ၃၇၀ | □ | ၃၃၅ | ၃၇၀ | △ |
| ပေါင်းဆန် | ၄၀၂ | ၄၁၃ | △ | - | - | - | ၃၇၅ | ၃၇၅ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၅-၅-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | ▽ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၁၈၅၀၀ | □ | ၇၄၀၀ | △ | ၃၄၀၀၀ | △ |
| ပဲခူး | ၄၁၀၀ | □ | ၁၇၀၀၀ | △ | ၆၄၀၀ | △ | ၃၂၀၀၀ | △ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၉၅၀၀ | □ | ၃၃၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | △ | ၁၇၀၀၀ | △ | ၇၀၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၃၀၀၀ | △ | - | - | ၄၀၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၉၀၀ | ▽ | ၁၆၈၀၀ | ▽ | - | - | ၃၁၀၀၀ | △ |
| မန္တလေး | ၆၁၀၀ | △ | ၂၆၀၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | □ | ၃၂၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၃၈၀၀ | ▽ | ၂၁၀၀၀ | △ | - | - | ၃၅၀၀၀ | △ |
| ဘားအံ | ၄၀၀၀ | □ | ၁၈၅၀၀ | △ | - | - | ၃၈၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂-၅-၂၀၁၇ မှ ၅-၅-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 319 | 18,578,403.960 |
| 2 | Form D | 85 | 4,857,899.135 |
| 3 | Form E | 81 | 14,409,848.576 |
| 4 | Korea GSP | - | - |
| 5 | Form AK | 37 | 1,821,888.040 |
| 6 | Form AJ | 5 | 476,787.300 |
| 7 | Form AI | 41 | 2,486,679.123 |
| 8 | Form AANZ | 9 | 17,176.680 |
| 9 | Form DFTP | - | - |
| **Grand Total** | | **577** | **42,648,682.814** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၅-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၈/၄ | ၅/၅ | ပြောင်းလဲမှု | ၂၇/၄ | ၅/၅ | ပြောင်းလဲမှု | ၂၇/၄ | ၅/၅ | ပြောင်းလဲမှု | ၂၇/၄ | ၅/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၆၁၂ | ၁၅၄၈ | ▼ | ၁၇၁၇ | ၁၇၁၇ | ■ | ၁၆၅၀ | ၁၅၃၅ | ▼ | ၁၆၂၅ | ၁၅၁၀ | ▼ |
| ပဲစင်းငုံ | ၁၀၉၄ | ၁၀၇၀ | ▼ | - | ၁၀၀၀ | - | ၁၀၆၀ | ၉၇၅ | ▼ | ၁၀၅၀ | ၉၅၀ | ▼ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | - | ၁၈၆၇ | - | - | ၁၈၆၇ | | ၁၅၀၀ | ၁၅၀၀ | ■ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၆၀၀ | ▼ | ၁၉၅၆ | ၂၁၃၁ | ▲ | ၂၂၆၃ | - | - | ၁၉၂၀ | ၁၉၅၀ | ▲ |
| ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၃၀ | ■ | ၁၄၁၇ | ၁၄၁၇ | ■ | - | - | - | ၁၇၁၀ | ၁၇၁၀ | ■ |
| ထောပတ်ပဲ | ၉၉၀ | ၁၁၃၀ | ▲ | ၁၄၂၂ | ၁၃၈၇ | ▼ | ၁၀၅၃ | ၁၁၅၈ | ▲ | ၁၁၃၂ | ၁၁၅၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၅-၅-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၈/၄ | ၅/၅ | ပြောင်းလဲမှု | ၂၇/၄ | ၄/၅ | ပြောင်းလဲမှု | ၂၇/၄ | ၂၇/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၆၀ | ၇၀၀ | ▼ | ၈၅၈ | ၇၉၄ | ▼ | ၈၈၉ | - | |
| ပဲစင်းငုံ | ၅၃၅ | ၄၉၀ | ▼ | ၆၀၈ | ၅၇၆ | ▼ | ၆၄၀ | ၆၀၇ | ▼ |
| ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၇၁၇ | ၇၀၁ | ▼ | ၇၆၄ | - | |
| ကုလားပဲဖြူလုံးကြီး | ၁၀၂၀ | ၁၀၂၀ | ▲ | ၉၂၀ | ၈၉၅ | ▼ | ၈၉၇ | ၈၇၂ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၂၂.၄.၁၇)ထိ | (၂၉.၄.၁၇)ထိ | (၂၉.၄.၁၇) ထိ |
| မတ်ပဲ | ၁၃၂၀၄၂ | ၈၂၃ | ၁၃၂၈၆၅ |
| ပဲတီစိမ်း | ၆၄၄၄၅ | ၄၇၂ | ၆၄၉၁၇ |
| ပဲစင်းငုံ | ၈၉၄၁၉ | ၃၆၀ | ၈၉၇၇၉ |
| ကုလားပဲ | ၁၈၉၉၃ | - | ၁၈၉၉၃ |
| ပဲလွန်းဖြူ | ၉၁၀၄ | - | ၉၁၀၄ |
| မြေထောက်ပဲ | ၆၄၈၃ | ၂၄ | ၆၅၀၇ |

## ပြည်ကုလားပဲ ပြည်ပဝယ်လက်ပဲများထက်ဈေးပိုရ

ပြည်ပဲဈေးကွက်အတွင်း ကုလားပဲသီးနှံမှာ ဒေသတွင်းသာ အရောင်းအဝယ် ဖြစ်ပေမယ့် ပဲဈေးကတော့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးကောင်းရလျက်ရှိခဲ့တယ်လို့ သိရပါတယ်။ တစ်တင်းလျှင် ကျပ် ၃၈၅၀၀ ဖြင့် နေ့စဉ် ပဲအဝင်ရှိသလို ခွဲစက်သမားများလည်း ပုံမှန်ဝယ်ယူခဲ့တာကြောင့် ဈေးလျော့နည်းသွားခြင်းမရှိဘဲ ဈေးငြိမ်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပြည်အနီး တစ်ဝိုက်မြို့နယ်များအပြင် မင်းတုန်း၊ ကံမမြို့နယ်များမှလည်း ပြည်ပဲဈေးကွက်သို့ နေ့စဉ်အဝင်ရှိခဲ့ပါတယ်။ ဒါကြောင့် အိတ် ၃၀၀ မှ ၄၀၀ ကျော် နေ့စဉ်ဝင်ရောက်သလို ခွဲစက်သမားများမှလည်း အိတ် ၄၀၀ကျော် ဝယ်ယူလို့ ဝင်ရောက်လာသမျှအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ထောပတ်ပဲ ဈေးငြိမ်နေပေမယ့် ယခင်နှစ်ထက်ဈေးကောင်းရ

မေလပထမပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲအချို့ဈေးလျော့ အရောင်းအဝယ်ဖြစ်နေပြီး လက်လီပဲဈေးကွက်ထဲမှာတော့ ထောပတ်ပဲသီးနှံဟာ ဈေးငြိမ်လျက်ရှိတာကို တွေ့ရပါတယ်။ ပဲတစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် လက်လီသမား အချို့ နေ့စဉ်အဝယ်ရှိလို့ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုနှစ်တွင် ထောပတ်ပဲသီးနှံဟာ ပဲသစ်ပေါ်စ အဖွင့်ဈေးမှစ၍ ယခင်နှစ်က ပဲဟောင်းဈေးထက် ဈေးပိုလာခဲ့လို့ ယခုနှစ်တွင် ပဲဈေးကောင်းရခဲ့ပါတယ်။ ယခင်နှစ်မေလက ပဲထောပတ်သီးနှံ၏ ဈေးနှုန်းမှာ တစ်တင်းကျပ်၁၅၀၀၀ခန့်သာ ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ဧပြီလတွင် နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပြည်ပဲမျိုးစုံ ဈေးကွက်၏ ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ



ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်တွင် အဓိက အရောင်းအဝယ်ဖြစ်ခဲ့သောပဲများ၏ဈေးနှုန်းများကို လေ့လာရာမှာ နှစ်စဉ်ဧပြီလ၌ သုံးနှစ်ဆက်တိုက် ပေါ်ပေါက်ခဲ့သော ဈေးနှုန်းများအရ မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ ၂၀၁၆ ခုနှစ် အတွင်း ဈေးကောင်းရခဲ့ပြီး ကုလားပဲ၊ ပဲကြီး၊ ပဲပုပ်သီးနှံများမှာ တစ်နှစ်ထက်တစ်နှစ်ဈေးပိုရလာခဲ့တာကို ဖော်ပြပါ ဇယား အရ လေ့လာသိရှိရပါတယ်။

မတ်ပဲသီးနှံမှာ ၂၀၁၅ခုနှစ်ဧပြီလအတွင်း တစ်တင်း ကျပ်၃၀၅၀၀ကျပ်မှ၃၇၅၀၀ကျပ်ထိရရှိခဲ့တဲ့အတွက် ပဲဈေးကွက်မှာ ပြည်တွင်းရောပြည်ပ ဝယ်လက်ရှိတဲ့ပဲများထဲမှာ ဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၆ ဧပြီတွင် ယခင်နှစ်ကထက် ဈေးကောင်းပိုရလာလို့ တစ်တင်း ကျပ် ၄၉၃၀၀ မှ ကျပ် ၅၅၅၀၀ ကျပ်ထိရရှိခဲ့ကာ ယင်းနှစ်မှာလည်း ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးဆက်လက်ရှိခဲ့ပါတယ်။ ၂၀၁၇ခုနှစ်မှာတော့ ပြည်ပဝယ်လိုအားရှိသော ပဲများအားလုံးလိုလို ဈေးအေးခဲ့ကြတာကြောင့် မတ်ပဲဈေးမှာလည်း ယခင်နှစ်ကထက်ဈေးသိသိသာသာ လျော့ကျခဲ့ကာ တစ်တင်းကျပ် ၃၅၁၀၀ မှ ကျပ် ၃၈၅၀၀ အထိသာရရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းဝယ်လက်ပဲအချို့ထက်ပင် ဈေးလျော့နည်းနေခဲ့တာကိုလည်းတွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ သကြ်န်ကာလမှစ၍ ပဲဝင်ရောက်မှုမရှိတော့ဘဲ ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်သလောက် ရှိခဲ့ပါတယ်။ ယင်းပဲမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများလို တစ်နှစ်တာလုံး ရောင်းဝယ်မှုမဖြစ်ဘဲ ပဲထွက်ပေါ်ချိန်ကာလများ တွင်သာ အဓိကထား အရောင်းအဝယ်ဖြစ်ပြီး မန္တလေးဝယ်လက်မှ ဝယ်ယူတာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ မတ်ပဲသီးနှံကဲ့သို့ပင် ၂၀၁၆ ခုနှစ်တွင်သာ အခြားနှစ်များနှင့်ယှဉ်လျှင် ဈေးပိုရခဲ့ပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ ရှေ့ကနှစ်များထက် ဈေးလျော့နည်းနေခဲ့လို့ မတ်ပဲသီးနှံထက်လည်း ဈေးလျော့နေခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်က ယင်းပဲနှစ်မျိုးစလုံးမှာ ဈေးပြိုင်ရခဲ့တာကြောင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် တစ်တင်း ကျပ် ၃၀၄၀၀ မှ ကျပ် ၃၅၀၀၀၊ ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ကျပ် ၄၆၈၀၀ မှ ကျပ် ၄၉၀၀၀ ထိရရှိခဲ့ကြပါတယ်။ ယခုကာလများတွင် ပဲစင်းငုံသီးနှံမှာ လက်ကျန်ပဲလောက်သာရှိခဲ့လို့ ရန်ကုန်ဝယ်လက်အဝယ်ရှိပေမယ့် နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံမှာ ၂၀၁၅ ခုနှစ်အတွင်း ဈေးကွက်ဈေးအနိမ့်ဆုံးရခဲ့ပေမယ့် ၂၀၁၆ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ပဲဈေးများ သိသိသာသာမြင့်တက်လာခဲ့လို့ ပြည်ပဝယ်လက်ပဲများကဲ့သို့ပင် ဈေးကောင်းခဲ့ကာ ၂၀၁၇ခုနှစ်မှာ တချို့လများတွင် ပြည်ပဝယ်လက်မတ်ပဲ သီးနှံထက်ပင် ဈေးပိုရခဲ့တယ်လို့သိရပြီး ယခုနှစ်အတွင်း အခြားပဲများ ဈေးအေးနေသလို အကျဈေးဘက်ကို ဦးတည်နေပေမယ့် ကုလားပဲသီးနှံကတော့ ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ဈေးကောင်းရခဲ့ပါတယ်။ ကုလားပဲသီးနှံဝယ်လိုအားအနေဖြင့် ဒေသတွင်း ပဲခွဲစက်သမားများနဲ့ အဓိကထား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံကလည်း ၂၀၁၅ နှင့် ၂၀၁၆ခုနှစ်တွင် ဈေးအပြောင်းအလဲ ကွာခြားမှု သိသိသာသာ မဖြစ်ပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ ဈေးကောင်းရလာပြီဖြစ်လို့ တစ်တင်းကျပ်သုံးသောင်းအထက်လေးသောင်းနီးပါးထိ ရရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်တွင် ကုလားပဲသီးနှံထက် ပဲကြီးသီးနှံမှာ ဈေးပိုနေပြီး ၂၀၁၆ခုနှစ်တွင် ကုလားပဲသီးနှံဈေးမြင့်တက်ခဲ့တာကြောင့် ပဲကြီးသီးနှံက ယခင်နှစ်ထက် ဈေးလျော့မသွားပေမယ့် ကုလားပဲသီးနှံထက် ဈေးလျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ ကုလားပဲသီးနှံဈေးကို အမီလိုက်လာတာတွေ့ရပြီး (ရွှေကျွန်း)တစ်တင်းကို ကျပ် ၃၇၀၀၀ မှ ကျပ် ၄၀၀၀၀၊ (ကမ်းနား) တစ်တင်းကိုကျပ် ၃၅၀၀၀ မှ ကျပ် ၃၈၀၀၀အထိ ဈေးကောင်းရလာခဲ့ပါတယ်။

ပဲပုပ်သီးနှံဈေးကတော့ အခြားပဲများကဲ့သို့ ဈေးအတက်အကျသိပ်မမြန်သလို ထူးထူးခြားခြားဈေးမြင့်တက်ခြင်းမျိုး မဟုတ်တာကြောင့် ၂၀၁၅ ခုနှစ်တွင် တစ်တင်းကျပ်၁၆၀၀၀၊ ၂၀၁၆ ခုနှစ်တွင် ဈေးပိုရလာလို့ တစ်တင်းကျပ် ၂၀၀၀၀ မှ ကျပ်၃၀၀၀၀၊၂၀၁၇ခုနှစ်တွင် တစ်တင်းကျပ် ၂၄၅၀၀ မှကျပ် ၂၆၅၀၀ဖြင့် တစ်နှစ်ထက်တစ်နှစ်ဈေးအနည်းငယ်စီ ပိုရလာတာကို တွေ့ရပါတယ်။ ယခုနှစ်အတွင်းမှာ ပဲကြီး၊ ကုလားပဲ သီးနှံများ ဈေးကောင်းရနေသော်လည်း ပဲပုပ်သီးနှံမှာကျပ်သုံးသောင်းအောက်သာရရှိနေသလို ဝယ်ယူမှုပမာဏမှာလည်း လက်ကျန်ပဲအချို့အား လက်လီသမားများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲပုပ်သီးနှံကလည်း ပဲကြီး၊ ကုလားပဲသီးနှံများကဲ့သို့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲသီးနှံမဟုတ်ဘဲ ပဲထွက်ပေါ်ချိန် အထွက်လှိုင်ချိန်များတွင်သာ အရောင်းအဝယ်သွက်ခဲ့သော ပဲသီးနှံဖြစ်ကြောင်း လေ့လာ သိရှိရပါတယ်။ **ခင်ဆွေဝင်း**

ရေတွက်ပုံ တင်း/ကျပ်

| ပဲအမျိုးအစား | ၂၀၁၅ ဧပြီလ | | ၂၀၁၆ ဧပြီလ | | ၂၀၁၇ ဧပြီလ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၃၀၅၀၀ | ၃၇၅၀၀ | ၄၉၃၀၀ | ၅၅၅၀၀ | ၃၅၁၀၀ | ၃၈၅၀၀ |
| ပဲစင်းငုံ | ၃၀၄၀၀ | ၃၅၀၀၀ | ၄၆၈၀၀ | ၄၉၀၀၀ | ၂၁၀၀၀ | ၂၂၂၀၀ |
| ကုလားပဲ | ၁၇၆၀၀ | ၂၂၅၀၀ | ၃၂၇၀၀ | ၃၉၅၀၀ | ၃၆၂၀၀ | ၃၈၅၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၂၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၂၉၀၀၀ | ၃၇၀၀၀ | ၄၀၀၀၀ |
| ပဲကြီး(ကမ်းနား) | ၂၀၀၀၀ | ၂၂၀၀၀ | ၂၂၅၀၀ | ၂၆၀၀၀ | ၃၅၀၀၀ | ၃၈၀၀၀ |
| ပဲပုပ် | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၅၀၀ | ၂၆၅၀၀ |

## ပြည်မတ်ပဲဈေး တရိပ်ရိပ်ကျဆင်းလျက်ရှိ

မေလဆန်းအတွင်း ပြည်ပဲဈေးကွက်သို့ မတ်ပဲသီးနှံများ အဝင်ဆက်ရှိနေတာကြောင့် ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ တစ်ရက်လျှင်အိတ် ၄၀၀ မှ ၅၀၀ ကျော် ပုံမှန်ဝင်ရောက်လျက်ရှိတာကို တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်မှ ပြည်ပဝယ်လိုအားအပေါ် မူတည်၍ အဝယ်ရှိကြပြီး အိတ် ၄၀၀ ကျော် ၅၀၀ နေ့စဉ် ဝယ်ယူလျက်ရှိပါတယ်။ ပဲဈေးနှုန်းကတော့ သကြ်န်ပြီး ကာလမှစ၍ တဖြည်းဖြည်း လျော့နည်းကျဆင်းလာတာကြောင့် ယခုတစ်ပတ်မှာလည်း ဈေးဆက်ကျခဲ့ကာ တစ်တင်းကျပ် ၃၀၀၀၀ ခန့်သာ ရရှိခဲ့ပါတယ်။ ယခင်ဧပြီလကုန်က တစ်တင်းကျပ် ၃၃၅၀၀ ရရှိခဲ့လို့ ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၃၅၀၀ ခန့် ထပ်မံ ကျဆင်းသွားခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

Vol: 17, No.17 Monday May 8 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၄ . ၅ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | -TUG:HTOO NO(1) | အလုပ်မလုပ် |
| ထီးတန်းဆိပ်ကမ်း(၂) | -CAPE FLORES | ကုန်သေတ္တာ ၄၂၀ လုံးကုန်ချဆဲ၊ |
| | | ကုန်သေတ္တာ ၄၉၀ လုံးကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၃) | -MAERSK ABERDEEN | ကုန်သေတ္တာ ၆၀၀ လုံးကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၄) | -MCC MERGUI | ကုန်သေတ္တာ ဂဂ လုံးကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၃) | -TOMINI AMITY | ဆန်တန်ချိန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | -BLUE ANGEL | ဆန်တန်ချိန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | -DYNAMIC OCEAN-27 | စတီးချောင်း တန် ၄၅၀၀ ကုန်ချဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၃) | -KENG TUNG | ကုန်သေတ္တာ ၂၀၀ လုံးကုန်တင်ဆဲ |
| Myanmat International Integrated Port Ltd | -DENSA DOLPHIN | စတီးတန် ၃၃၀၀၀ ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၁) | -SAM GIORGIO | ကုန်သေတ္တာ ၃၅၈ လုံး ကုန်ချဆဲ၊ |
| | | ကုန်သေတ္တာ ၅၄၅ လုံး ကုန်တင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၂) | -KOTA HARTA | ကုန်သေတ္တာ ၂၀ဂ လုံး ကုန်ချဆဲ |
| | | ကုန်သေတ္တာ ၁၃၄ လုံး ကုန်တင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | -CASAVANCA | စတီးပစ္စည်းနှင့် ဘိလပ်မြေတန် ၃၀၀၀၀ ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | -DA ZHONG | စက်ပစ္စည်း ၂၁၃၀ တန် ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BARGE NO 101 TASU | - | SITTWE- | ၅ ၊ ၅ ၊ ၂၀၁၇ |
| BLUE SKY | ကုန်သေတ္တာ ၁ဂ လုံး ကုန်တင်ရန် | MYEIK | ၅ ၊ ၅ ၊ ၂၀၁၇ |
| HUA YU -1 | Steel ၁၅ဂ၇ဂ တန်ကုန်ချရန် | | ၅ ၊ ၅ ၊ ၂၀၁၇ |
| LAKE GENEVA | စက်ပစ္စည်း ၂၀၀ တန်ကုန်ချရန် | | ၅ ၊ ၅ ၊ ၂၀၁၇ |
| PRIMA DORA | ရေနံ ၂၀၀ တန်ကုန်ချရန် | | ၅ ၊ ၅ ၊ ၂၀၁၇ |
| TETON | Steel ၁၅ဂ၇ဂ တန်ကုန်ချရန် | | ၆ ၊ ၅ ၊ ၂၀၁၇ |
| GLOBAL AQUARIUS | Steel Plate ၄၀၀၁ တန်ကုန်ချရန် | | ၇ ၊ ၅ ၊ ၂၀၁၇ |
| ASIAN LEADER | စက်ပစ္စည်း ၂၂၅ တန်ကုန်ချရန် | | ၇ ၊ ၅ ၊ ၂၀၁၇ |
| GHT ASTRO | Bus ကား ၁၀၀ တန်ကုန်ချရန် | | ၇ ၊ ၅ ၊ ၂၀၁၇ |
| HAI DUONG-01 | သကြား ၆ဂ၀၀ တန်ကုန်ချရန် | | ၇ ၊ ၅ ၊ ၂၀၁၇ |
| BTRUONG PHAT-01 AL CI | Steel ၂၉ဂဂ တန်ကုန်ချရန် | | ၇ ၊ ၅ ၊ ၂၀၁၇ |
| MORNING MARGARETA | စက်ပစ္စည်း ၃၀၀ တန်ကုန်ချရန် | | ဂ ၊ ၅ ၊ ၂၀၁၇ |
| INFINITY-V | Steel ၃၀၀၀၀ တန်ကုန်ချရန် | | ဂ ၊ ၅ ၊ ၂၀၁၇ |
| LEO STAR 1 | ဆန် ၂၀၅၀၀ တန်ကုန်တင်ရန် | | ဂ ၊ ၅ ၊ ၂၀၁၇ |
| LE MARS EXPRESS | စက်ပစ္စည်း ၉၃၃ တန်ကုန်ချရန် | | ၉ ၊ ၅ ၊ ၂၀၁၇ |
| VIKING AMBER | စက်ပစ္စည်း ဂ၉၆ တန်ကုန်ချရန် | | ၁၀ ၊ ၅ ၊ ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၅ ၊ ၅ ၊ ၂၀၁၇ |
| ANDAMAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၅ ၊ ၅ ၊ ၂၀၁၇ |
| EVER ABLE | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၅ ၊ ၅ ၊ ၂၀၁၇ |
| SANTOSA STAR | SINGAPORE | ဗိုလ်အောင်ကျော် | ၆ ၊ ၅ ၊ ၂၀၁၇ |
| RATANA THIDA | SINGAPORE | သီလဝါ၊ စက်မှုဆိပ်ကမ်း | ၆ ၊ ၅ ၊ ၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ် | ၇ ၊ ၅ ၊ ၂၀၁၇ |
| XETHA BHUM | SINGAPORE | သီလဝါ၊ စက်မှုဆိပ်ကမ်း | ၇ ၊ ၅ ၊ ၂၀၁၇ |
| MERATUS GORONTALO | SINGAPORE | အေးရှားဝေါလ် | ၇ ၊ ၅ ၊ ၂၀၁၇ |
| ARCA | SINGAPORE | သီလဝါဆိပ်ကမ်း | ၇ ၊ ၅ ၊ ၂၀၁၇ |
| TYGRA | SINGAPORE | သီလဝါ၊ စက်မှုဆိပ်ကမ်း | ၇ ၊ ၅ ၊ ၂၀၁၇ |
| DAWEI | MALAYSIA | ဗိုလ်အောင်ကျော် | ၇ ၊ ၅ ၊ ၂၀၁၇ |
| FSL SANTOS | SINGAPORE | အေးရှားဝေါလ် | ၉ ၊ ၅ ၊ ၂၀၁၇ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ် | ၉ ၊ ၅ ၊ ၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY MARLIN | ဓာတ်ငွေ့ရည် | - | ၅ ၊ ၅ ၊ ၂၀၁၇ |
| MT.SHWE PYI THA | - | - | ၅ ၊ ၅ ၊ ၂၀၁၇ |
| MT.GAEA | ဒီဇယ် | - | ၅ ၊ ၅ ၊ ၂၀၁၇ |
| MT.GLORY STAR | ဒီဇယ် | - | ၅ ၊ ၅ ၊ ၂၀၁၇ |
| MT.OCEAN GULL | ဒီဇယ် | - | ၅ ၊ ၅ ၊ ၂၀၁၇ |
| MT.YURU | ဒီဇယ် | - | ၅ ၊ ၅ ၊ ၂၀၁၇ |
| MT.CHAO ANOMA | စားအုန်းဆီ | - | ၅ ၊ ၅ ၊ ၂၀၁၇ |
| MT. DONG AIRIS | ဒီဇယ် | - | ၇ ၊ ၅ ၊ ၂၀၁၇ |
| MT.INTAN GLORY | ဒီဇယ် | - | ၇ ၊ ၅ ၊ ၂၀၁၇ |
| MT.HE XIE HAD | ဒီဇယ် | - | ၇ ၊ ၅ ၊ ၂၀၁၇ |
| MT.PRIMROSE | စားအုန်းဆီ | - | ဂ ၊ ၅ ၊ ၂၀၁၇ |
| MT.HESON | စားအုန်းဆီ | - | ဂ ၊ ၅ ၊ ၂၀၁၇ |
| MT.AULAC VENUS | ဒီဇယ် | - | ဂ ၊ ၅ ၊ ၂၀၁၇ |

## ပြည်စားတော်ပဲသီးနံ့ ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်ရဲ့ လက်လီပဲဈေးကွက်ထဲမှာရော လက်ကားပဲဈေးကွက်မှာပါ ဈေးကောင်းရနေတဲ့ ပဲသီးနံ့ကတော့ စားတော်ပဲသီးနံ့ဖြစ်ပါတယ်။ စားတော်ပဲသီးနံ့ဟာဆိုလျှင် လက်လီသမားများသာ အဓိကအရောင်းအဝယ်ဖြစ်ပေမယ့် နှစ်စဉ်ဈေးကောင်းရလျက်ရှိတာကြောင့် တချို့နှစ်တွေဆိုလျှင် ပြည်ပဝယ်လိုအားကောင်းတဲ့ ပဲများထက်ပင် ဈေးကောင်းခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က တစ်တင်းကျပ် ၃၉၀၀၀ ဈေးရခဲ့သလို ယခုနှစ်မှာလည်း တစ်တင်း ကျပ် ၃၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိတာကြောင့် ဈေးကွာခြားမှုမရှိဘဲ ယခင်နှစ်ဈေးနှင့် ယခုနှစ် ဈေးတူရခဲ့ပြီး ဈေးငြိမ်လျက်ရှိကာ မတ်ပဲ၊ ပဲစင်းငုံစတဲ့ အရောင်းအဝယ်လိုက်တဲ့ပဲများထက် ဈေးကောင်းရနေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## အင်းတော်မန်ကျည်းသီးမှည့်ကို နယ်လှည့်ကုန်သည်များကဝယ်ယူ

အင်းတော်မြို့နယ်မှာ မန်ကျည်းသီးမှည့်အခွံချွတ်တစ်ပိဿာကို ငါးရာကျပ်နဲ့ နယ်လှည့်ကုန်သည်များက တစ်ရွာဝင်တစ်ရွာထွက် ဝယ်ယူနေတာတွေ့ရပါတယ်။ ဧပြီလနဲ့ မေလမှာ မန်ကျည်းသီးမှည့် ကုန်သည်များပုံမှန်ဝယ်နေကြဖြစ်လို့ ဒေသတွင်းလျှောင်လက်များ ရှိလာတယ်လို့ ကုန်သည်များထံမှ သိရပါတယ်။

မန်ကျည်းသီးကို ဥယျာဉ်ခြံများနဲ့ စိုက်ပျိုးမှုမရှိလို့ တစ်ရွာဝင်တစ်ရွာထွက် ဝယ်ရတာဖြစ်ပါတယ်။ မနှစ်ကလည်း ဝယ်ပါတယ်။ အဝယ်များတဲ့ရွာဆို ကြိုတင်ငွေ ပေးပြီး စုဆောင်းခိုင်းထားတာလည်း ရှိပါတယ်။ မန္တလေးပွဲရုံကိုသွင်းပါတယ်။ မန္တလေးမှတစ်ဆင့် တရုတ်ကို တင်ပို့နေတယ်လို့ သိရပါတယ်။ မန်ကျည်းသီးမှည့် ကို အိမ်ရှင်ကခူးဆွတ်ပြီး အခွံချွတ်ပေးရပါတယ်။ အပင်ကြီးတစ်ပင်ကို ပိဿာချိန် ၂၀ နဲ့ ၃၀ ကြားရပါတယ်။

တစ်ပိဿာကိုကျပ် ငါးရာဈေးပေးဝယ်လို့ မန်ကျည်းသီးစိုက်မိသားစုများ ဝင်ငွေရကြပါတယ်။ ဒီမြို့နယ်မှာ မနှစ်ကပိဿာချိန် နှစ်ထောင်ကျော်ရပါတယ်။ အခုလည်း အချိန်ငါးရာကျော် ဝယ်ပြီးပါပြီ။ တခြားမြို့နယ်များမှာလည်း သွားဝယ်မှာပါလို့ မန်ကျည်းမှည့်ကုန်သည်ထံမှ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

## ဝယ်လက် အဝယ်လိုက်သဖြင့် ပြည်မြေပဲဆန်ဈေးကွက် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်သို့ မြေပဲဆန်အိတ်များကို မင်းတုန်း၊ ကံမနှင့် ရခိုင် ပြည်နယ်ဘက်မှ တစ်နေ့လျှင် အိတ် ၉၀၀ ခန့် ဝင်ရောက်လျက်ရှိပါတယ်။ ရန်ကုန်၊ မန္တလေး ဝယ်လက်များက ဝယ်ယူသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။

မိုးမြေပဲစိုက်ပျိုးချိန် ဖြစ်ပေမယ့်လည်း ဈေးကွက်သို့ မြေပဲဆန်အိတ်များ တဖွဲဖွဲ ဝင်ရောက်လျက်ရှိနေပါတယ်။ လုံးဆန်(အဖြူ) ကို ရန်ကုန် ၊ မန္တလေး ဝယ်လက်များက ဝယ်ယူခြင်း၊ လုံးဆန်(အနီ)ကို ပဲလှော်သမားများက ဝယ်ယူခြင်း၊ ဆီဆန်ကို ဆီစက်များက ဝယ်ယူခြင်းတို့ကြောင့် ဈေးကွက်တွင် အရောင်းအဝယ် ဖြစ်နေတာတွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်ဆန် တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ လုံးဆန် (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၆၅၀၊ လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၄၅၀ဖြင့် တစ်နေ့လျှင် အိတ် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## သီတင်းနှစ်ပတ်အတွင်း နနွင်းတန်ချိန် ၂၀၀ နီးပါးတင်ပို့

ဧပြီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း နနွင်း(ရှမ်းစ) ၁၉တန်ကို အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ လည်းကောင်း၊ နနွင်း(ရှမ်းစ-အသစ်) ၁၅ ဒသမ ၉၉၅ တန်ကို ယီမင်နိုင်ငံသို့လည်းကောင်း ၊ဧပြီလ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်းနနွင်း တန်ချိန် ၁၅၀ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ သီတင်းနှစ်ပတ်အတွင်း စုစုပေါင်း နနွင်းတန်ချိန် ၁၈၄ ဒသမ ၉၉၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ သီတင်းနှစ်ပတ် အတွင်းနနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၇၃၆၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## မန်ကျည်းတန်ချိန် ၂၀၀ နီးပါးတင်ပို့

ဧပြီလ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၈၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပြီး ဧပြီလ ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်းမှာတော့ မန်ကျည်းတင်ပို့ခြင်း မရှိခဲ့ဘူးလို့ သိရပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ ဗီယက်နမ်နိုင်ငံသို့ မန်ကျည်း ၅၈ တန်၊ မလေးရှားနိုင်ငံသို့ ၇၅ တန် နဲ့ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၃၉၀၀ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း(DOT)**

## ကသာခရိုင်တွင် ဆောင်းမြေပဲပေါ်ချိန် ဈေးကောင်းရ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်မှာ ၂၀၁၆-၂၀၁၇ ခုနှစ် ဆောင်းမြေပဲစိုက်ဧက ၄၅၀၀၀ ကျော် စိုက်ပျိုးပါတယ်။ ဧပြီနဲ့မေမှာ မြေပဲနုတ်သိမ်းကြပြီဖြစ်လို့ မြေပဲဆန်များ မန္တလေးဈေးကွက်သို့ တင်ပို့နေတာ တွေ့ရပါတယ်။ ဒီနှစ်မှာ ဆောင်းမြေပဲတစ်ဧကကို တင်း ၈၀ နဲ့ ၁၀၀ ကြား ထွက်ရှိတဲ့အတွက် အထွက်ကောင်းပါတယ်။ တစ်ဧကကုန်ကျစရိတ်ကျပ် ၂၈၀၀၀၀ ကျော်ရှိပြီး အတောင့်တစ်တင်း ကျပ် ၁၂၀၀၀ ဈေးရှိလို့ တစ်ဧကကို ကျပ်ငါးသိန်းကျော် အကျိုးအမြတ်ရပါတယ်။ မိုးမမှန်တဲ့အတွက် ရေသွင်းစိုက်ရပေမယ့် မြေပဲပေါ်ချိန် ဈေးကောင်းရလို့ အရှုံးမရှိဘူးလို့ တောင်သူများထံမှ သိရပါတယ်။

ကသာခရိုင်ထွက် မြေပဲဆန်က အလုံးအဆန်လှပြီး ဆီထွက်ကောင်းလို့ ဆီစက်လုပ်ငန်းရှင်များ အကြိုက်တွေ့တဲ့အပြင် မြေပဲဆားလှော်လုပ်ငန်း၊ မြေပဲယိုလုပ်ငန်းများမှာပါ အသုံးများတယ်။ တစ်ခရိုင်လုံးအနေနဲ့ တင်းပေါင်းသိန်း ၄၀ ကျော်ထွက်ရှိပါတယ်။ ခရိုင်အတွင်း ဆီစက်လုပ်ငန်းရှင်များနဲ့ အခြားအသုံးပြုမှု ၅၀ ရာခိုင်နှုန်းသာ ရှိနိုင်ပါတယ်။ မြေပဲဆီ တစ်ပိဿာ ငါးထောင်ဈေးသာရှိလို့ ဆီစက်လုပ်ငန်းရှင်များက ကျဈေးစောင့်ကာ ဝယ်ယူမှုမရှိပေမယ့် မန္တလေးပွဲရုံများသို့ တင်ပို့လျက်ရှိပါတယ်။ မန္တလေးပွဲရုံများက အလုံးအဆန်လှပါက တစ်ပိဿာ ကျပ် ၂၄၀၀ အထိပေးလို့ ပိုမိုတင်ပို့နိုင်တယ်လို့ ဆီစက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးထံမှ သိရပါတယ်။

**ကြည်နိုင်ဦး/အင်းတော်**

## ကြက်သွန်နီ

### စခန်းစုံမှ ကြက်သွန်နီ တင်ပို့

ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈၈ သန်း တန်ဖိုးရှိကြက်သွန်နီ ၂၀၆၄ တန်ကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၇၅၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၁၀၀ နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၅၉၀၀တန်ဖိုးရှိ ကြက်သွန်နီ ၃၆ တန်ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီး တင်ပို့ခဲ့ကြပါတယ်။ မတ်လအတွင်း မူဆယ်မှ ကြက်သွန်နီတန်ချိန် ၅၀၀၀ ခန့်၊တာချီလိတ်မှ တန်၃၀၀ နဲ့ မြဝတီမှ တန် ၅၀ နီးပါးကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့ ကြတယ်လို့သိရပါတယ်။

**မော်မော်အောင်**

### မေလဆန်းမှာ မုံရွာကြက်သွန်နီဈေးကွက် ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာ(ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီဈေးကွက်မှာ ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း သိရပါတယ်။ ပွဲရုံသို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ နေ့စဉ် ပိဿာချိန် နှစ်သောင်းကျော် အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိပြီး အရောင်းအဝယ် ပုံမှန်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မုံရွာပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာရဲ့ လက်ကား ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၅၀၊ (သေး) ကျပ် ၇၀၀ နှုန်းရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ(ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး)ကျပ် ၈၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်တစ်ပတ်က လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၅၀ နှုန်းရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ၈၅၀၊(လတ်) ၈၀၀၊(သေး) ၇၅၀ နှုန်းရှိပြီး ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်ကာ အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ ကြက်သွန်ဖြူဈေးကွက် တွင် မုံရွာပွဲရုံသို့ ကြက်သွန်ဖြူ ပိဿာ ၂၀၀၀ ခန့် အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ၃၀၀၀ နှုန်း၊ လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ)ကျပ် ၅၀၀၀၊ (ရှမ်း) ၃၅၀၀ နှုန်းရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် အနည်းငယ် မြင့်တက်ကာ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**



### ပြည်ကြက်သွန်နီ အဝင်များပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် ပြည်မြို့ ကြက်သွန်နီဈေးကွက်အတွင်းသို့ ပြည်ဒေသတစ်ဝိုက်ရှိ မော်ဇာ၊ မုဋ္ဌော၊ တောင်လုံးညို၊ ကုန်းရိုးဘက်မှ ရေစိုမိုးမိ ကြက်သွန်နီများ ဝင်ရောက်မှုရှိသလို အရည်အသွေးကောင်းတဲ့ ကြက်သွန်နီများလည်း ဝင်ရောက်နေကြောင်း သိရပါတယ်။ ပြည်ဒေသထွက် အရည်အသွေးကောင်း ကြက်သွန်နီမှာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှ ဝင်ရောက်ခဲ့တဲ့ ကြက်သွန်နီများနည်းတူ ဈေးကောင်းရရှိပြီး အရည်အသွေးနိမ့် ရေစိုမိုးမိ ကြက်သွန်နီများမှာ ပွဲရုံလက္ကားဈေး ကျပ်၄၅၀-၅၀၀ ဖြင့် အနိမ့်ဈေးသာရရှိကြောင်း သိရပါတယ်။ ရေနစ်မြုပ်တဲ့ စိုက်ခင်းပိုင်ရှင် တောင်သူအချို့မှာ နီးစပ်ရာ လက်လီဈေးကလေးများသို့ ကိုယ်တိုင်သွားရောက်ကာ အနိမ့်ဈေး တစ်ပိဿာလျှင် ကျပ် ၅၅၀-၆၀၀ ဈေးဖြင့် ရောင်းချလျက်ရှိပါတယ်။

ပြည်ပွဲရုံများသို့ နယ်စုံမှ ကြက်သွန်နီများ နေ့စဉ်ပိဿာချိန် ၂၅၀၀၀ ခန့် ဝင်ရောက်နေပေမယ့် ပုံမှန်သာ ရောင်းဝယ်နေကြောင်း သိရပါတယ်။ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်းဝယ်လက်သမားများနဲ့ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ပိဿာ ၃၀ ဝင် အိတ် ၆၅၀ ခန့် အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ လက်ကား (အကြီး/အလတ် )ကျပ် ၈၀၀ -၉၀၀-၉၅၀ ဈေးရှိပြီး လက်လီဈေးမှာ တစ်ပိဿာ (အကြီး/အလတ်) ကျပ် ၁၀၀၀ -၁၁၀၀-၁၂၀၀ ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်နှစ် ၂၀၁၆ မေ ပထမပတ်က (အလတ်စ) လက်ကား/လက်လီဈေးနှုန်း ကျပ် ၄၅၀-၆၀၀ နှုန်းရှိတဲ့အတွက် ယခုအခြေအနေနဲ့ နှိုင်းယှဉ်ပါက ကြက်သွန်နီဈေးကောင်းရနေတဲ့ အချိန်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ချင်း

### မူဆယ်မှချင်းခြောက်တင်ပို့ပြီး မောင်တောမှ ချင်းစိုတင်ပို့

ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၀၂၁၂ တန်ဖိုးရှိ ချင်းခြောက် ၁၆ တန်ကျော်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၈၀ တန်ဖိုးရှိ ချင်းစို လေးတန်ခွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။ဧပြီလတစ်လလုံးမှာတော့ မူဆယ်မှ ချင်းခြောက် ၂၅ တန်၊ မောင်တောမှချင်းစိုတန် ၆၀နဲ့ စစ်တွေမှ ချင်းစို ၁၅ တန်ကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့ကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ချင်းဈေးကွက်ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင် ၁၅ အိတ်ခန့် အဝင်ရှိပြီး ယခင်တစ်ပတ်ကထက် ပိုမိုဝင် ရောက်လာပါတယ်။ ယခင်နှစ်ကာလတူအချိန်ထက်လည်း ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ဈေးနှုန်းအားဖြင့် ချင်းတစ်ပိဿာ(ရှယ်) ကျပ် ၈၀၀မှကျပ်၁၀၀၀၊ (ဂွန်) ကျပ် ၅၀၀ မှ ကျပ် ၇၀၀ နဲ့ ဈေးအပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေးနေကြောင်း ဈေးကွက်မှသိရပါတယ်။

ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၁၅၀ခန့် အရောင်းအဝယ်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၁၅၀ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ရှမ်းချင်းပြည်ပတင်ပို့ရန် ဝယ်ယူမှုခေတ္တနား

ရှမ်းချင်းကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းသုံးအတွက် ဝယ်ယူနေပေမယ့် ပြည်ပတင်ပို့ဖို့အတွက် အဝယ်ခေတ္တရပ်နေတယ်လို့လည်း သိရပါတယ်။ မေလမှာပြန်ဝယ်မယ်လို့ ဖြိုးကျော်ကုမ္ပဏီရဲ့ တာဝန်ရှိသူတစ်ဦးထံမှ ယခင်တစ်ပတ်က သိရှိရပေမယ့် အခုလောလောဆယ်တော့ မဝယ်ဖြစ်သေးဘူးလို့လည်း သိရပါတယ်။ ချင်းသစ်တွေကိုလည်း ပြန်ပြီးစိုက်နေကြပါပြီ။ မိုးကျမယ့်အချိန် ဇွန်၊ ဇူလိုင်လပိုင်းမှာတော့ ချင်း(ဥမ) တွေဈေးကွက်ကို ဝင်လာတော့မှာဖြစ်ပါတယ်။ ဒီနှစ်ထွက်ချင်းတွေလည်း ပြည်တွင်း/ ပြည်ပဝယ်လက်တွေကြောင့် ရောင်းအားကလည်းကောင်းနေတယ်လို့ သိရပါတယ်။ ဟိုပုံးချင်းတွေကတော့ အထွက်လည်းနည်းပြီး ပေါ်ကာစမှာ အရောင်းအဝယ်အေးခဲ့တော့ ပြုတ် (ခြောက်)အဖြစ်သာပြုလုပ်ခဲ့ရတယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်း(စို) တစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၂၀၀ မှ အမြင့်ဆုံး ကျပ် ၅၀၀ ဈေးရှိပြီး၊ ချင်းခြောက်ကကျပ် ၁၂၀၀ ဈေးရှိပါတယ်။ ဟိုပုံးချင်းကတော့ တစ်ပိဿာကို ကျပ် ၄၀၀ မှ ကျပ် ၄၅၀ ဈေးရှိတယ်လို့သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## ကြက်သွန်ဖြူ

### ရှမ်းကြက်သွန်ဖြူကို ပြည်တွင်းပြည်ပဈေးကွက်အတွက် အဝယ်လိုက်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးဈေးကွက်မှာ ရှမ်းကြက်သွန်ဖြူတွေ အဝင်လှိုင်လာပါတယ်။ နယ်အစုံကထွက်လာပြီဖြစ်လို့ ဈေးကွက်မှာတစ်ပတ်ကို ပိဿာချိန်ထောင်နှင့်ချီပြီး ဝင်ရောက်မှုရှိနေပါတယ်။ လှောင်လက်တွေကလည်း ဝယ်ယူပြီး လှောင်နေသလို၊ ပြည်တွင်းစားသုံးမှုအတွက်ပါ ရန်ကုန်ဝယ်လက် များမှ ဝယ်ယူခြင်း၊ ထိုင်းနိုင်ငံသို့ တင်ပို့ရန်အတွက် ကျိုင်းတုံ၊ တာချီလိတ်မြို့မှ ဝယ်လက်များက ဝယ်ယူနေခြင်းတို့ကြောင့် အရောင်းအဝယ်မှာလည်း သွက်နေတယ်လို့သိရပါတယ်။ ဒီနှစ်က ကြက်သွန်ဖြူအထွက်မှာလည်း ပုံမှန်အတိုင်းသာရှိတာကြောင့် တဖြည်းဖြည်းဈေးတက်လာနိုင်တယ်လို့ ခန့်မှန်းကြပြီး ဝယ်လက်တွေကဝယ်လှောင်နေကြတယ်လို့လည်း သိရပါတယ်။ အရင်နှစ်တွေကတော့ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်ကထွက်တဲ့ ခရမ်းစွဲကြက်သွန်ဖြူတွေကိုသာ ထိုင်းနိုင်ငံက အဝယ်ရှိပေမယ့် မနှစ်ကစလို့ တောင်ကြီးခရိုင်ကထွက်တဲ့ ကြက်သွန်ဖြူတွေကိုပါ အဝယ်ရှိလာတယ်လို့ သိရပါတယ်။ ခရမ်းစွဲကြက်သွန်ဖြူကအထွက်နောက်ကျပြီး ဒီလဆန်းမှာမှ ဈေးကွက်ကိုစပြီး ဝင်လာတာဖြစ်ပါတယ်။

ဒီတစ်ပတ် ရှမ်းကြက်သွန်ဖြူဈေးနှုန်းတွေကတော့ (လတ်ခြား ) ကျပ် ၁၉၀၀၊ ( ထူး ၁ )ကျပ် ၂၀၀၀ ၊ (ထူး-၂)ကျပ် ၂၁၀၀၊ (ထူး - ၃ )ကျပ် ၂၄၀၀၊ (ထူး-၄ ) ကျပ် ၁၈၀၀ဈေးနဲ့ လဲချားခရမ်းစွဲက တစ်ပိဿာကိုကျပ် ၃၀၀၀ မှ ၃၂၀၀ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

## နနွင်း

### မူဆယ်နဲ့ မြဝတီမှ နနွင်းတက်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၁၇၆၆၂ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၆၂၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၁၁၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန်ငါးရာ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဧပြီလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နနွင်းတက်တန်ချိန် ၁၄၀၀ ခန့် တင်ပို့နိုင်ခဲ့ပါတယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ယခုရက် သတ္တပတ်မှာ အမေရိကန်ဒေါ်လာ ၉၇၄၈တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၁၄တန်ခွဲကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ နနွင်းတင်ပို့မှု မရှိဘဲ ဧပြီလ တစ်လလုံးမှာတော့ နနွင်းတန် ၉၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်း(ဝါ)ကို ဝယ်လက်တို့ စိတ်ဝင်စား

အောင်ပန်းဈေးကွက်မှာ ရှမ်းနနွင်း(အဝါ) တွေသာ လက်ကျန်များနေပြီး ထိပ်စ (နီ)ကတော့ လက်ကျန်ကုန်သလောက်ဖြစ်သွားပါပြီ။ ထိပ်စကတော့ ပြည်ပတင်ပို့ဖို့အတွက်ဝယ်လက်တွေကြိုက်သလို၊ အထွက်နှုန်းကလည်းနည်းတာကြောင့်ဈေးကွက်မှာ စောစောစီးစီးလက်ကျန်ပြတ်သလောက်ဖြစ်နေတယ်လို့ ဝယ်လက်တွေထံမှ သိရှိရပါတယ်။ နနွင်း(ဝါ) တွေအနက် တောင်ပို့လစက အရည်အသွေးကောင်းတာကြောင့် ဝယ်လက်တွေကအနည်းငယ်စိတ်ဝင်စားလာတယ်လို့လည်း သိရပါတယ်။ ပြည်တွင်းဝယ်လက်တွေကတော့ ဟင်းခတ်အမွှေးအကြိုင်ပြုလုပ်ဖို့ရယ်၊ ခြင်ဆေးခွေပြုလုပ်ဖို့ရယ်အတွက် ဝယ်ယူနေပြီး၊ တောင်ပို့လစကိုတော့ နနွင်းမှုန့်ပြုလုပ်ဖို့အတွက် ဝယ်ယူကြတာများတယ်လို့ သိရပါတယ်။ နနွင်း(ညှံ့) စတွေကိုတော့ ခြင်ဆေးခွေပြုလုပ်ဖို့အတွက် ဝယ်ယူကြတယ်လို့သိရပါတယ်။

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ ပေါက်ဈေးတွေက နနွင်း(ညှံ့)က ကျပ်၁၀၀၀၊တောင်ပို့လစကတော့ ကျပ် ၁၅၀၀ မှ ကျပ် ၂၆၀၀ နဲ့ ဆင်တောင်နနွင်းကတော့ကျပ် ၃၀၀၀ ဈေးရှိပါတယ်။ ဟိုပုံးနနွင်းကတော့ တစ်ပိဿာကို ကျပ် ၁၀၀၀ မှ ကျပ် ၁၇၀၀ ဈေးရှိတယ်လို့ ဟိုပုံးနနွင်းပွဲရုံတွေထံမှ သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

Vol: 17, No.17 Monday May 8 2017

# ပြည်ပမှ သကြားတင်သွင်းမှုအပေါ် တရုတ်နိုင်ငံက တန်ပြန်စုပုံခွန် သတ်မှတ်၍ အခွန်နှုန်းထား တိုးမြှင့်ကောက်ခံသွားမည်



တရုတ်နိုင်ငံအတွင်းရှိ ပြည်တွင်းသကြားလုပ်ငန်းရှင်များ၏ တောင်းဆိုချက်အရ ဘရာဇီးနိုင်ငံအပါအဝင် အခြားနိုင်ငံများမှ သကြားတင်သွင်းမှုများအပေါ် တန်ပြန်စုပုံခွန် (Anti-dumping Duty) အဖြစ် သတ်မှတ်တိုးမြှင့်၍ အခွန်နှုန်းထားကောက်ခံသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း သကြားထုတ်လုပ်သူများအနေဖြင့် ပြည်တွင်းလယ်ယာစိုက်ပျိုး ထုတ်လုပ်မှု စရိတ်များ မြင့်တက်လာခြင်းနှင့် ပြည်ပမှ သကြားတင်သွင်းခြင်းဖြင့် ဆိပ်ကမ်းအရောက်တန်ဖိုးက စရိတ်စက ပိုမိုသက်သာမှုရှိနေခြင်းတို့ကြောင့် ပြည်တွင်းမှထုတ်လုပ်သော သကြားဈေးနှုန်းကျဆင်းပြီး ထိခိုက်နစ်နာလျက်ရှိကြောင်း သကြားစက်ရုံများ၏ တိုင်ကြားချက်များအရ လွန်ခဲ့သည့်နှစ် စက်တင်ဘာလက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး နောက်ပိုင်း ယခုကဲ့သို့ တန်ပြန်စုပုံခွန်အဖြစ် ယခုနှစ် မေ ၂၂ ရက်နေ့မှစ၍ သတ်မှတ်ကောက်ခံရန် တရုတ်အစိုးရက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း တရုတ်နိုင်ငံရှိ နို့နှင့်နို့ထွက်ပစ္စည်း စက်မှုလုပ်ငန်းရှင်များအသင်းမှ သကြားတင်သွင်းမှုအပေါ် သွင်းကုန်ခွန်တိုးမြှင့်မည့် အဆိုပြုချက်ကို ပြန်လည်သုံးသပ်စေလိုကြောင်း၊ အကယ်၍ ပြည်ပမှ သကြားတင်သွင်းမှုအပေါ် အခွန်တိုးမြှင့် ကောက်ခံရန် အတည်ပြုပြီးပါက ယခုဘဏ္ဍာနှစ် လာမည့်မေလမှစ၍ အခွန် ၄၅ ရာခိုင်နှုန်းဖြင့် စတင်ကောက်ခံမည်ဖြစ်ကြောင်း၊ သို့ရာတွင် နို့နှင့်နို့ထွက်ပစ္စည်း စက်မှုလုပ်ငန်းရှင်များ၏ တင်ပြချက်အရ လာမည့် နှစ်တွင် ၄၀ ရာခိုင်နှုန်း၊ နောက်နှစ်များတွင် ၃၅ ရာခိုင်နှုန်းအထိ လျှော့ချကောက်ခံသွားမည်ဖြစ်သည်။

တရုတ် စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့် လက်ရှိပြည်တွင်း သကြားပေါက်ဈေးအရပြည်တွင်းသကြားကို ဝယ်ယူသုံးစွဲရခြင်းထက် ပြည်ပမှတင်သွင်းသည့် သကြားကိုဝယ်ယူသုံးစွဲရခြင်းသည် တစ်တန်အပေါ် ယွမ် ၁၀၀၀ခန့် ကုန်ကျစရိတ် ပိုမိုသက်သာလျက်ရှိသည်။

တရုတ်နိုင်ငံ၏ သကြားအများဆုံးထုတ်လုပ်သောဒေသဖြစ်သည့် Guangxi ဒေသ၌ ပြည်တွင်းသကြားစက်ရုံများအနေဖြင့် အမြတ်အစွန်းများ ရရှိနေကြောင်း၊ သို့ရာတွင် ပြည်ပမှ သကြားကို ဝယ်ယူသုံးစွဲလျှင် တစ်တန်လျှင် ကုန်ကျစရိတ်ယွမ် ၁၀၀၀ သက်သာနေသဖြင့် ပြည်ပမှ သကြားများကို ခွဲတမ်းပြင်ပမှ မှာယူတင်သွင်း နေခြင်းဖြစ်ကြောင်း ကုန်သွယ်မှု Website တစ်ခုဖြစ်သော Guangxi Sugar Network တွင် ဖော်ပြထားပါသည်။

ယခုအခါ ပြည်တွင်း သကြားထုတ်လုပ်သူများ၏ တိုင်ကြားချက်များအရ ပြည်ပမှသကြားတင်သွင်းမှုအပေါ် တန်ပြန်စုပုံခွန်သတ်မှတ်၍ အခွန်နှုန်း တိုးမြှင့်ကောက်ခံမည့် အဆိုပြုချက်ကြောင့် သကြားဈေးနှုန်း မြင့်တက်မည်ကို သကြားကုန်ကြမ်း အများဆုံးအသုံးပြုသည့် စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့် စိုးရိမ်လျက်ရှိနေကြကြောင်း သိရသည်။

တားဆီးအရေးယူခွင့်ရှိသည့် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ပြည်တွင်း ထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်ရည်ရွယ်ချက်အား ထိရောက်စွာ ထိန်းကျောင်းနိုင်ရေးအတွက် တရားမဝင် တင်သွင်းမှုအပေါ် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ရှိအခြေအနေတွင် ခွဲတမ်းပြင်ပ တင်သွင်းမှုသည် ၂၀၁၆ နှစ်အတွင်း၌ တန်ချိန် သန်းပေါင်း ၁ ဒသမ ၉ သန်းရှိကြောင်း၊ သကြားတင်သွင်းခြင်းအတွက် WTO သို့ ကြေညာထားသည့် အခွန်နှုန်းဖြစ်သည့် ၁၅ ရာခိုင်နှုန်းဖြင့် ကောက်ခံတင်သွင်းမှု (ခွဲတမ်းအတွင်း တင်သွင်းခြင်း)မှာ နှစ်စဉ် တန်ချိန် ၁ ဒသမ ၉၄ သန်းရှိကြောင်း၊ ၂၀၁၆ ခုနှစ်က တင်သွင်းမှုသည် ၂၀၁၅ ခုနှစ်အတွင်းက တင်သွင်းမှုထက် ၃၇ ရာခိုင်နှုန်း လျော့နည်းပြီး ၂၀၁၁ခုနှစ် နောက်ပိုင်း တင်သွင်းခြင်းထက် အနည်းဆုံးဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source. magazine.afr.com/ Reuters**

**မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်**

# ထိုင်းနိုင်ငံ၏ စားသုံးသူ ကြွေးမြီလည်ပတ်မှုနှုန်း မြင့်တက်

ထိုင်းနိုင်ငံတွင် အိမ်ထောင်စုများ၏ ကြွေးမြီလည်ပတ်မှုနှုန်းမှာ ရှစ်နှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ယခင်နှစ် များက ကြွေးမြီများ စုပုံလာခြင်းကြောင့် ဖြစ်ကြောင်း ထိုင်း ကုန်သည်ကြီးများ တက္ကသိုလ် (UTCC) သုတေသန ဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

UTCC ၏ ဒုတိယကျောင်းအုပ်ကြီး သန်နာဗတ်ဘွန်ဗီချိုင်းက ပြောကြားရာတွင် စစ်တမ်းကောက်ခံခဲ့သူ ၁၂၅၈ ဦးအနက် ၉၇ ရာခိုင်နှုန်းရှိသော လုပ်သားများ၏ ဝင်ငွေ သည်တစ်လလျှင် ဘတ် ၁၅၀၀၀ အောက်လျော့နည်းနေကြောင်း၊ အိမ်ထောင်စု အသုံးစရိတ်မှာ တစ်နှစ်လျှင် ယမန်နှစ်က ၁၁၉၀၆၁ ဘတ်ရှိရာမှ ယခုနှစ်တွင် ၁၃၄၇၉ ဘတ်သို့ တိုးမြှင့်ပြီး ၁၀ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းက ဆက်လက်ပြောကြားရာတွင် လွန်ခဲ့သော သုံးနှစ်အတွင်း အဓိကလယ်ယာထွက်ကုန်ဖြစ်သော ရော်ဘာ၊ ဆန်နှင့်ဆီအုန်းတို့ ဈေးနှုန်းကျဆင်းမှုကြောင့် ကြွေးမြီ မြင့်တက်စေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ မိသားစု အသုံးစရိတ်များနှင့် အတိုးများ မြင့်တက်လာခဲ့သော်လည်း ဝင်ငွေမပြောင်းလဲခြင်းကြောင့် ကြွေးမြီများကို မြင့်တက်စေခဲ့ခြင်းဖြစ်ကြောင်း ထပ်မံပြောကြားခဲ့ပါသည်။

ဝင်ငွေမြင့်သူများအနေဖြင့် တာရှည်သုံး ကုန်ပစ္စည်းများ ဥပမာ-မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ အိမ်ရာဝယ်ယူရန်အတွက် ချေးယူသော ကြွေးမြီများ မြင့်တက်ခဲ့ပါသည်။ တစ်နိုင်ငံလုံး၏ ကြွေးမြီလည်ပတ်မှုပမာဏ သိသာစွာမြင့်တက်ခဲ့ပြီး အတိုးငွေကြီးမားလာမှုအပေါ် အစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှုမှာ ကျေနပ်ဖွယ်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အိမ်ထောင်စုကြွေးမြီမှာ ယမန်နှစ်က ၃၉ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၄၆ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာပြီး လေးနှစ်အတွင်း အမြင့်ဆုံးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သုတေသနပြုချက်အရ မိသားစု ကြွေးမြီပြန်လည်ပေးဆပ်နိုင်မှုမှာ တစ်လလျှင် ၈၁၁၄ ဒသမ ၃၁ ဘတ်မှ ၅၀၈၀ ဒသမ ၄၈ ဘတ်သို့ လျော့နည်းကျဆင်းသွားကြောင်း ဖော်ပြခဲ့ပါသည်။ ထိုင်းအလုပ်သမားများ၏ ကြွေးမြီပေးဆပ်ရန် ပျက်ကွက်မှု နှုန်းကိုလည်း မြင့်တက်စေခဲ့ကြောင်း စစ်တမ်းကောက်ယူသူ ၇၈ ဒသမ ၆ ရာခိုင်နှုန်းမှာ ဝင်ငွေတိုးတက်မှုမရှိ၍ ကြွေးမြီပြန်လည်ပေးဆပ်နိုင်မှု လျော့နည်းရသည့်အပြင် ကုန်ပစ္စည်းဈေးနှုန်းများနှင့် ကုန်ကျစရိတ် မြင့်တက်လာမှုကြောင့် တိုးမြှင့်ပေးဆပ်နိုင်ခြင်း မရှိသေးကြောင်း ဖြေကြားခဲ့ကြပါသည်။

အစိုးရသို့ လုပ်သားများ၏ နေ့တွက် လုပ်ခကို အနိမ့်ဆုံး တစ်ရက် ၄၁၀ ဘတ် သို့မဟုတ်သုံးနှစ်အတွင်း တိုးမြှင့်ပေးနိုင်ရန် အကြံပြုခဲ့ပါသည်။ ၎င်းအပြင် ကုန်ပစ္စည်းဈေးနှုန်းများနှင့် ဆင်းရဲသားများ၏ နေထိုင်မှုစရိတ်ကိုလည်း ထိန်းသိမ်းပေးရန် လိုအပ်ကြောင်း အကြံပြုထားပါသည်။ မစ္စတာ သန်နာဗတ်က ပြည်သူလူထု သက်သာချောင်ချိရေးကို တိုးမြှင့်ပေးရန် လုပ်သားများနှင့် သက်ကြီးရွယ်အိုများအား ဂရုပြုပေးရန် တိုက်တွန်းပြောကြားခဲ့ပြီး ထိုင်းနိုင်ငံ၏ စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရန်နှင့် သက်ကြီးရွယ်အို လူ့အဖွဲ့အစည်း တိုးတက်ရန် အစီအစဉ်ကို ချမှတ် ထားကြောင်းလည်း ပြောကြားခဲ့ပါသည်။ ၎င်းကဆက်လက်၍ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မှုခင်းများဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင်းနှင့် အနာဂတ်တွင် လုပ်သားများနှင့် သက်ကြီးရွယ်အိုများအား အစိုးရက လျစ်လျူရှုမည်ကို စိုးရိမ်ကြောင်း ပြောကြားခဲ့ပါသည်။

လွန်ခဲ့သော နိုဝင်ဘာလအတွင်းက နေ့စဉ် လုပ်အားခ များကို ခရိုင်များအလိုက် ငါးဘတ်၊ ရှစ်ဘတ်၊ ၁၀ ဘတ် အသီးသီးတိုးမြှင့်ပေးရန် အစိုးရအဖွဲ့က အတည်ပြုခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ စတင်အသက်ဝင်ခဲ့ပါသည်။ အစိုးရ၏ ဆုံးဖြတ်ချက်အရ ဗန်ကောက်၊ နခွန်ပါသွမ်၊ နွန်ယာဘူရီ၊ ပသုန်သာနီ၊ စမွတ်ပရာခန်း၊ စမွတ်စခွန်နှင့် ဖူးခက် စသော ခရိုင်ခုနစ်ခုတွင် လုပ်အားခ ဘတ် ၃၀၀ မှ ၃၁၀ သို့တိုးမြှင့်ခဲ့ကြောင်း၊ ခွန်ခဲင်း၊ နခွန်ရတ် ချာစီမာ၊ ပရာချင်ဘူရီ၊ ချွန်ဘူရီ၊ ရာရွန်း၊ ဆူရတ် သာနီ၊ ဆွန်ခလာ၊ ချင်းမိုင်၊ ဆာရာဘူရီ၊ ချာချွန်ဆောင်း၊ ခရာဘီ၊ ဖန်ငနှင့် အယုဒ္ဓယစသော ခရိုင် ၁၃ ခု တွင် လုပ်အားခ ၃၀၈ ဘတ်သို့ လည်းကောင်း၊ ဆင်ဘူရီ၊ ချန်ဖွန်၊ နခွန်ဆာရီသမာရ၊ ထရန်၊ ရနောင်း၊ နာဒါသီဝပ်၊ ပထနီနှင့် ယာလခရိုင်များတွင်မူ လုပ်အားခ မပြောင်းလဲခဲ့ကြောင်း ကျန်ခရိုင် ၄၉ ခု တွင် လုပ်အားခ ၃၀၅ ဘတ်သို့ တိုးမြှင့်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ လုပ်အားခတိုးမြှင့်ခြင်းမှာ ယင်လပ်ရှင်နာဝပ် အစိုးရနောက်ပိုင်း လေးနှစ်အတွင်း ပထမဆုံးအကြိမ် တိုးမြှင့်ခြင်းဖြစ်ပါသည်။ လုပ်အားခ တိုးမြှင့်ခြင်းမရှိသော ခရိုင်ရှစ်ခုတွင်မူ စက်ရုံအများအပြားရှိသော်လည်း လုပ်အားခ တိုးမြှင့်တောင်းခံခဲ့ခြင်းမရှိကြောင်း အစိုးရအဖွဲ့မှ ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ လုပ်အားခ တိုးမြှင့်နှုန်းထားသည် ပျမ်းမျှအားဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

**နှစ်နိုင်င်**

**Source : (၂၈-၄-၂၀၁၇) ရက်နေ့ထုတ်**

**ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Consumer debt revs up "**

## ဓာတ်ဆီ/ဒီဇယ်

### ယခုတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီ တန်ချိန် ၆၀၀၀၀ ကျော်ဝင်

ဧပြီ ၁၆ ရက်မှ ၂၂ ရက်အထိသီတင်းပတ်အတွင်း အမေရိ ကန်ဒေါ်လာ ၂၄၉၂၅၀၅၈ တန်ဖိုးရှိ ဒီဇယ် ၅၂၁၂၃ ဒသမ ၉၅၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၃၆၆၃၈၁၈ တန်ဖိုးရှိဓာတ်ဆီ ၂၄၅၂၇ ဒသမ ၉၅၅ တန်ကိုတင်သွင်းခဲ့ပြီး ဧပြီလ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၁၄၈၂၀၄ တန်ဖိုးရှိ ဒီဇယ်၄၂၇၂၈ ဒသမ ၆၄၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၃၆၃၂၀၀၈ တန်ဖိုးရှိ ဓာတ်ဆီ ၂၂၉၀၄ ဒသမ ၉၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လ ဓာတ်ဆီ၊ ဒီဇယ်အဝင်စုစုပေါင်းမှာ တန်ချိန် ၃၇၀၆၀၀ ကျော်ရှိပြီး ဧပြီလ ဓာတ်ဆီ၊ ဒီဇယ်အဝင်စုစုပေါင်းမှာ တန်ချိန် ၂၇၆၄၀၀ ကျော်ရှိတာကြောင့် ဧပြီလမှာ ဓာတ်ဆီ၊ ဒီဇယ်အဝင်စုစုပေါင်း ၉၄၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ၆၉၁၁ တန်ဖိုးရှိ ဓာတ်ဆီ ၁၀ ဒသမ ၅၀တန် နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၈၁၈၅၀ တန်ဖိုးရှိ ဒီဇယ် ၂၉၄၁ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်းနဲ့(92) တို့ ဈေးငြိမ်နေပြီး (95) မှာဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၀၀၊ အောက်တိန်း (92)ကျပ် ၇၁၀ ၊ အောက်တိန်း (95) ၇၅၅ကျပ်၊ အဆင့်မြင့် ဒီဇယ် ကျပ် ၇၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၂ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ်၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၃၀၀၀နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ မေ ၅ ရက်တွင် ဝယ်ဈေး ကျပ်၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဈေးငြိမ်တယ်လို့ သိရပါတယ်။ မေ၂ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၆၀၀၀၀၊ ရောင်းဈေး ကျပ် ၁၆၃၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဓာတ်ဆီ ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေး ကျပ် ၁၆၈၀၀၀နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဓာတ်ဆီဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်ကျပ် ၃၀၀၀၊ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်အောက်တိန်း(92)၊အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95)တစ်လီတာ ကျပ် ၈၇၀၊ ဒီဇယ် ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀၊ အောက်တိန်း (92) ၇၈၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ပီပါ ဈေးများမှာ မေ ၂ ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မေ ၅ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၃၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေ ၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၀၀၀၀၊ ရောင်းဈေးကျပ် ၁၆၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ မေလ ၅ရက်တွင် ဝယ်ဈေး ကျပ် ၁၆၃၀၀၀၊ ရောင်းဈေး ကျပ် ၁၆၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးအနည်းငယ်ကျလာပြီး ဓာတ်ဆီဈေး အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၀၀၀၊ ဓါတ်ဆီ ကျပ်၃၅၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့တစ်ဂါလံ ဈေးများမှာ ဓာတ်ဆီ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် ၃၄၆၅ ကျပ်၊ အောက်တိန်း(92) ၃၃၇၅ ကျပ်၊အောက်တိန်း(95) ၃၅၅၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင် များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း (95)တစ်ဂါလံ ကျပ် ၃၆၀၀နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

### ပြည်တွင်းငွေလဲနှုန်း အတက်အကျအနည်းငယ်ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်းသိရသည်။ အမေရိကန် တစ်ဒေါ်လာလျှင် နှစ်ကျပ်၊ သုံးကျပ်ခန့်သာ အတက်အကျရှိနေပြီး နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အတက်အကျ အနည်းငယ်သာရှိရခြင်းမှာ ရောင်းအားနှင့်ဝယ်အား မျှတနေ၍ဖြစ်ကြောင်း ငွေလဲစင်တာတစ်ခုမှ သိရသည်။

"ဒီတစ်ပတ်ကတော့ သင်္ကြန်ပြီးတဲ့ ရက်သတ္တပတ်ကထက် အရောင်းအဝယ်ပိုဖြစ်ပါတယ်။ အရောင်းနဲ့အဝယ်မျှနေတဲ့အတွက် ဈေးလည်း အတက်အကျနည်းပါတယ်။ နှစ်ကျပ်သုံးကျပ်လောက်ပဲ အတက်အကျရှိသလို နေ့စဉ်လည်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒါပေမယ့် ဈေးစဖွင့်တဲ့နေ့ကထက်စာရင်တော့ ဈေးပိတ်တဲ့ ဒီနေ့(မေ ၅ရက်)မှာ နည်းနည်း တက်လာတယ်လို့ပြောရမယ်"ဟု ၃၉ လမ်းအတွင်းရှိ ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ငွေလဲစင်တာများတွင် မေ ၂ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၄၈ကျပ်၊ ဝယ်ဈေး ၁၃၄၅ ကျပ်ရှိခဲ့ပြီး မေလ ၄ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ၁၃၄၉ ကျပ်ရှိခဲ့သည်။ မေ ၅ ရက်တွင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

### ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေး လိုက်ပါကျဆင်းလာ

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးများပါ လိုက်ပါကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ကိုးသိန်းတစ်သောင်းနီးပါးအထိ မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင် ကျပ်ကိုးသိန်းအောက်သို့ ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည်လည်း ပြီးခဲ့သည့်တစ်ပတ်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၆၃ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၁၂၂၉ ဒေါ်လာအထိ ကျဆင်းလာခဲ့သည်။

"ကမ္ဘာ့ရွှေဈေးကကျလာတော့ ပြည်တွင်းရွှေဈေးလည်း ကျဆင်းလာတယ်။ ပြီးခဲ့တဲ့တစ်ပတ်တုန်းက ပြည်တွင်းရွှေဈေးက ကျပ်ကိုးသိန်းတစ်သောင်းနီးပါးအထိ ရောက်သွားတယ်။ ကမ္ဘာ့ရွှေဈေးကလည်း အမေရိကန်ဒေါ်လာ ၁၂၆၃ အထိ တက်သွားတော့ ပြည်တွင်းရွှေဈေးက လိုက်တက်သွားတာပါ။ ဒီတစ်ပတ်မှာတော့ ကမ္ဘာ့ရွှေဈေးက အမေရိကန်ဒေါ်လာ ၄၀ နီးပါးကျဆင်းသွားပေမယ့် ပြည်တွင်းငွေလဲနှုန်းက လိုက်မကျတဲ့အတွက် ပြည်တွင်းရွှေဈေးက ကျပ်နှစ်သောင်းနီးပါးလောက်ပဲ ကျဆင်းလာခဲ့တာပါ"ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၂ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၀၇၀၀၀ ရှိခဲ့ပြီး မေ ၅ ရက်တွင် ကျပ် ၈၉၀၀၀၀ သို့ ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် မေ ၂ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၅၇ ရှိခဲ့ရာမှ မေ ၅ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၂၉ အထိ ကျဆင်းခဲ့သည်။

**မယ်သီတာ**

### ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာဈေးများ တည်ငြိမ်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများ၏ ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အစုရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ အစုရှယ်ယာဈေးနှုန်းများ ငြိမ်သက်လျက်ရှိသည်ဟု ဆိုသည်။

"ဒီတစ်ပတ်ကတော့ အစုရှယ်ယာဈေးနှုန်းတွေ ငြိမ်သက်နေပါတယ်။ ဈေးစဖွင့်တဲ့ရက်တစ်ရက်ပဲ အတက်အကျ အနည်းငယ်ဖြစ်ခဲ့တယ်။ ဒါပေမယ့် နောက်ရက်တွေကျတော့ ဈေးကငြိမ်နေပြီး အရောင်းအဝယ်က ပုံမှန်အတိုင်းပဲရှိနေပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ ရောင်းဝယ်နေတဲ့ အစုရှယ်ယာကုမ္ပဏီပေါင်း လေးခုရှိတဲ့အနက် MCB ရဲ့အစုရှယ်ယာတွေကို အဝယ်မရှိဘူးဖြစ်နေတယ်"ဟု အစုရှယ်ယာများ ရောင်းဝယ်နေသူ ကိုမင်းမင်းက ပြောကြားခဲ့သည်။

ယခုတစ်ပတ်တွင် FMI ၏ ဈေးနှုန်းမှာ ကျပ် ၁၆၀၀၀ ရှိခဲ့ပြီး MTSH ၏ဈေးနှုန်းမှာ ကျပ် ၄၁၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။ MCB ၏အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၉၀၀၀ ရှိခဲ့ပြီး FPB ၏အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၂၈၀၀၀ ရှိခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

May 5, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 81.64 |
| CAD | Canada Dollars | 1.38 |
| CNY | China Yuan Renminbi | 6.90 |
| EUR | Euro | 0.91 |
| H KD | Hong Kong Dollars | 7.78 |
| I NR | India Rupees | 64.31 |
| I DR | Indonesia Rupiahs | 13343.43 |
| JPY | Japan Yen | 112.22 |
| MYR | Malaysia | 4.34 |
| PKR | Pakistan Rupees | 104.81 |
| PHP | Philippines Pesos | 49.93 |
| RUB | Russia Rubles | 58.73 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1139.37 |
| LKR | Sri Lanka Rupe | 152.46 |
| THB | Thailand Baht | 34.63 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22731.82 |

Source:xe.com

## World Gold Price

May - 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1256 | 1256 | 1257 |
| 2 | 1254 | 1257 | 1257 |
| 3 | 1257 | 1255 | 1255 |
| 4 | 1238 | 1236 | 1236 |
| 5 | 1231 | 1235 | 1234 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-5- 2017 | - | - |
| 2-5-2017 | 905.00 | 904.00 |
| 3-5- 2017 | 904.00 | 904.00 |
| 4-5 -2017 | 897.00 | 895.70 |
| 5-5- 2017 | 893.00 | 893.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 6 .92 | 34.60 | 83.18 | 64.26 |
| 2 | 6. 89 | 34.48 | 82.07 | 64.18 |
| 3 | 6 .89 | 34.45 | 82.96 | 64.15 |
| 4 | 6 .90 | 34.61 | 82.19 | 64.23 |
| 5 | 6.90 | 34.63 | 81.64 | 64.31 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1- May | 16.83 | 2654.85 | 1936.70 | 5791.97 | 929.00 |
| 2- May | 16.92 | 2676.35 | 1929.09 | 5822.88 | 930.00 |
| 3- May | 16.79 | 2656.19 | 1939.39 | 5778.98 | 920.00 |
| 4- May | 16.46 | 2592.13 | 1934.46 | 5582.98 | 897.00 |
| 5-May | 16.38 | 2603.10 | 1937.38 | 5605.82 | 904.00 |

Source:kitco.com

## Energy NYMEX 5-5-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.62 | -0.90 | -1.98 |
| Brent Crude Futr (USD/bbl) | 47.59 | -0.79 | -1.63 |
| Gasoline Rbob Fut (Cent/gal) | 146.59 | -1.53 | -1.03 |
| Natural Gas Futr (USD/MMBtu) | 3.19 | 0.01 | 0.25 |
| Heating Oil Futr (Cent/gal) | 139.77 | -1.46 | -1.03 |

## ဘိုလပ်မြေ

# ယခုတစ်ပတ်ဘိလပ်မြေတန်ချိန် လေးထောင်ကျော်ဝင်

ဧပြီလ ၂၃ ရက်မှ ၂၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၅၁၄၅ တန်ဖိုးရှိ ဘိလပ်မြေ ၄၇၅၄ ဒသမ ၄၀၇ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စိန်တံဆိပ်ဘိလပ်မြေ၊ တီပီအိုင်တံဆိပ်ဘိလပ်မြေနဲ့အခြားတံဆိပ်များ ဝင်ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နှစ်ပတ်ဆက်တိုက် အဝင်နားခဲ့တဲ့ ဘိလပ်မြေက ယခုသီတင်းပတ်မှ ပြန်လည်တင်သွင်းခဲ့တာဖြစ်ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လအတွင်း ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန်၃၁၀၀၀ ကျော်ရှိခဲ့ပြီး ဧပြီလအတွင်း ဘိလပ်မြေ တင်သွင်းမှုမှာ တန်ချိန် ၁၃၀၀၀ကျော်သာရှိခဲ့တာကြောင့် ဧပြီလမှာဘိလပ်မြေတင်သွင်းမှုကျဆင်းခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

ဧပြီလ ၁၆ ရက်မှ ၂၂ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် အဝင်မရှိခဲ့ဘဲ ဧပြီလ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း ဘိလပ်မြေတန်ချိန် ၄၇၀၀ကျော်ဝင်ခဲ့တယ်လို့သိရပါတယ်။

ဧပြီလ ၁၅ရက် မှ ၂၁ရက်အထိ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၇၃၉၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန်၁၆၁၉၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၁၁၉၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီရက်ပိုင်းဘိလပ်မြေအရောင်းအဝယ်သွက်ပါတယ်။ ဘိလပ်မြေဈေးကတော့ဆင်(ထိုင်း)၊ စိန်နဲ့မော်လမြိုင်ဆင်က ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၅၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့ခိုင်နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ကြံ့နှစ်ကောင်(စိမ်း)ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဆင်က ဈေးနည်းနည်းကျပြီး အပါချီ၊ ကြံ့နဲ့ မြင်းခေါင်း ဘိလပ်မြေက ဈေးနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်(ထိုင်း)ကျပ်၆၂၀၀၊ အပါချီ(ထိုင်း)ကျပ် ၅၂၀၀၊ ကြံ့ ကျပ် ၅၃၀၀၊ မြင်းခေါင်း ကျပ် ၅၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဆင်၊စိန်နဲ့ မြန်မာဆင်ကယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၅၅၀၊ စိန်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ်၄၉၀၀၊ မြန်မာဆင် ကျပ် ၅၀၅၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၆၀၀၊ နဂါးကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၃၀၀၀ကျော်ဝင်

ဧပြီလ ၁၆ ရက်မှ ၂၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၂၀၀၀တန်ဖိုးရှိ မြေဩဇာ ၁၁၁၀တန်ကို တင်သွင်းခဲ့ပြီး ဧပြီလ ၂၃ရက်မှ ၂၉ရက်အထိ သီတင်းပတ်အတွင်းမှာတော့ ကန်ဒေါ်လာ ၁၀၆၇၉၁၅ တန်ဖိုးရှိ မြေဩဇာ ၃၃၂၉ ဒသမ ၃၈၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ပုလဲယူရီးယား၊ ဩဂဲနစ်၊အာမို၊ နိုက်ထြိုဂျင်တို့ဖြစ်ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၁၆၅ တန်၊ အိန္ဒိယနိုင်ငံမှ ၁၂တန်၊ အီရန်နိုင်ငံမှ တန်ချိန်၆၆၀၊ နယ်သာလန်နိုင်ငံမှ ၉၀ ဒသမ ၃၄ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၄၀၂ ဒသမ ၀၄၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့တန်ချိန် ၁၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၂၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။

# မော်လမြိုင်မြေဩဇာဈေးကွက် အရောင်းအေး

ဧပြီလ ၂၃ရက်မှ ၂၉ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၃၃၀၀ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၁၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၃၁၃၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၅၆၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၆၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာ တင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး ၊ ရန်ကုန်နဲ့တောင်ကြီးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ရောင်းဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ရွှေတောင်-တရုတ်)ကျပ် ၂၁၀၀၀၊ကွန်ပေါင်း(အစိမ်း)၁၅း၁၅း၁၅(ထိုင်း)ကျပ် ၃၄၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**ဒီတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိတယ်လို့သိရပါတယ်။ ယူရီးယားက အရောင်းနည်းနည်းလိုက်တယ်။ ဒါပေမယ့် မြေဩဇာဈေးကငြိမ်နေတယ်၊ပိုတက်နဲ့တီစူပါက ပစ္စည်းနည်းနည်းပြတ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၃၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀၊ ပိုတက်(အိန္ဒိယ) ကျပ်၂၃၅၀၀၊ ကွန်ပေါင်း ၁၅ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီးဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၁၅၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၃၅၀၀၊ တီစူပါ၂၀%(တရုတ်)ကျပ် ၁၂၅၀၀၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ၁၅ပတ်လည်(တရုတ်)ကျပ် ၃၇၅၀၀၊ တီစူပါ၁၀း၁၀း၅(တရုတ်)ကျပ်၁၆၀၀၀၊ ဓာတ်ဆား(တရုတ်)ကျပ်၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၁၈၀၀၀၊ မြွားကမ္ဘာကျပ်၁၅၄၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ် နည်းနည်းကောင်းပြီး အာမို ၁၀း၁၀း၅ သာဈေးနည်းနည်းတက်ပြီးကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ၁၂း၁၃(အပြာ)ကျပ်၁၆၀၀၀၊ဆင် ၁၀း၁၀း၅ ကျပ်၁၅၅၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၀၀၀၊ အာမို ၁၅ပတ်လည် ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၈၀၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၂၀၀၊ တောင်သူမ ကျပ် ၁၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

# နို့ဆီနဲ့နို့မှုန့် အဝင်ပို

ဧပြီလ ၂၃ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၉၃၇၆၂ တန်ဖိုးရှိ နို့ဆီ ၄၅၅ ဒသမ ၂၅၆တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရီဂိုးနို့ဆီ ၈၇ ဒသမ ၅၅၂ တန်၊ဒွန်းနို့ဆီ ၂၁၈ဒသမ၈၈တန်နဲ့အိုကေနို့ဆီ ၁၄၈ ဒသမ ၈၂၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းမှုပျောက်ခဲ့တဲ့ နို့ဆီက ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။

နို့မှုန့်ကဒီတစ်ပတ်မှာဩစတြေးလျနိုင်ငံမှ တန်ချိန် ၅၀ ၊ မလေးရှားနိုင်ငံ မှ ၅၈ ဒသမ ၁၆၇ တန်၊ နယူးဇီလန်နိုင်ငံမှ ၁၄၄ ဒသမ ၉၂၅ တန်နဲ့ ဖိလစ်ပိုင်နိုင်ငံမှ ၉ ဒသမ ၂၄ တန်၊စုစုပေါင်း ၂၆၂ ဒသမ ၃၃၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၁၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၁၅၃၀ တန်ဖိုးရှိ နို့ဆီ ၁၂ ဒသမ ၄၉၃ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၄ မှ ၂၈/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၄ မှ ၂၁/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၄၈၈.၄၀ | ၃၄.၅၀ | (+) ၄၅၃.၉၀ |
| ၂။ | လွယ်ဂျယ် | ၈၃၂.၅၀ | ၃၂၂.၅၀ | (+) ၅၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၇.၅၀ | - | (+) ၁၇.၅၀ |
| ၄။ | ကန်ပိုက်တီ | ၅၅၅၉.၅၀ | ၂၅၄၁.၅၀ | (+) ၃၀၁၈.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၇၅၀၀.၀၀ | (-) ၆၅၀၀.၀၀ |
| ၆။ | မြဝတီ | ၃၆၈.၂၀ | ၃၃၆.၂၀ | (+) ၃၂.၀၀ |
| ၇။ | ကော့သောင်း | ၅၄၇၅.၀၀ | ၅၃၅၀.၀၀ | (+) ၁၂၅.၀၀ |
| ၈။ | မြိတ် | ၃၆၅၀.၀၀ | ၁၁၀.၀၀ | (+) ၃၅၄၀.၀၀ |
| | စုစုပေါင်း | ၁၇၃၉၁.၁၀ | ၁၆၁၉၄.၇၀ | (+) ၁၁၉၆.၄၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၄ မှ ၂၈/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၄ မှ ၂၁/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၅၉၁၂.၀၀၀ | ၃၆၂၇.၀၀၀ | (+) ၂၂၂၈၅.၀၀ |
| ၂။ | လွယ်ဂျယ် | ၃၄၂.၀၀၀ | - | (+) ၃၄၂.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၆၄၁.၀၀၀ | ၄၂၃.၅၀၀ | (+) ၁၂၁၇.၅၀ |
| ၄။ | ကန်ပိုက်တီး | - | - | - |
| ၅။ | မြဝတီ | ၉၁၄.၀၀၀ | ၄၁၄.၀၀၀ | (+) ၅၀၀.၀၀၀ |
| ၆။ | ကော့သောင်း | - | - | - |
| ၇။ | မြိတ် | ၂၇၀.၀၀၀ | ၂၂၅.၀၀၀ | (+) ၄၆.၀၀၀ |
| ၈။ | ရိဒ် | ၂၂၅၀.၀၀၀ | ၁၀၀၀.၀၀၀ | (+) ၁၂၅၀.၀၀၀ |
| | စုစုပေါင်း | ၃၁၃၂၉.၀၀၀ | ၅၆၇၉.၅၀၀ | (-) ၂၅၆၃၉.၅၀ |

ခင်မိုးသူ

## နှမ်း

# မြန်မာ-တရုတ်နယ်စပ်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၁၇ သန်း တန်ဖိုးရှိ နှမ်းနက် ၂၄၃ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ ခဲ့တဲ့ နှမ်းနက်တန်ချိန် ၂၀ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၂၀၀ ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ယခင်တစ်ပတ်က နှမ်းတင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ဝ၇၂ သန်း တန်ဖိုးရှိ နှမ်းနက် ၅၅တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်မှာ နှမ်းဖြူ တစ်တန် ၁၃၂၃၀၇၇ ကျပ်၊ နှမ်းနက် တစ်တန် ၂၀၉၂၃၀၈ ကျပ်ရှိရာမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်မှာတော့ နှမ်းဖြူဈေး ၁၃၂၈၁၈၅ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၀၀၃၈၆ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ဧပြီတစ်လလုံး တရုတ်နိုင်ငံသို့ မူဆယ်မှ တစ်ဆင့် နှမ်းနက် တန်ချိန် ၁၈၀ခန့်နဲ့ ချင်းရွှေဟော်မှတစ်ဆင့် နှမ်းရောင်စုံ တန်ချိန် ၁၀၀ ကျော် တင်ပို့ ခဲ့တယ်လို့ စခန်းများရဲ့ စာရင်းအရ သိရှိရပါတယ်။

**မော်မော်အောင်**

# ပြည်နှမ်း ဈေးအတက်အကျမမှန်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းနီဈေး အနည်းငယ်ပြန်ကျလာပြီး နှမ်းနက်ဈေးမြင့်လာတာတွေ့ရပါတယ်။ စမုံနက်နှမ်းဈေးကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနက်ကို အောင်လံဘက်မှ ဝယ်ယူသဖြင့် ဈေးမြင့်ပေမယ့် စမုံနက်နှမ်း ဝယ်ယူမှုမရှိသဖြင့် ဈေးငြိမ်နေတာ တွေ့ရပါတယ်။ နှမ်းနီဈေးကျသဖြင့် မြို့ပေါ်ရှိ ဆီစက်များက ဝယ်ယူကြပါတယ်။ ပြည်ဈေးကွက်တွင် ယခုအချိန် နှမ်းရောင်စုံဈေးမှာ အတက်အကျမမှန်ပေမယ့် အရောင်းအဝယ် ဖြစ်တာတွေ့ရပါတယ်။ ဈေးကွက်မှာ ကျန်ရှိတဲ့ နှမ်းများဖြင့်သာ ရောင်းဝယ်ကြသဖြင့် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင်ကျပ် ၂၈၃၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၃၃၀၀၀ နှင့်စမုံနက်နှမ်း တစ်တင်းလျှင်ကျပ် ၄၁၆၀၀ဖြင့် တစ်နေ့ကို အိတ် ၃၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

## စားအုန်းဆီ



# ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် တစ်ရက်အတွင်း မလေးရှား စားအုန်းဆီဈေး ကျဆင်းနှုန်း တစ်ပတ်အတွင်း အမြင့်မားဆုံးဖြစ်

မလေးရှား စားအုန်းဆီကြိုရောင်းဈေးမှာ မေ ၄ ရက်က ကျဆင်းခဲ့ကြောင်း စတားအွန်လိုင်း သတင်းတွင် ဖော်ပြသည်။

ရင်းဂစ်ငွေကြေးတန်ဖိုး ခိုင်မာလာပြီး ထိုသို့ခိုင်မာမှုကြောင့် အခြားငွေကြေးဖြင့်ဖလှယ်ပြီး စားအုန်းဆီကို ဝယ်ယူကြသူများအတွက် စားအုန်းဆီဈေးက ပိုမိုဈေးမြင့်သည့်အတွက် စားအုန်းဆီဝယ်လိုအား ကျဆင်းခဲ့ရာ စားအုန်းဆီ၏ တစ်ရက်အတွင်း ဈေးနှုန်းကျဆင်းမှုမှာ ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

စားအုန်းဆီကို အရောင်းအဝယ်လုပ်ရာတွင် အသုံးပြုသော ရင်းဂစ်တန်ဖိုးသည် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၃၁၀၀ ရင်းဂစ်နှုန်း ရရှိခဲ့သည်။ ဤဖလှယ်နှုန်းမှာ ငါးလခွဲအတွင်း အမြင့်ဆုံးဖလှယ်နှုန်းဖြစ်ခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်(Bursa Malaysia Dervative Exchange) တွင် ဇူလိုင်လအတွက် ချုပ်ဆိုသော စားအုန်းဆီကြိုရောင်းဈေးမှာ တစ်ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၅၂၂ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၈၄ဒသမ ၂၀) နှုန်း ရှိခဲ့သည်။ ဤဈေးနှုန်းမှာ သုံးရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့သောဈေးနှုန်းဖြစ်သည်။

မေ ၃ ရက်က စားအုန်းဆီ ရောင်းရသော ပမာဏမှာ ၂၅ တန်ရှိအတွဲပေါင်း ၃၇၆၈၄ တွဲ ရှိခဲ့သည်။

"ရင်းဂစ်တန်ဖိုး ခိုင်မာမှုက ဈေးကွက်အခြေအနေ ကျဆင်းမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်"ဟု ကွာလာလမ်ပူရှိ ကြိုရောင်းကြိုဝယ်လုပ်ငန်းကို ဆောင်ရွက်နေသူ ကုန်သည်တစ်ဦးက ပြောသည်။

သို့သော် ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့က ပြုစုထားသောစာရင်းအရ ဧပြီတစ်လလုံး တင်ပို့မှုကို ကြည့်ပါက မူလခန့်မှန်းချက်ထက် ပိုမိုသည်ကိုတွေ့ရသည်။

ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့များက မေ ၂ ရက်တွင် ထုတ်ပြန်သော ကိန်းဂဏန်းများအရ မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုသည် ဧပြီလတွင် လအလိုက် နှိုင်းယှဉ်ပါက ၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၆ ရာခိုင်နှုန်း အကြား တိုးတက်မှုရှိသည်ကို တွေ့ရသည်။

စားအုန်းဆီဝယ်လိုအားသည် ထုံးစံအားဖြင့် Ramadan ပွဲတော်မတိုင်မီတွင် မြင့်တက်လာတတ်သည်။ ယခုနှစ်တွင်ဤပွဲတော်ကာလမှာ မေနှောင်းပိုင်းတွင်ဖြစ်သော်လည်း ဈေးနှုန်းမြင့်တက်လာခြင်း မရှိသည်ကို တွေ့ရသည်။ ဤပွဲတော်ကာလတွင် ချက်ပြုတ်ရေးအတွက် စားအုန်းဆီကို အသုံးများတတ်သည်။

အခြားဆီတစ်မျိုးဖြစ်သည့် ပဲပုပ်ဆီဈေးနှုန်းကိုကြည့်ပါက အမေရိကန် ပြည်ထောင်စု ချီကာဂိုဘုတ်အဖွဲ့တွင် သုညဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက် ချုပ်ဆိုသော ပဲပုပ်ဆီဈေးမှာ သုညဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၅-၅-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၀၀ | ▽ |
| ရန်ကုန် | ၄၆၀၀ | ၄၈၀၀ | △ | ၃၃၀၀ | ၃၆၀၀ | △ | ၁၇၆၅ | ၁၇၉၀ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၅၀ | ၁၈၇၀ | △ |
| ပဲခူး | ၄၀၀၀ | ၄၂၀၀ | △ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၈၂၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၂၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၃၀၀ | △ | ၃၆၀၀ | ၃၇၀၀ | △ | ၁၈၆၀ | ၁၉၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၅-၅-၂၀၁၇ US$/Ton

| အမျိုးအစား | ဧပြီတတိယပတ် | မေပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၆၀.၀၀ | ၆၇၂.၀၀ | △ |
| RBD P.Olein | ၆၆၄.၅၀ | ၆၆၉.၀၀ | △ |
| RBD P.Stearin | ၅၈၅.၅၀ | ၅၉၀.၅၀ | △ |

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅-၅-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၆၃.၂၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၈၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၉၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၃၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၁၂.၀၅၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၅-၅-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၀၅ဒေါ်လာနှင့် USD ဈေး ၁၃၅၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၅-၅-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ငဲ့စောင်းကြည့်ရမည့် ပြည်တွင်းဈေးကွက်နှင့် စားသုံးမှုပုံစံ

ကျွန်တော်တို့နိုင်ငံ၏ စားသုံးမှု လူမှုပုံစံများသည် အိမ်နီးချင်းနိုင်ငံများဆီမှ ဆင်းသက်လာသည်ဟု ယူဆနိုင်ပါသည်။ စားသုံးသည့် ဓလေ့ထုံးစံများ မည်သို့ ဆင်းသက်လာသည်ကို အတိအကျ ဆန်းစစ်သုတေသနပြုထားသည်များကို ကျွန်တော်မဖတ်ဘူးပါ။ ကျွန်တော်တို့နိုင်ငံတွင် ပျူခေတ်မှစကာ ဆန်ကို အဓိက အစားအသောက်အဖြစ် စားသည်ဆိုသည့် သမိုင်းအထောက်အထားများရှိသည်ကို ဖတ်ဖူးပါသည်။ ဟင်းအမယ်များ၊ ဟင်းခတ်အမွှေးအကြိုင်များ သုံးစွဲတတ်ပုံ၊ ဆီကို သုံးစွဲတတ်ပုံ၊ ဆီကို ကြိတ်ခွဲထုတ်လုပ်ပုံစသည်တို့ကို ကြားသိလေ့လာဖူးပါသည်။ များသောအားဖြင့် အိန္ဒိယတိုက်၏ အငွေ့အသက်များ၊ လက်ရာများ အများအပြား တွေ့ရမည် ထင်ပါသည်။ တစ်နည်းအားဖြင့် အိန္ဒိယ၏ ယဉ်ကျေးမှုနှင့် ဆက်နွယ်နေပါသည်။ စားသုံးပုံများတွင်လည်း ကူးစက်မှုများ အများအပြား တွေ့ရပါသည်။ အင်္ဂလိပ်လက်အောက်တွင် ကျရောက်စဉ်က အိန္ဒိယနှင့် အတူတူတွဲခဲ့သဖြင့်လည်း ပို၍ကူးစက်ခဲ့သည်ဟု ထင်ပါသည်။ အင်္ဂလိပ်က ခေါ်လာသော အလုပ်သမား ကုလားလူမျိုးများလည်း အများအပြား ရှိခဲ့ပါသည်။ သူတို့ဆီမှလည်း အစားအသောက် စားသောက်မှု ပုံစံများ ကူးစက်သည်လည်း ရှိသည်ထင်ပါသည်။

ကျွန်တော်ပြောချင်သည်မှာ အစားအသောက်စားသုံးပုံ အလေ့အထကို ဖြစ်ပါသည်။ ကျွန်တော်တို့သည် စားသုံးမှု အလေ့အထများကို ရှေးယခင် ဘုရင်ခေတ်မှ ယနေ့အထိ များစွာ ပြောင်းလဲခြင်းမျိုး မရှိခဲ့သလို အဓိက အခြေခံ စားသောက်မှုပုံစံမှာ ထမင်းနှင့်တွဲ၍ curry ခေါ် ဆီပြန်ဟင်းတစ်ခွက်နှင့် အရန်ဟင်းများဖြင့် စားတတ်ကြပါသည်။ ကျွန်တော်တို့ အဖွားခေတ်က ဟင်းချက် စားဆီကို မြေပဲဆီ ၁၀ ပိဿာပုံးဖြင့် ဆီစက်က လာပို့သည်ကို ထောင်ပြီးစားခဲ့ကြပါသည်။ ငါးခြောက်ကို ဆီဆမ်းရာတွင် ငါးခြောက်တုံးသည် ဆီထဲရောက်နေမှ ကြိုက်ပါသည်။ ဟင်းထဲတွင်လည်း အလားတူပင် ဟင်းတုံးများ ဆီထဲ မြုပ်နေမှ ကြိုက်ပါသည်။ ယခုအခါတွင် ထိုစဉ်ကလို သာစားလျှင် အဖွားနောက် မြန်မြန် လိုက်ရမည် ဖြစ်ပါသည်။ ဆီဈေး၊ စားအုန်းဆီနှင့် ကျန်းမာရေး ခြိမ်းခြောက်မှုများက ဆီလျှော့စားရန်အတွက် ကျွန်တော်တို့ကို တိုက်တွန်းနေပါသည်။ ကျွန်တော်တို့သည် ယနေ့ခေတ်တွင် ငွေကြေး တတ်နိုင်မှုနှင့် ကျန်းမာရေးအတွက် လိုအပ်ချက်များကိုလိုက်ပြီး၊ စားသုံးသည့် ဓလေ့များကို ပြောင်းနေကြရပါသည်။ ပြောင်းချင်လို့ ပြောင်းကြရသည်ရှိသလို၊ ရောဂါကိုကြောက်ပြီး ပြောင်းကြရသည်များလည်း ရှိနေပါသည်။

ယခုဆွေးနွေးသည်မှာ ကျန်းမာရေးနှင့် ညီညွတ်စေရန် စားသုံးသည့် ဓလေ့ထုံးစံကို ပြင်နေရသည့် အခြေအနေဖြစ်ပြီး၊ အခြားတစ်ဖက်တွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး စားသုံးသင့်ပါလျက် မစားဖြစ်ကြသည့် စားရိုးစားစဉ် အစဉ်အလာအတိုင်း၊ ဓလေ့အတိုင်းစားကြသည့် အခြေအနေမျိုးလည်း ရှိနေပါသည်။ ယင်းသို့ လုပ်ကိုင်နေရသည့်အပြင် မိမိကုန်စည်များကို ပြည်ပသို့ တင်ပို့ရေးအတွက်လည်း လုံးပန်းရပါသည်။ ထို့ကြောင့် ပဲမျိုးစုံကဏ္ဍကို သုံးသပ်ကြည့်လျှင် ပြည်ပတင်ပို့ရေးအတွက်သာ စိုက်ပျိုးနေသည့် အခြေအနေမျိုးကို မြင်နေရပါသည်။ ကျွန်တော်တို့၏နိုင်ငံတွင် ပဲမျိုးစုံကို စားသုံးရာ၌ ကုလားပဲဝါ၊ ပဲရာဇာ၊ ပဲကြီး၊ စားတော်ပဲ၊ ပဲပုပ်သေးများကို ချက်စားတတ်ကြပါသည်။ ပဲဟင်းအဖြစ် စားကြပါသည်။ မတ်ပဲကိုမူ မတ်ပဲဗရာကြော်ဟု စားသုံးသည်ကို တွေ့ဖူးသည်ကလွဲ၍ အခြားနည်းဖြင့် မစားတတ်ကြပါ။ ပဲပင်ပေါက် လုပ်စားတာမျိုးတော့ ရှိမည်ထင်ပါသည်။ တခြားနည်းဖြင့် စားသည်ကို များများစားစား မတွေ့ရပါ။ လက်ဖက်နှင့် တွဲဖက်စားသည့် ပဲကြော်အဖြစ်ရှိပါသေးသည်။ ဆိုလိုသည်မှာ ကျွန်တော်တို့ ပြည်တွင်းတွင် ပဲကိုအမျိုးအမည် များများစားစား နည်းလမ်းမျိုးစုံဖြင့် မစားတတ်ကြဟုဆိုနိုင်ပါသည်။ စိုက်သည့်ပဲကို အစိုအနေဖြင့်လည်း စားတတ်ကြပါသေးသည်။ ယင်းနည်းလမ်းကို ပြည်ပသို့လည်း ဟင်းသီးဟင်းရွက်အနေမျိုး Fresh pulses and peas အနေဖြင့် ပဲသီးတောင့်၊ ရွှေပဲသီးလိုမျိုးကို သေသေချာချာ



♦ မျိုးသူ (ကုန်သွယ်မြှင့်)

အိတ်သွပ်၍ ရောင်းချလျှင် ရနိုင်မည်ထင်ပါသည်။ ယင်းတို့ကို အစိမ်းလည်း ချက်စားတတ်ကြပါသေးသည်။ သို့ရာတွင် ကျွန်တော်တို့ပြည်တွင်းတွင် ပဲမျိုးစုံကို နည်းလမ်းမျိုးစုံဖြင့် ဟင်းလျာ အဖြစ်သော်လည်းကောင်း၊ အသားအစားထိုး အစားအသောက်အဖြစ်သော်လည်းကောင်း၊ အခြားနည်းလမ်းများ ဖြင့်သော်လည်းကောင်း၊ စားသောက်ကြည့်သင့်သည်ဟု ထင်ပါသည်။

ကျွန်တော်တို့ ပြည်ပဈေးကွက်အတွက် များများ တင်ပို့နိုင်ရန် ကြိုးစားနေသကဲ့သို့ ပြည်တွင်းတွင်လည်း ဈေးကွက် ကျယ်ပြန့်လာစေရန်ကြိုးပမ်းသင့်သည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်းဈေးကွက်တွင် ရောင်းဝယ်မှုများသည် Value Chain Management အနေဖြင့် ပါဝင်လာပြီး တန်ဖိုးပိုမို ရရှိလာစေမည်ဟု ထင်ပါသည်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြည်တွင်း၌လည်း ပဲကို ယခုထက် ပိုမို စားသုံးမည်ဆိုလျှင် ပြည်တွင်းဈေးကွက် ကျယ်ပြန့်လာပြီး ပြည်ပကို ရောင်းအားလျော့ချိန်များ၌လည်း ပဲကုန်သည်များအတွက် ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်မပျက် ရောင်းချနေရမည် ဖြစ်ပါသည်။ ပြည်တွင်း ပြည်ပဈေးကွက် နှစ်ဖက်ရရှိနေလျှင် ဈေးမကျနိုင်၊ တောင်သူအတွက်လည်း အကျိုးမယုတ်နိုင်ဟု ထင်ပါသည်။ ယခုအခြေအနေတွင် ပဲကိုပြည်ပသို့ မရောင်းရလျှင် ပဲလက်ကျန်များစွာကို ပြည်တွင်းမှာ ဒီအတိုင်း သိပ်ထားနေရသည့် ဘဝဖြစ်ပါသည်။ ကျွန်တော်တို့လည်း ပဲစင်းငုံကို ပြည်တွင်းမှာ ခွဲခြမ်းလုပ်ပြီး ဟင်းချိုချက်သောက်တဲ့ အလေ့အထဖြစ်လာအောင် ကြိုးစားသင့်သည် ထင်ပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုးပါးစပ်က အိန္ဒိယ အစားအစာများနှင့် ရင်းနှီးပြီးသားဖြစ်ပါသည်။ ပဲစင်းငုံသည် စားလျှင်ဆေးဖက်လည်း ဝင်သကဲ့သို့ စားသင့်သော အာဟာရတစ်မျိုးလည်း ဖြစ်ပါသည်။

ယခုကဲ့သို့ရှိနေသော ပဲစင်းငုံကို ပြည်တွင်း၌ တွင်တွင် ကျယ်ကျယ် စားလာအောင် မလုပ်သင့်ဘူးလား ခင်ဗျာ။ အကယ်၍ ပြည်တွင်းမှ ပဲစင်းငုံကို ခွဲခြမ်းလုပ်ပြီးနောက် တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်အောင် Promotion and marketing လုပ်စေချင်ပါသည်။ ကျွန်တော်တို့၏ နိုင်ငံတွင် Tourism Promotion လုပ်နေသကဲ့သို့ ပဲစင်းငုံ ပြည်တွင်း ဈေးကွက်အတွက် စားသုံးနည်းစနစ်များကိုလည်း Tur Product and cuisine စတဲ့ Promotion and marketing Festival မျိုးလုပ်စေချင်ပါသည်။ ဘယ်သူတွေလုပ်ကြမလဲ၊ ပဲနှမ်းကုန်သည်အသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး သုတေသနဌာနများက အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နဲ့ကလေး စောင့်ရှောက်ရေး အသင်းများနှင့် တွဲဖက်ပြီး လုပ်ကြည့်လျှင် ပြည်တွင်း၌ ပဲစားသုံးမှု ပိုများလာနိုင်ပြီး အားကိုးနိုင်သည့် ပြည်တွင်းပဲ ဈေးကွက်တစ်ခု ဖြစ်ထွန်းလာမည်ဟု ထင်မိပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် ပြည်တွင်း ထုတ်ကုန်များထက် ပြည်ပက အစားအစာများကို ပို၍ တန်ဖိုးထားတတ်ကြသည်။ အနောက်တိုင်း အစားအစာကို အထင်ကြီးသည်များကို လမ်းကြောင်းပြောင်းလာအောင်လည်း လုပ်ပေးသင့်သည် ထင်ပါသည်။ ယခု ၂၀၁၇ မန္တလေး၏ အတာသင်္ကြန်တွင် လမ်းလျှောက်သင်္ကြန်ကို ကြည့်ရင်း ရိုးရာဓလေ့ ထုံးစံများနှင့် မွမ်းမံခြယ်သထားသည့် ခေတ်မီမှုမျိုးကို

*စာမျက်နှာ (၂၁) သို့ ➢*

## ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးနှင့် ဝင်ငွေတိုးနေတဲ့ ချောင်ဦးမြို့နယ်က သခွားမွှေးစိုက်ပျိုး ထုတ်လုပ်သူများ

စစ်ကိုင်းတိုင်းဒေသကြီးတွင် အသားတင်စိုက်ပျိုးမြေဧက ၄၅ သိန်းကျော်ရှိပြီး ရေရရှိမှု နည်းလမ်းများအရ ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ စားဖိုဆောင်သီးနှံများနှင့် သစ်သီးဝလံများကို ဟန်ချက်ညီညီ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။

စိုက်ပျိုးသီးနှံများအနက် ဖရဲ၊ သခွားမွှေးစိုက်ဧက(မိုး+ဆောင်း) ၂၈၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး ဈေးကွက်လိုအပ်ချက်အရ နှစ်စဉ် စစ်ကိုင်းတိုင်းဒေသကြီးမှာ ဈေးကွက်အင်အားကြီးမားပြီး နှစ်စဉ်ဝယ်လိုအားမြင့်တက်လျက်ရှိသည့် တရုတ်(မူဆယ်)ဈေးကွက်သို့ နှစ်စဉ်တင်ပို့သည့် ပို့ကုန်သာမက ပြည်ပဝင်ငွေများ တိုးတက်ရရှိနေတဲ့ ချောင်ဦးမြို့နယ်က သခွားမွှေးစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များရဲ့ သခွားမွှေးစိုက်ခင်းကို ၂၀၁၇ခုနှစ်၊ ဧပြီ ၁၃ ရက်က စားသုံးသူရေးရာဦးစီး ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ခရီးစဉ်မှာ လေ့လာဖြစ်ခဲ့ပါတယ်။

စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်မှာ ချောင်ဦးမြို့နယ်၊ တောချောင်းဦးကျေးရွာမှ ဦးနိုင်ထွေး ဖြစ်ပြီး သခွားမွှေးစိုက်ပျိုးသည့် သက်တမ်း ရှစ်နှစ်ခန့်ရှိပြီလို့ ဆိုပါတယ်။ ယခုနှစ် ဆောင်းစိုက်အဖြစ် သခွားမွှေးဧက ၁၅၂ ဧက စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း သိရပါတယ်။ မြေငှားရမ်းခ တစ်ဧက ခြောက်သိန်းကျော်ရှိပြီး၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ မူဆယ် သစ်သီးဒိုင်အရောက် ကားခ အပါအဝင် တစ်ဧက ကျပ်သိန်း ၇၀ ခန့် ကုန်ကျကြောင်းသိရပါတယ်။

တစ်ဧက ထွက်ရှိသည့်အလုံးမှာ ဝူခုန်းမျိုး ၆၀၀၀ လုံး၊ ရွှေသခွား ၇၀၀၀ ခန့် ထွက်ရှိပြီး တစ်လုံးလျှင် သုံး/လေး ကီလိုခန့် အလေးချိန်ရှိပြီး တစ်ဧက သခွားမွှေး (၁၆တန်မှ ၁၈တန်ခန့်) ထွက်ရှိ တယ်လို့ သိရပါတယ်။ တင်ပို့တဲ့အချိန်က မူဆယ်ဈေးကွက်မှာ သခွာမွှေး တင်ပို့တဲ့ကားများ နည်းလာတဲ့အတွက် တစ်ကီလိုကို ဝူခုန်း လေးယွမ်မှ ငါးယွမ်၊ ရွှေသခွား ငါးယွမ်မှ ခြောက် ဒသမ ငါး ယွမ်အထိ ရရှိခဲ့တယ်လို့ သိရပါတယ်။

ယခုနှစ် သခွားမွှေးစိုက်ပျိုးသူများ တွက်ချေကိုက်ပြီး ၁၄၂ ဧကအတွက် အသားတင်(ခန့်မှန်း) အမြတ် သိန်း ၉၀၀၀ ကျော် ရရှိခဲ့တယ်လို့ သိရပါတယ်။ သခွားမွှေးစိုက်ပျိုး ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းက ကြီးစွာသောစွန့်စားခြင်းဖြစ်ပြီး ရှုံးသောနှစ်များလည်း ကြုံတွေ့ခဲ့ရကြောင်း၊ သခွားမွှေးဖြစ်ထွန်းအောင်မြင်သော်လည်း မူဆယ်ဈေးကွက်အရောက် တင်ပို့ခြင်း လုပ်ငန်းမှာ အခက်အခဲများရှိကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးချောမွေ့မှု ရာသီဥတုအခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှုများကလည်း အဓိက ကျပါကြောင်း စိုက်ခင်းရှင်က ဆိုပါတယ်။ သခွားမွှေး ၁၅၂ ဧက စိုက်ပျိုးခြင်းဖြင့် လုပ်သား ၄၅၀ ဦးကို အလုပ်အကိုင်အခွင့်အလမ်း ခြောက်လခန့်အလုပ်ပေးနိုင်ခဲ့သလို ပြည်ပဝင်ငွေကို ရှာဖွေရရှိခဲ့တဲ့အတွက် နိုင်ငံတော်မှ ပို့ကုန်မဟာဗျူဟာအဖြစ် မျှော်မှန်းထားသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များထဲမှ သခွား မွှေးစိုက်ပျိုးထုတ်လုပ်မှုအကြောင်း လေ့လာ ရေးသားလိုက်ရပါတယ်။ **အောင်မင်း (တန့်ဆည်)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒသစ်ကြောင့် ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ထိခိုက် ကျဆင်းနိုင်

ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်သည် ၂၀၁၆ခုနှစ်က တိုးတက်မှုရရှိခဲ့သော်လည်း အမေရိကန်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးလိုငွေကို လျှော့ချမည့်အစီအစဉ်များအား ဆောင်ရွက်မည်ဖြစ်ရာ ယခုနှစ်တွင် ထိုင်းနိုင်ငံအနေဖြင့် ပြည်ပပို့ကုန်များ ထိခိုက်ကျဆင်းမည့် အလားအလာများရှိပါသည်။

ထို့ကြောင့် ပြည်ပပို့ကုန်ကျဆင်းမည့် အခြေအနေများကို ကာကွယ်နိုင်ရန် ရည်ရွယ်၍ ထိုင်းနိုင်ငံဗဟိုဘဏ်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်နှင့် ထိုင်းကုန်သည်ကြီးများအသင်းတို့ ပါဝင်သည့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် အသာစီးရရှိသည့်နိုင်ငံများတွင် ထိုင်းနိုင်ငံလည်း ပါဝင်ပါသည်။ ထိုင်းနိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ (ဘတ် ၆၅၇ ဒသမ ၄ ဘီလီယံ) ရရှိခဲ့ရာ အမေရိကန်နိုင်ငံနှင့် နှစ် နိုင်ငံကုန်သွယ်မှုတွင် အသာစီးရရှိထားသည့် ထိပ်ဆုံး ၁၅ နိုင်ငံအနက် အဆင့် ၁၁ တွင်ရှိပါသည်။ အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေ အများဆုံးရရှိသည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၄၇ ဘီလီယံရရှိခဲ့ပါသည်။ ထို့နောက် ဂျပန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံ၊ ဂျာမနီနိုင်ငံသည် အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံ၊ ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံ၊ မလေးရှားနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ ရရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ၎င်း၏ ကုန်သွယ်ရေးမူဝါဒကို ပြုပြင်ပြောင်းလဲမည်ဆိုပါက သွင်းကုန်အပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်း နှင့် ကုန်သွယ်မှုလိုငွေကို လျှော့ချမည့်လုပ်ငန်းစဉ်များသည် အဓိက ပါဝင်လာမည်ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုမှ ရရှိသည့်ပိုငွေသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျကြောင်း၊ အမေရိကန်နိုင်ငံမှ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ အချက်အလက်များကို တောင်းခံလာပါက အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့မှုသည် ပြည်ပပို့ကုန်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းသာရှိကြောင်း၊ အမေရိကန်ကုမ္ပဏီများသည် ထိုင်းနိုင်ငံတွင်လာရောက်ထုတ်လုပ်ပြီး အမေရိကန်နိုင်ငံ၌ ပြန်လည်တပ်ဆင်မည့် အီလက်ထရွန်းနစ် အစိတ်အပိုင်းများကိုသာ အဓိက တင်ပို့နေခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ ပြည်တွင်းအလုပ်အကိုင်ဖန်တီးမှုနှင့် ဝင်ငွေတိုးတက်ရေးကို အထောက်အကူပြုရန်အတွက် အမေရိကန်လုပ်ငန်းများသည် နိုင်ငံခြား တိုင်းပြည်များတွင် ထုတ်လုပ်၍ အမေရိကန်နိုင်ငံသို့ ပြန်လည်တင်သွင်းခြင်းဖြစ်ကြောင်း၊ အမေရိကန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် ထိုင်းနိုင်ငံက အသာစီးရရှိနေခြင်းမှာ ထိုင်းဘတ်ငွေတန်ဖိုးကို မြှင့်တင်ခြင်းနှင့်ပတ်သက်မှုမရှိဘဲ ပုဂ္ဂလိက ကဏ္ဍ၏ စွမ်းဆောင်နိုင်မှုကြောင့်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် မစ္စတာဆုန်ကစ်က ပြောကြားခဲ့ပါသည်။

ထိုင်းပုဂ္ဂလိကကုမ္ပဏီအချို့သည် အမေရိကန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်သကဲ့သို့ ထိုင်းအစိုးရအနေဖြင့်လည်း အမေရိကန်နိုင်ငံထုတ် လေယာဉ်နှင့် လက်နက်များကို ပိုမိုဝယ်ယူမည့် အစီအစဉ်များရှိကြောင်း၊ အမေရိကန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ကို ထိခိုက်ကျဆင်းစေမည့် ကုန်သွယ်ရေးမူဝါဒများကို ချမှတ်မည်ဆိုပါက ထိုင်းနိုင်ငံအနေဖြင့် အခြားသောဈေးကွက်များကို ထိုးဖောက်တင်ပို့မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒ ပြောင်းလဲမည့် အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ပြည်ပပို့ကုန်ကဏ္ဍတိုးတက်မှုကို ငါးရာခိုင်နှုန်းရရှိရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မျှော်မှန်းထားကြောင်း တွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းဒေသရှိ အူးတဖောင်လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းဘတ် ၁ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ထိုင်းနိုင်ငံအစိုးရက အလေးထား၍ အကောင်အထည်ဖော်လျက်ရှိသည့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အဓိကအရေးပါလာမည့် အူးတဖောင်လေဆိပ်ကို အဆင့်မြှင့်တင်ရန်အတွက် ထိုင်းဘတ် ၁ ဒသမ ၇ ဘီလီယံကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် သုဝဏ္ဏဘူမိလေဆိပ်နှင့် ဒွန်မောင်းလေဆိပ်များသည် အလွန်အရေးပါသည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များကဲ့သို့ပင် အရှေ့ပိုင်းကမ်းရိုးတန်းဒေသရှိ အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင် အလွန်အရေးပါမည့် အူးတဖောင်လေဆိပ်ကိုလည်း တိုးချဲ့တည်ဆောက်ရာ၌ လေဆိပ်ခရီးသည် အဆောက်အအုံအသစ်တည်ဆောက်ခြင်းနှင့် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ပါသည်။

အူးတဖောင်လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး လေဆိပ်အား အဓိကစီမံခန့်ခွဲမည့် UAA (Utapao Airport Authority) ကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါသည်။ အူးတဖောင်လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့တွင် အခြေစိုက်သော လေယာဉ်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းရေးဆွဲမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ဒုတိယမြောက် လေယာဉ်ပြေးလမ်းနှင့် ခရီးသည်နားနေဆောင်အသစ် တည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ခရီးသည် နားနေဆောင်အသစ်ကို ယခုနှစ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၁၅ သန်းကို လက်ခံနိုင်မည်ဖြစ်သည်။ ဒုတိယလေယာဉ် ပြေးလမ်းသည် မီတာ ၃၅၀၀ ရှည်လျားပြီး မီတာ ၆၀ ကျယ်ဝန်း၍ ဘတ် ရှစ်ဘီလီယံကုန်ကျမည်ဖြစ်ပါသည်။

အူးတဖောင်လေဆိပ်တွင် လေကြောင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ထည့်သွင်းတည်ဆောက်မည်ဖြစ်ရာ အရှေ့တောင်အာရှဒေသတွင် အချက်အချာကျသော လေဆိပ်တစ်ခုဖြစ်လာသည်အထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။ အူးတဖောင်လေဆိပ်တွင် အကောင်အထည်ဖော်မည့် လေကြောင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တည်ဆောက်ခြင်း၌ Thai Airway International သည် ဥရောပလေယာဉ်ထုတ်လုပ်သည့် Air Bus ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ကြောင့် အူးတဖောင်လေဆိပ်သည် သုဝဏ္ဏဘူမိနှင့် ဒွန်မောင်းလေဆိပ်များနောက်တွင် တတိယအချက်အချာကျသည့် လေဆိပ်တစ်ခုဖြစ် လာပါမည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံရှိ King Power ကုမ္ပဏီက ရှေ့လာမည့်ငါးနှစ်အတွင်း ဘတ် ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ထိုင်းနိုင်ငံရှိ King Power ကုမ္ပဏီသည် ၎င်း၏ စီးပွားရေးလုပ်ငန်းကို တိုးချဲ့ရန်အတွက် ရှေ့လာမည့် ငါး နှစ်အတွင်း ဘတ် ၁၀ ဘီလီယံကို ရင်းနှီးမြှုပ်နှံရန်လျာထားပြီး လက်လီအရောင်းဆိုင်လုပ်ငန်း လုပ်ကိုင်သည့် ကမ္ဘာ့အကြီးဆုံး ကုမ္ပဏီးငါးခုစာရင်းတွင် ပါဝင်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

King Power ကုမ္ပဏီသည် ပြည်တွင်းနှင့် ပြည်ပ၌ Duty Free Shop အရောင်းဆိုင်ငါးဆိုင်ကို တိုးချဲ့ဖွင့်လှစ် မည်ဖြစ်ရာ ၂၀၂၀ ခုနှစ်တွင် စုစုပေါင်း အရောင်းဆိုင် ၁၄ ဆိုင်ထိ တိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်း၌ Duty Free Shop အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ရာ၌ နိုင်ငံတကာခရီးသွား အများအပြားလည်ပတ်သည့် နေရာများ၌ အဓိကဖွင့်လှစ်မည်ဖြစ်ပြီး အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင်ရှိသော အူးတဖောင်လေဆိပ်တွင်လည်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

ထို့နောက် အာဆီယံဒေသတွင်း နိုင်ငံများဖြစ်သော မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံရှိ လေဆိပ်များတွင်လည်း Duty Free Shop ဆိုင်များကို ဖွင့်လှစ်နိုင်ရန် လေ့လာမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားသားပိုင်ဆိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်နှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေ/နည်းဥပဒေများကို စောင့်ကြည့်နေဆဲဖြစ်၍ ဖိလစ်ပိုင်နိုင်ငံတွင် ဦးစားပေးဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

King Power သည် ကမ္ဘာ့ Duty Free Shop လုပ်ငန်းတွင် ထိပ်တန်းကုမ္ပဏီငါးခုတွင် ငါးနှစ်အတွင်း ဝင်ရောက်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းနှင့်ပြည်ပ တွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ငါးနှစ်အတွင်း စုစုပေါင်းအရောင်း တန်ဖိုး ထိုင်းဘတ် ၁၄၀ ခန့်ရရှိ၍ ၂၀ ရာခိုင်နှုန်းတိုးတက်မှုရရှိရန် မျှော်မှန်းထားကြောင်း၊ ၂၀၁၆ ခုနှစ်တွင် King Power ၏ စုစုပေါင်းအရောင်းတန်ဖိုး သည် ဘတ် ၇၅ ဘီလီယံရရှိခဲ့သဖြင့် မျှော်မှန်းထားသည်ထက် ဘတ် ၁၁ ဘီလီယံ လျော့နည်းခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရောင်းအား ကျဆင်းခဲ့ခြင်းမှာ ထိုင်းအစိုးရသည် တရုတ်ခရီးသွားများနှင့် ဆက်စပ်လျက်ရှိသည့် အရည်အသွေးညံ့ zero-dollar-tour ခရီးစဉ်များကို အရေးယူခဲ့သောကြောင့်ဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားများ အပါအဝင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ခရီးသွားများ၏ ဝယ်ယူမှုပမာဏသည် စုစုပေါင်း အရောင်းတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းရှိပါသည်။ ယခုနှစ်တွင် တရုတ်ခရီးသွားများ ပိုမိုလာရောက်မည်ဟု ခန့်မှန်းထားပြီး ယခုနှစ်အတွင်း စုစုပေါင်း အရောင်းတန်ဖိုး ဘတ် ၉၂ ဘီလီယံရရှိ၍ ယမန်နှစ်ထက် ၂၀ ရာခိုင်နှုန်း တိုးမြှင့် ခန့်မှန်းထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# မီးရထားခရီးသည်များအတွက် ခရီးစဉ်တိုင်းတွင် မီးရထားခ သုံးရာခိုင်နှုန်းလျှော့ချမည်ဖြစ်ကြောင်း ဟောင်ကောင်အစိုးရထုတ်ပြန်

ဟောင်ကောင်၏ မီးရထားပို့ဆောင်ရေးလုပ်ငန်း၏ တစ်ဦးတည်းပိုင် MTR Corp Ltd မှ တစ်နှစ်လျှင်ခြောက် လအနည်းဆုံးဖြင့် နောက်ခြောက်နှစ်အထိ မည့်သည့်ငွေပေးချေကတ်ကိုင် ဆောင်သူမဆို ခရီးသည်အားလုံးအား ခရီးစဉ်တိုင်းတွင် သုံးရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်သည်။ တစ်ရက်အတွင်း ခရီးစဉ်နှစ်ခု စီးနင်းပါက ဒုတိယခရီးစဉ်တွင် ၁၀ ရာခိုင်နှုန်းထပ်ဆောင်းလျှော့ချမည်ဖြစ်သည်။ အဆိုပါခရီးစရိတ်လျှော့ချမှုမှာ အမြတ်ခွဲဝေမှု အစီအမံ သစ်၏ အစိတ်အပိုင်းဖြစ်သော အငြင်း ပွားဖွယ်ခရီးစဉ်ကြေးညှိနှိုင်းမှု ယန္တရားအား ပြန်လည်ပြင်ဆင်မှုအဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ခရီးသည်ပေါင်း ငါးသန်းခန့် အကျိုးကျေးဇူးခံစားနိုင်မည်ဖြစ်သည်။

အစိုးရက မေလမှသြဂုတ်လထိ သုံးလတိုင် ပြည်သူများ၏ သဘောထား အကြံဉာဏ်တောင်းခံပြီး MTR Corp ကုမ္ပဏီနှင့် သဘောတူညီမှုရရှိပြီး နောက် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ MTR Corp ကုမ္ပဏီက ပြိုင်ဖက်မရှိ တစ်ဦးတည်းချုပ်ကိုင်ပြီး ၂၀၁၀ ခုနှစ်မှစ၍ မတရားဈေးမြှင့်တင်ခဲ့မှုအပေါ် ဟောင်ကောင်ပြည်သူများက မကျေနပ်ခဲ့သဖြင့် လွန်ခဲ့သည့် တစ်နှစ်ကျော်ကတည်းကပင် ပြန်လည်စိစစ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအစီအစဉ်သစ်ကြောင့် ကုမ္ပဏီအနေဖြင့် ရငွေ ဟောင်ကောင် ဒေါ်လာ ၅၈၇ သန်းလျော့နည်းနိုင်ပြီး၊ ၎င်းအနက် ၂၃၅ သန်းမှာ သုံးရာခိုင်နှုန်း လျှော့ချခဲ့ခြင်းကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့ပါသည်။ **ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ အမြန်မာသံရုံး၊ ဟောင်ကောင်မြို့**

Vol: 17, No.17 Monday May 8 2017

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၈–၅–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျသော်လည်း အရောင်းအဝယ်သွက်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၀ ကီလိုတစ်အိတ် ကို ၆၈ ယွမ်မှ ၇၅ ယွမ် (တစ်တန်ကိုယွမ် ၁၃၆၀ မှ ယွမ် ၁၅၀၀) အထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ၅၀ ကီလို တစ်အိတ် ကို ၆၈ ယွမ်မှ ၇၄ ယွမ် (တစ်တန်ကို ယွမ် ၁၃၆၀ မှ ယွမ် ၁၄၈၀) နဲ့ ဈေးအနည်းငယ်ကျခဲ့ပေမယ့် တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုအနေနဲ့ ယခင်တစ်ပတ်က တန်ချိန် ၁၅၀၀၀ ကျော်သာ တင်ပို့ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တန်ချိန် ၂၃၄၇၄ တန် တင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးတစ်ပိဿာကျပ် ၃၅၀ ထိဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၄၀၀ (တစ်တန်ကျပ် ၂၄၄၉၅၀) အထိဆက်လက်ဈေးမြင့်တက်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၃၂၆၉၀၀၀ ကျော်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ပိဿာချိန် ၁၂၅၇၄၀၀ သာရှိခဲ့တာကြောင့် ဈေးတက်သော်လည်း အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတက်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ်မှာလည်း တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးဆက်လက်တက်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၃၃၀ ထိဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၃၆၀ (တစ်တန် ၂၂၀၄၆၀ ကျပ်) အထိ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အရောင်းအဝယ်အနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၄၈၀၀၀၀ သာရှိခဲ့သလို ယခုတစ်ပတ်မှာလည်း ပိဿာချိန် ၄၇၀၀၀၀ သာရှိတာမို့ အရောင်းအဝယ် အနည်းငယ်အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ ဈေးဆက်လက်ကျ

ယခုတစ်ပတ်အတွင်း ဘုရင့်နောင် ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ FAQ(RC) အနေနဲ့ ယခင်တစ်ပတ်က တစ်တန်ကျပ် ၁၀၀၄၀၀၀ ထိဈေးကျခဲ့သလို ယခုတစ်ပတ်ကလည်း တစ်တန်ကို ကျပ် ၉၂၂၀၀၀ ဈေးထိဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တစ်တန်ကိုကျပ် ၈၂၀၀၀ ခန့်ဈေးကျဆင်းခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန်ကို ကျပ် ၁၂၅၂၀၀၀ ထိဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၁၁၆၆၀၀၀ ထိဈေးဆက်လက်ကျဆင်းခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တစ်တန်ကို ကျပ် ၈၆၀၀၀ ခန့်ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်တန်ကျပ် ၆၈၇၅၀၀ ထိဈေးကျခဲ့တဲ့ ပဲစင်းငုံနီကလည်း ယခုတစ်ပတ် တစ်တန် ၆၃၃၀၀၀ ထိ ဆက်တိုက် ဈေးကျဆင်းခဲ့ပြီး ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တစ်တန်ကို ကျပ် ၅၄၅၀၀ ခန့် ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ကုလားပဲဈေးကျ

ယခုတစ်ပတ်အတွင်း မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဆက်လက်ပြီး ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၆၇၅ ကျပ်ထိ ဈေးကျခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၁၅ ကျပ် (တစ်တန် ကျပ် ၉၂၇၇၇၀) အထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို ရောင်းသူများဘက်မှ ဝယ်ဈေးအပေါ် ကြိုက်နှစ်သက်မှုမရှိတာကြောင့် အရောင်းနည်းခဲ့ပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များနဲ့ ရန်ကုန်၊ မန္တလေးဝယ်လက်များက ဝယ်ယူပြီး တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၀၆၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၉၇၅ ကျပ် (တစ်တန်ကျပ် ၅၉၇၀၈၀) အထိ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီက နယ်အဝင်နည်းလာမှု၊ လှော်လက်နဲ့ ရန်ကုန်ဝယ်လက်များက အဝယ်နည်းလာမှုတွေ ကြောင့် အရောင်းအဝယ်အေးခဲ့ပြီး တစ်နေ့အိတ် ၁၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ကုလားပဲဖြူလုံးကြီးက တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန် ၁၂၅၅၄၀၀ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်)က တစ်ပိဿာ ၁၈၅၀ ကျပ် (တစ်တန်ကျပ် ၁၁၃၂၉၂၀) နဲ့ အသီးသီးဈေးဖွင့်ခဲ့ပြီး ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးကျဆင်းခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲထိုင်ဝမ်တို့ အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၃၇၆ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၄၁၈ ကျပ် (တစ်တန် ၂၅၉၉၇၀ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးဆက်လက်ကျဆင်းခဲ့သော်လည်း ပဲတီစိမ်းဈေးငြိမ်

ယခုတစ်ပတ်အတွင်း မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၆၂၅ ကျပ်ထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၅၁၀ (တစ်တန် ကျပ် ၉၂၄၇၀၀ ) အထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၀၅၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၉၅၀ (တစ်တန်ကျပ် ၅၈၁၇၇၀) ထိ ဈေးဆက်လက်ကျဆင်း ခဲ့ပါတယ်။ ပဲတီစိမ်းကတော့ သုံးပတ်ဆက်တိုက် ဈေးငြိမ်နေပြီး တစ်ပိဿာကျပ် ၁၅၀၀ (တစ်တန်ကျပ် ၉၁၈၅၈၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ထောပတ်ပဲကတော့ ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ၁၁၅၅ ကျပ် (တစ်တန် ကျပ် ၇၀၇၃၁၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းဖြူ ထိပ်စက ဈေးငြိမ်ခဲ့ပြီး ယခင်တစ်ပတ် ဈေးအတိုင်း တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန် ကျပ် ၁၄၆၉၇၃၀ ) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်ထက်ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ၂၂၄၅ ကျပ် (တစ်တန်ကျပ် ၁၃၇၄၈၁၀) နဲ့လည်းကောင်း၊ နှမ်းနက်စမုံက ယခင်တစ်ပတ်ထက် ဈေးကျပြီး တစ်ပိဿာ ကျပ် ၂၈၀၀ (တစ်တန်ကျပ် ၁၇၁၄၆၉၀) နဲ့ အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေး ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်း ရွှေဝါတို့ဈေးကျ

ယခုတစ်ပတ်အတွင်း မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံတို့ ဆက်လက်ဈေးကျခဲ့သလို ပဲတီစိမ်းရွှေဝါကလည်း ဈေးပြန်ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၆၆၇ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာ လည်း တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန်ကျပ် ၉၁၈၅၈၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၀၅၃ ကျပ်နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာကို ၉၃၃ ကျပ် (တစ်တန် ၅၇၁၃၅၀ ကျပ်)အထိ ဆက်လက်ဈေးကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းရွှေဝါမှာ ယခင်တစ်ပတ်က တစ်ပိဿာကို ၂၀၀၉ ကျပ်ထိဈေးမြင့်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာကို ၁၈၈၄ ကျပ် (တစ်တန်ကျပ် ၁၁၅၃၇၄၀) အထိ ဈေးကျခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက ဝယ်လိုအားများလို့ အရောင်းအဝယ်သွက်ခဲ့သလို ပဲစင်းငုံနီကိုလည်း ရန်ကုန် ဝယ်လက်၊ လှော်လက်များက ဝယ်လိုအားရှိတာကြောင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါကို တရုတ်ဝယ်လက်များက ဝယ်လိုအားရှိတာကြောင့် တစ်နေ့အိတ် ၂၀၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းဖြူထိပ်စဈေးတက်ခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာကို ၂၃၁၁ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၃၇၈ ကျပ် (တစ်တန် ကျပ် ၁၄၅၆၂၆၀) အထိ ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၉၇၈ ကျပ်ရှိခဲ့တဲ့ နှမ်းနက်စမုံက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၅၆ ကျပ် (တစ်တန်ကျပ် ၁၈၁၀၂၂၀) နဲ့လည်းကောင်း၊ နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၃၃ ကျပ်မှ ယခုတစ်ပတ် မှာ တစ်ပိဿာ ၂၂၂၂ ကျပ်(တစ်တန်ကို ကျပ် ၁၃၆၀၇၃၀) နဲ့ ဈေးနိမ့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ တစ်နေ့အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ်အတွင်း အောင်လံဈေးကွက်မှာ ပဲတီစိမ်း ဆက်လက်ဈေးငြိမ်နေပေမယ့် ပဲစင်းငုံနီကတော့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာကို ၁၅၇၅ ကျပ် (တစ်တန်ကျပ် ၉၆၄၅၁၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပြီး အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာကို ကျပ် ၁၀၅၀ မှ ယခုတစ်ပတ်မှာ ၉၇၅ ကျပ် (တစ်တန်ကျပ် ၅၉၇၀၈၀) နဲ့ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အလားတူကုလားပဲ ဟော်လန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာကိုကျပ် ၁၉၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၁၉၀၀ (တစ်တန် ၁၁၆၃၅၄၀ ကျပ်) နဲ့ ဈေးနိမ့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနီဈေးတက်ခဲ့ပြီး တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀) နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်က ယခင်တစ်ပတ်အတိုင်းဈေးငြိမ် နေပြီး တစ်ပိဿာ ၂၂၂၂ ကျပ်(တစ်တန် ကျပ် ၁၃၆၀၇၃၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ သိပ္ပံနှမ်းနက်က ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၂၂ ကျပ်ထိဈေးတက်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၇၈၀ (တစ်တန် ၁၇၀၂၄၄၄ ကျပ်)နဲ့ အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတ ဈေးကွက်မှာ မတ်ပဲဈေးကျ

ယခုတစ်ပတ်အတွင်း ဟသ်ာတဈေးကွက်မှာ မတ်ပဲ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာကျပ် ၁၆၅၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၅၂၀ (တစ်တန် ၉၃၀၈၃၀ ကျပ်) ထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့အိတ် ၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ဒေါ်နယ်ထရမ့်၏ အခွန်လျှော့ချရေးအစီအစဉ်ကြောင့် ထိုင်းနိုင်ငံအပေါ် ထိခိုက်မှုမရှိနိုင်ဟု ကျွမ်းကျင်သူများပြောကြား

| နှစ်နိုင်ငံ |

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ သမိုင်းဝင်အကြီးမားဆုံး အခွန်လျှော့ချရေးအစီအစဉ်ကြောင့် ထိုင်းနိုင်ငံအပေါ် ထိခိုက်လိမ့်မည် မဟုတ်ကြောင်း အကြီးတန်းအရာရှိများနှင့် သုတေသနပညာရှင်များက ပြောကြားခဲ့ပါသည်။ အခွန်လျှော့ချ မှုသည် ထိုင်းနိုင်ငံတွင် အမေရိကန်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းစုကြီးများအတွက် ပွပေါက်တစ်ခုဖြစ်စေနိုင်ကြောင်း ထပ်မံသုံးသပ်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် စီးပွားရေးလုပ်ငန်းကြီးများအပေါ် အခွန်လျှော့ချမှု အစီအစဉ်ကို ဧပြီ ၂၆ ရက်က စတင်လိုက်ပြီး လုပ်ငန်းခွန်နှုန်းထားကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့ပါသည်။ ၎င်းအစီအစဉ်ကို ဆောင်ရွက်ပြီးနောက် ထပ်မံ၍ အခြားအခွန်အမျိုးအစားများကိုလည်း လျှော့ချပေးဖွယ်ရာရှိပြီး လက်ရှိ အမြင့်ဆုံးနှုန်းထား ၃၉ ဒသမ ၆ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းနှင့် ၃၅ ရာခိုင်နှုန်း အသီးသီးသို့ လျှော့ချသွားမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ မစ္စတာထရမ့်အနေဖြင့် ပြည်ပနိုင်ငံများတွင် အမေရိကန်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဝင်ငွေများအပေါ် သက်ညှာခွင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပြုထားပါသည်။

ဘဏ္ဍာရေးမူဝါဒရုံး ညွှန်ကြားရေးမှူးချုပ် ခရီဆာတာချီနာဗွီချာရာနာက ပြောကြားရာတွင် ထရမ့်၏ အခွန်လျှော့ချမှု အစီအစဉ်အပေါ် ဥပဒေပြုသူများက ထောက်ခံအားပေးခဲ့သည့်တိုင် ထိုင်းနိုင်ငံအပေါ်သို့ ဆိုးကျိုးများ သက်ရောက်လိမ့်မည် မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။ အခွန်ဖြတ်တောက်ရေးအစီအစဉ်သည် အမေရိကန် ရင်းနှီးမြှုပ်နှံသူများအား အမေရိကန်နိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်မည်ဟု မထင်ကြောင်း၊ အမေရိကန်နိုင်ငံတွင် လုပ်အားခနှင့် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ ကြီးမြင့်မှုကို ရင်ဆိုင်ရမည့်အရေးကို ရင်းနှီးမြှုပ်နှံသူများက ထည့်သွင်းစဉ်းစားကြလိမ့်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုအပေါ် ဝင်ငွေခွန်၊ အကောက်ခွန်၊ တန်ဖိုးမြင့်ခွန် စသည်တို့အပေါ် အနိမ့်ဆုံးနှုန်းထားဖြင့်သာ ကောက်ခံလျက်ရှိကြောင်း သူကပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီး အဘိဆပ်တန်ဒီဘိုရာဗွန်းကလည်း ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပေါ် ဆွဲဆောင်မှုများ ပေးထားပါကြောင်း၊ အထူးသဖြင့် အရှေ့စီးပွားရေးစကြံ (EEC) တွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အထူးအခွင့်အရေး ပေးထားကြောင်း၊ သို့ဖြစ်၍ ထရမ့်၏ အစီအစဉ်မှာထိခိုက်မှုမရှိနိုင်ဟု ထပ်လောင်းပြောကြားသွားပါသည်။ ဆက်လက်၍ ထိုင်းနိုင်ငံအနေဖြင့် အခွန်ဆွဲဆောင်မှုများ များစွာ ပေးထားပြီးဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံ ရန် ဆုံးဖြတ်ရာ၌ စဉ်းစားရမည့် အခြားအချက်များ ဖြစ်သော လုပ်အားခ၊ ကုန်ကြမ်းစရိတ်၊ လူနေထိုင်မှုစရိတ်၊ အုပ်ချုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှု စရိတ်စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းမှာ ကမ္ဘာတစ်ဝန်းတွင် ရင်းနှီးမြှုပ်နှံရန် အပြိုင်ဆွဲဆောင်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းသွားနိုင်ကြောင်း သုံးသပ်ခဲ့ပါ သည်။

ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ စတန်လေခန်းက ပြောကြားရာတွင် ထိုင်းနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံထားမှုများအပေါ် ထရမ့်၏ အစီအစဉ်မှာ အကျိုးသက်ရောက်နိုင်မည် မဟုတ်ဟု ခန့်မှန်းကြောင်း၊ ထိုင်းနိုင်ငံ၏ အခွန်သက်သာခွင့် ဆွဲဆောင်မှုများမှာ ထိုင်းနိုင်ငံတွင် ဆက်လက် ရင်းနှီးမြှုပ်နှံရန် နှစ်သက်စရာဖြစ်စေကြောင်း ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) က EEC အပေါ် ရင်းနှီးမြှုပ်နှံမှုများအတွက် လုပ်ငန်းဆောင် ရွက်မှုအခွန်နှုန်း ၂၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိသော်လည်း အမေရိကန်နိုင်ငံမှ လျှော့ချပေးမည့် ၁၅ ရာခိုင်နှုန်းထက်ပို၍ လုပ်သာကိုင်သာရှိမည်ဟု ပြောကြားခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေဖြင့် ရင်းနှီးမြှုပ်နှံဖို့ နေရာရွေးချယ်ရာတွင် ထုတ်လုပ်မည့်ကုန်စည်၏ ဈေးကွက်တည်နေရာကို အဓိကထားသဖြင့် ထိုင်းနိုင်ငံတွင် ဆက်လက်ရင်းနှီးမြှုပ်နှံလိုကြဦးမည်ဖြစ်ကြောင်း သူကပြောကြားခဲ့ပါသည်။

Asia Plus Security မှ ပြောကြားရာတွင် ၎င်းတို့ သုတေသနပြုချက်အရ Indorama Ventures Plc, Thai Union Group Plc and Charoen Pokphand Foods Plc စသော လုပ်ငန်းကြီးများသည် ထရမ့်၏ အခွန်လျှော့ချမှု အစီအစဉ်အပေါ် အခွင့်ကောင်းများ ရရှိသွားလိမ့်မည်ဟု ပြောကြားခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံကုန်စည်ဖလှယ်ရေးအဖွဲ့ (SET) ဥက္ကဋ္ဌ ကယ်ဆာရာမန်ချူဆရီကလည်း ထိုင်းနိုင်ငံ၏ ပို့ကုန်လုပ်ငန်းများအပေါ် ထိခိုက်နိုင်မည် မဟုတ်ဟု ထင်မြင်ကြောင်းနှင့် ထိုင်းနိုင်ငံ၏ အဓိက အခွန်ထမ်းများအပေါ် ထိခိုက်စေနိုင်မည် မဟုတ်ကြောင်း၊ ကမ္ဘာ့စီးပွားရေး ထူထောင်လာမှုကြောင့် ရှေ့သို့လှမ်းတက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းကဆက်လက် ပြောကြားရာတွင် ယခုနှစ်တွင် မသေချာ မရေရာမှုများကြားမှ ထိုင်းနိုင်ငံ၏ လုပ်ငန်းများ ရပ်တည်နိုင်ရေးအတွက် SET ကကြိုးပမ်းသွားမည်ဟု ပြောကြားခဲ့ သည်။ မေလတွင် မူလ ခန့်မှန်းထားသည်ထက် ဝင်ငွေ ပိုမိုရရှိနိုင်မည်ဟု ထင်မြင်ကြောင်းနှင့် ထိုင်းနိုင်ငံ၏ ပထမ သုံးလပတ်အတွင်း ရရှိခဲ့သော ပို့ကုန်အခြေအနေအရ လျာထားချက်ထက်တိုးတက်မှုနှုန်း ငါးရာခိုင်နှုန်းကို ပြည့်မီစေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အဓိကအားဖြင့် စောင့်ကြည့်ရမည့် အချက်များမှာ ပထဝီနိုင်ငံရေး ပြဿနာများ၊ အထူးသဖြင့် ကိုရီးယားကျွန်းဆွယ် ကိစ္စကိုသာ သတိထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**Source : (၂၈-၄-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ -Trump tax-cut plan will not hurt Thailand, say experts ”**

# မုံရွာစက်မှုဇုန်တွင် အဆင့်မြင့်ငြိမ်းချမ်းရေး ပဲခွဲစက်စက်ရုံသစ်တည်ဆောက်လည်ပတ်လျက်ရှိ

| ရီလင်းထွဋ် (မုံရွာ) |

ကုလားပဲခြမ်းသည် အာဟာရပြည့်ဝသည့် အစာအဖြစ် ဆင်းရဲချမ်းသာမရွေး စားသုံးကြသည့် ပဲအမျိုးအစားဖြစ်သည့်အပြင် တပ်ရိက္ခာအတွက် အဓိကဖြည့်ဆည်းရသည့် ပဲအမျိုးအစားလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ထုတ်လုပ်သမျှ ပြည်တွင်းစားသုံးမှုများပြားသဖြင့် ပြည်ပတင်ပို့မှုရှိသလို ပြည်ပမှလည်း ပြန်လည်တင်သွင်းရပါသည်။ ကုလားပဲခြမ်းရရှိရန် ကုလားပဲဖြူလုံးကြီးကို ကြိတ်ခွဲထားခြင်းဖြစ်ရာ လက်ရှိစိုက်ပျိုးနေသည့် ပဲမျိုးများမှာ နှစ်ကာလကြာမြင့်နေသည့် မျိုးဟောင်းများဖြစ်၍ အရည်အသွေး မကောင်းဘဲ၊ အထွက်နှုန်း ကျဆင်းလျက်ရှိနေသဖြင့် တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ယခင်နှစ်က ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် အနိမ့်ဆုံး ကျပ် ၂၆၀၀၀ မှ ယခုနှစ်တွင် အမြင့်ဆုံး ကျပ် ၄၂၀၀၀ ထိမြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးလျက်ရှိသော်လည်း လုံလောက်မှုမရှိသဖြင့် လုံလောက်အောင် ဖြည့်ဆည်းပေးရန် တောင်သူလုပ်ငန်းရှင်များက လိုလားလျက်ရှိပါသည်။ အမျိုးသားပို့ကုန် မဟာဗျူဟာအရ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ ပို့ကုန်ဝင်ငွေ တိုးမြင့်လာစေရန် ကွင်းဆက်တစ်လျှောက် ပညာပေး သင်တန်း ဆွေးနွေးပွဲများကျင်းပ၍ အစားအစာ လုံခြုံစိတ်ချမှုရှိရေး အစီအမံများ ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကုလားပဲဖြူလုံးကြီးကို နှစ်စဉ် ဧက ၂ ဒသမ ၅ သိန်းခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ မုံရွာခရိုင်လေးမြို့နယ်တွင် နှစ်စဉ် တင်းပေါင်းကိုးသောင်းခန့် ထွက်ရှိပါသည်။ မုံရွာစက်မှုဇုန်တွင် ကုန်ကြမ်း ကုလားပဲလုံးများကို ကြိတ်ခွဲသည့် ပဲခွဲစက် ၃၅ လုံးရှိပြီး ကုန်ချောများကို အနယ်နယ် အရပ်ရပ်သို့ တင်ပို့လျက်ရှိပါသည်။ ရိုးရိုးပဲခွဲစက်များအနက်မှ ငြိမ်းချမ်းရေး ပဲခွဲ စက်ကို အဆင့်မြင့် ခေတ်မီစက်ကြီးအဖြစ် အဆင့်မြှင့် တပ်ဆင်တည်ဆောက်ခဲ့ပါသည်။ ငြိမ်းချမ်းရေး ပဲခွဲစက်ကို လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကတည်းက လုပ်ငန်းစတင်ခဲ့ရာ ကျောက်ဝိုင်းများဖြင့် ကြိတ်ခွဲ၍ လူအင်အားဖြင့် သန့်စင်ပြာတီးခဲ့ရာမှ ယခုအခါ ခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲခဲ့ကြောင်း သိရှိရပါသည်။ နိုင်ငံတကာ အဆင့်မီစက်များဖြစ်သော Buhler ပဲခွဲစက်၊ အခွံချွတ်စက်၊ Color Sorter၊ Automic Packing Machine စသည့် စက်တို့ကို မုံရွာစက်မှုဇုန် Peace Brothers Industry မှ ထုတ်လုပ်သော စက်ပစ္စည်းများနှင့် ပူးပေါင်း၍ အဆင့်မြင့်ပဲခွဲစက်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ပါသည်။



ကြိတ်ခွဲပုံအဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းပဲလုံးများကို သန့်စင်စက် Cleaner ဖြင့်အမှိုက်နှင့် ဖုန်ချသန့်စင်ပါသည်။ အရွယ်အစားခွဲစက်ဖြင့် အရွယ်အစား အကြီးအသေး ခွဲထုတ်ပါသည်။ ခဲရွေးစက်ဖြင့် ခဲများကိုသန့်စင်ပြီး Gravity ဝိတ်ပေါ့စက်ဖြင့် ပိုးကိုက်၊ အပိန်အညှပ်၊ ဒူးရိုးများကို ဖယ်ရှားပါသည်။

ပဲအခွံချွတ်စက်ဖြင့် ပဏာမအခွံချွတ်ပြီး ပဲလုံးများကို ရေအနည်းငယ်ရော၍ လွန်လိမ်ဖြင့် ရေဆွတ်ပါသည်။ ရေဆွတ်ထားသော ပဲလုံးများကို အခြောက်ခံစက် ( Dryer) ဖြင့် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရောက်ရှိအောင် အခြောက်ခံပါသည်။

အခြောက်ခံပြီးသော ပဲလုံးများကို Buhler စက်ဖြင့် ခွဲခြမ်းပြီး အခွံချွတ်ရာ ၉၅ ရာခိုင်နှုန်း အခွံချွတ်ပြီးပါသည်။ အဆိုပါ ပဲခြမ်းများကို ပဲအရောင်ရွေးစက် (Color Sorter) ဖြင့် ပဲအခွံကပ်ခြင်း၊ အစိမ်းစေ့၊ အနက်စေ့များကို ရွေးထုတ်၍ ၁၀၀ရာခိုင်နှုန်းသန့်စင်ပါသည်။

ထို့နောက် ပဲအရောင်တင်စက်ဖြင့် အရောင်တင်ကာ ရာနှုန်းပြည့်သန့်စင်သော ကုလားပဲခြမ်းများကို အော်တိုချိန်ချုပ်စက်ဖြင့် ထုပ်ပိုးပြီး ဈေးကွက်သို့ တင်ပို့ရောင်းချပါသည်။ ပဲအမှုန့်ကြိတ်စက်ဖြင့် ပဲမှုန့် ၊ ပဲကျက်မှုန့် များကိုလည်း ထုတ်လုပ်ရောင်းချပါသည်။

အဆိုပါ ငြိမ်းချမ်းရေးပဲခွဲစက်ကို မန္တလေးမြို့တွင်လည်း တည်ထောင်ထားပြီး မုံရွာစက်မှုဇုန်ရှိအဆင့်မြင့် ငြိမ်းချမ်းရေးပဲခွဲစက်ရုံသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပပြုလုပ်ရာ စားသုံးသူရေးရာ ဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ဝင်းနှင့် စက်ရုံပိုင်ရှင် ဦးတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း လာရောက်ကြည့်ရှုအားပေး၍ နိုင်ငံတကာဈေးကွက်အတွင်း တင်ပို့ရောင်းချနိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရေး ဆွေးနွေးခဲ့ပါသည်။

စက်ရုံမှထွက်ရှိလာသည့် ကုန်ချောထုတ်ကုန်များကို ငြိမ်းချမ်းရေးကုန်စုံဆိုင်မှ မုံရွာမြို့နယ်စားသုံးသူများထံသို့ တိုက်ရိုက်ရောင်းချပြီး အခြားဒေသများဖြစ်သည့် အထက်ချင်းတွင်းမြစ်ရိုးတစ်လျှောက်ကနီ၊ ကလေးဝ၊ ကလေး၊ ခန္တီး၊ ရွှေဘိုနယ်ဘက်၊ မြင်းမူ၊ စစ်ကိုင်း၊ မန္တလေး၊ တောင်ကြီး၊ ရန်ကုန်၊ တောင်ငူ၊ မော်လမြိုင်နှင့် မြန်မာနိုင်ငံတစ်ဝန်းမှ ဝယ်ယူသုံးစွဲလျက်ရှိပါသည်။ လက်ရှိဈေးနှုန်းမှာ ကုလားပဲခြမ်း တစ်ပိဿာလျှင်ကျပ် ၂၅၀၀ နှင့် ပဲမှုန့် တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဖြစ်ပါသည်။

အဆင့်မြင့် ခေတ်မီစက်သည် စွမ်းအင်ကိုပိုမိုသုံးစွဲကာ အော်တိုစက်များဖြင့်သာ ဆောင်ရွက်သွားခြင်းဖြစ်၍ လုပ်သားရှားပါးမှုပြဿနာအခက်အခဲကို

စာမျက်နှာ - ၂၀ သို့

# မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် တရားမဝင်ကုန်သွယ်မှုများကို ဖမ်းဆီးလျက်ရှိ

တရားမဝင် ကုန်သွယ်မှုနှင့်ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုး သတ်မှတ် ခေါ်ဝေါ်ကြသော်လည်း သာမန်အားဖြင့် တင်ပို့/ တင်သွင်း ခွင့်ပြုထားသော ကုန်ပစ္စည်းများအား ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲ တင်ပို့/တင်သွင်းခြင်း၊ တရားဝင် တင်ပို့/တင်သွင်းခွင့် ပြုထားသော ပစ္စည်းများအားလည်း သတ်မှတ် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ တရားမဝင် လမ်းကြောင်းများမှ တင်ပို့/တင်သွင်းခြင်းသည် မှောင်ခိုတင်ပို့/တင်သွင်းခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ နယ်စပ် ကုန်သွယ်မှု၏ ၇၅ ရာခိုင်နှုန်းကျော်ကို ဆောင်ရွက်လျက်ရှိသော မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် တရားမဝင်ကုန်သွယ်မှု တားဆီးဖမ်းဆီးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနီးပတ်ဝန်းကျင်ရှိ ရှောင်ကွင်းလမ်းများတွင်OSS ကုန်သွယ်ရေး ဦးစီးဌာနမှ ဦးစီးပြီး OSS အကောက်ခွန်နှင့် OSS မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်းတွင် ကျပ် ၇၇၈ သိန်းကျော်တန်ဖိုးရှိ အမှုတွဲပေါင်း ၁၈ မှု ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရရှိသည့် အဓိကပစ္စည်းများမှာ ဆံပင်၊ အေးခဲအမဲသား၊ မြေပဲနှင့် ငရုတ်သီးခြောက်၊ ပြောင်းဖူးစေ့၊ တမလန်းသစ်ခွဲသားနှင့် ပိတောက်သားဆိုဒ်စုံ၊ စားဆီများ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ် စုစုပေါင်း ကိုးစီးအား တားဆီး ထိန်းသိမ်းနိုင်ခဲ့ပါသည်။

ဧပြီ ၂၇ ရက် ကလည်း အကောက်ခွန်ဦးစီးဌာနမှ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မူဆယ်မောင်းတံဂိတ်အနီးတွင် တရားမဝင် ပြောင်းဖူးစေ့ အိတ် ၆၃၀ တင်ဆောင် မောင်းနှင်လာသော တုန်ဖုန်း ၁၂ ဘီးယာဉ်အား တွေ့ရှိသဖြင့် တားဆီး ထိန်းသိမ်း အရေးယူ ဆောင်ရွက်နိုင်ခဲ့သည်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ OSS ဌာနများ ဖြစ်သည့် ကုန်သွယ်ရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့တို့ပူးပေါင်း၍ နောင်တွင်လည်း မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် အနီးပတ်ဝန်းကျင်တွင်ရှိသော ရှောင်ကွင်းလမ်းများမှ တရားမဝင် သယ်ဆောင်လျက်ရှိသည့် ကုန်ပစ္စည်းများအား ဆက်လက် ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ကသရ (မူဆယ်)

■

## တာချီလိတ် ကုန်သွယ်ရေးစခန်းရဲ့ ဧပြီလကုန်သွယ်မှု အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ လျော့ကျ

တာချီလိတ် ကုန်သွယ်ရေးစခန်းရဲ့ ဧပြီလအတွင်း ပို့ကုန်ဆောင်ရွက်မှုမှာ အမေရိကန် ဒေါ်လာ သုညဒသမ ၇၄၄ သန်း၊ သွင်းကုန်ဆောင်ရွက်မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈၅ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၂၉ သန်းဖြစ်ပါတယ်။ ဧပြီလအတွင်း ဆောင်ရွက်နိုင်မှုမှာ အနီးစပ်ဆုံးကာလအောက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၅၂ သန်းလျော့နည်း တဲ့အပြင် ယမန်နှစ် ကာလတူအောက် အမေရိကန်ဒေါ်လာ ၂ဒသမ၁၇၂သန်း ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

အနီးစပ်ဆုံးကာလဖြစ်တဲ့ မတ်လအောက် လျော့နည်းရခြင်းမှာ ပို့ကုန်ပိုင်းတွင် ယခင်လများထက် ဂန္ဓမာပန်းခြောက်၊ သစ်ခေါက်၊ ရော်ဘာစေး၊ တံမြက်စည်းမွှေး၊ Job's Tears (ကြိတ်စေ့)၊ ကော်ဖီစေ့၊ ဖရဲသီး၊ ကတ်ထူစက္ကူ၊ ရော်ဘာစိမ်း၊ နာနတ်သီး၊ ထောပတ်သီးနဲ့ ပြောင်းတို့ကို ဧပြီလအတွင်း နှစ်သစ်ကူးကာလဖြစ်၍ လုပ်ငန်းဆောင်ရွက်ရက် နည်းသဖြင့် တင်ပို့မှု လျော့နည်းခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် သွင်းကုန်ပိုင်းမှာလည်း ဘိလပ်မြေ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေး ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ဆက်စပ်ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ အခြားရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများဖြစ်သော ရေနံထွက်ပစ္စည်းများ၊ သွပ်ပြား၊ တာယာနှင့် ကျွတ်များ၊ အခြားစက္ကူများ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ သားရေ၊ သားရေတုဖြင့် ပြုလုပ်သော ပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်များ၊ သံနှင့် သံမဏိပစ္စည်းများ၊ အခြားလုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ဖြစ်သော ဆပ်ပြာ၊ ချည်ထည်များ၊ အဖျော်ယမကာ မျိုးစုံ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချုပ်ပြီး အဝတ်အထည်များ၊ မျက်မှန် နှင့် မျက်မှန်နဲ့ သက်ဆိုင်သော ပစ္စည်းများ၊ အခြား လူသုံးကုန်ပစ္စည်းများ တင်သွင်းမှု လျော့နည်းခြင်းကြောင့်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

ခင်မိုးသူ

## ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဧပြီလ ကုန်သွယ်မှုယမန်နှစ်ကာလတူထက် ပိုမို

ရိဒ် ကုန်သွယ်ရေးစခန်းရဲ့ ဧပြီလအတွင်း ပို့ကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ဒသမ ၀၅၇ သန်း၊ သွင်းကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅၇ သန်း ဆောင်ရွက်ခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၁၄ သန်း ကုန်သွယ်နိုင်တယ်လို့ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ဧပြီလအတွင်း ကုန်သွယ်မှုသည် အနီးစပ်ဆုံးကာလဖြစ်တဲ့မတ်လအောက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၂၅ သန်း လျော့နည်းခဲ့သော်လည်း ယမန်နှစ်ကာလတူထက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၅၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုကဲ့သို့ ကာလတူထက် ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် ကွမ်းသီး၊ ရေချိုငါး၊ စောင်၊ ငါးသေတ္တာ၊ ဆပ်ပြာမှုန့်၊ အချိုရည်တို့ကို ပိုမိုတင်ပို့ခဲ့ သလို သွင်းကုန်ပိုင်းတွင်လည်း ဓါတ်မြေဩဇာနဲ့ နိုင်လွန်ချည်တို့ကို ပိုမိုတင်သွင်းခဲ့သောကြောင့် ပို့ကုန်ပိုမိုရခြင်းဖြစ်ပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဧပြီလအတွင်း သွင်းကုန်ပစ္စည်းများဖြစ်တဲ့ နိုင်လွန်ချည်နဲ့ ကော်တို့ကို ITC ကတ်ဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၃ သန်းဖိုး တင်သွင်းနိုင်တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းတွင် ဧပြီလအတွင်း လိုင်စင်မလိုဘဲ အများဆုံး တင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းများကတော့ ကွမ်းသီး၊ ရေချိုငါး၊ စောင်၊ ငါးသေတ္တာ၊ ဆပ်ပြာမှုန့်၊ မဝတ်တီရှပ်၊ အချိုရည်နဲ့ အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းကတော့ နိုင်လွန်ချည်နဲ့ ကော်တို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း ပြန်လည်တင်ပို့

စစ်တွေကုန်သွယ်ရေးစခန်းမှ ဧပြီလ ၂၂ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၉ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်းတန် ၇၀ ကို တင်ပို့ခဲ့ပါတယ်။ ရေချိုငါးမြစ်ချင်းကို ဧပြီလဆန်းပိုင်းမှစပြီး တင်ပို့နိုင် ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့လာတာ တွေ့ရပါတယ်။

ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၁ သန်းတန်ဖိုးရှိကုလားပဲ၊ ဆီးသီးခြောက်၊ မန်ကျည်းစေ့၊ သစ်ခေါက်၊ ဆီးယိုထုတ်တို့ကို တန် ၁၁၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှလည်း ရေထွက်ကုန်များဖြစ်တဲ့ ငါးနီတူခြောက်၊ ငါးကုန်းညှိခြောက်၊ ငါးသလောက်၊ ငါးစုံလေးခြောက်တို့ကို ၁၁၈ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန် ပိုမိုတင်ပို့



မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၀၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၇၀၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန် ဒေါ်လာ သုညဒသမ ၉၁၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန် ၄၃၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၆၉၆သန်း၊ တန်ချိန်အားဖြင့် ၁၂၇၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးလေးခြောက်၊ ကင်းမွန်ခြောက်၊ ငါးစီဖောင်းနဲ့ ငါးမျိုးစုံ ပိုမိုတင်ပို့ခဲ့တာကြောင့် ရေထွက်ကုန် ပိုမိုတင်ပို့ရတာဖြစ်ကြောင်း၊ တစ်ဖက် တရုတ်နိုင်ငံမှာ ငါးရှဥ့်တစ်တန်ကို ယွမ် ၃၁၀၀၀ နဲ့ ကဏန်းတစ်တန်ကို ယွမ် ၅၃၉၃၄ ဈေးရှိကြောင်း၊ မူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ရေထွက် ကုန်ပစ္စည်း တန်ချိန် ၆၀၀၀ ကျော်ကို ဧပြီလတွင် တင်ပို့ခဲ့ကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ စခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၄၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၃၁၆၃၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၇၁၁၀ တန်၊ လွယ်ဂျယ်မှ ၄၀၈၃ တန်၊ ချင်းရွှေဟော်မှ ၃၄၆ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၁၀၀ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ ပြောင်း ၈၄၆၈ တန်ကျော် သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၃၁၇၁ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ပြောင်းတစ်တန်ဈေး ၂၂၃၀၇၇ ကျပ်ရှိရာမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်သီတင်းပတ်မှာ ၂၃၉၃၈၂ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာသယ်ယူခကျပ် ၇၀ ရှိပြီး၊ ပြောင်းကားစီးရေ ၉၅၇ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ တစ်တန်ကို ယွမ် ၁၂၈၀ ရှိကြောင်း သိရပါတယ်။

ဧပြီတစ်လလုံးတရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ကိုးသောင်းခန့်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ထိုင်းနိုင်ငံသို့ ပြောင်းတန် ၂၀၀ နဲ့ တမူးကုန်သွယ်ရေးစခန်းမှ တစ်ဆင့် အိန္ဒိယနိုင်ငံသို့ ၁၂ တန်ခွဲ တင်ပို့ခဲ့တယ်လို့ စခန်းများရဲ့စာရင်းများအရ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ပြည်ပပို့ကုန် တိုးမြှင့် တင်ပို့နိုင်ရေးနှင့် ဈေးကွက် ဖွံ့ဖြိုးလာသော ပို့ကုန် အမယ်သစ် ပိန်းရိုးခြောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်တောရွာများနှင့် ရေနက်ကွင်းဒေသများတွင် နှစ်စဉ်မိုးရာသီမှာ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ပိန်းရိုးအစိုပင်များကို ခုတ်ယူ၍ ပိန်းရိုးခြောက်ပြုလုပ်ကာ ပြည်ပဈေးကွက်ဖြစ်သော ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ အဓိက ပိန်းရိုးထွက်ရှိရာ ဒေသများမှာ ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်နှင့် ပန်းတနော်မြို့နယ် စသည့် ရေနက်ကွင်းများရှိရာ မြို့နယ်များဖြစ်ပြီး မိုးရာသီကုန်ဆုံးချိန် ပွင့်လင်းရာသီဖြစ်သော အောက်တိုဘာလမှစ၍ မေ ၁၅ ရက်ခန့်အထိ ပုသိမ်-ရန်ကုန် ကားလမ်းမကြီးဘေး ညောင်တုန်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာတွင် အဝယ်ဒိုင်ဖွင့်လှစ်ကာ ဝယ်ယူလျက်ရှိကြောင်း အဝယ်ဒိုင်ပိုင်ရှင် ဦးရဲခေါင်က ပြောပါသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် အလေ့ကျ ပေါက်ရောက်နေသော ပိန်းပင်အမျိုးအစား ခြောက်မျိုးခန့် ရှိပြီး ပိန်းပင်အကြီးအသေးပေါ် မူတည်၍ အပင်ကြီးလျှင် လေးစိတ်၊ အပင်လတ်လျှင် နှစ်စိတ်ခွဲကာ အပင်သေးပါက အပင်အတိုင်း အပေါ်ယံ အခွံခွာ အခြောက်လှန်းပြီး တစ်ပိဿာ ကျပ် ၂၂၀၀ နှုန်းဖြင့် ဝယ်ယူကြောင်း၊ ရှမ်းပြည်နယ်မှ လာပို့သော ပိန်းရိုးခြောက်များကို ခရီးအကွာအဝေးအပေါ် မူတည်၍ တစ်ပိဿာ ၂၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း ပိန်းရိုးအစိုပိဿာ ၁၀၀ ကို အခြောက်လှန်းပါက ပိန်းရိုးခြောက် ငါးပိဿာနှင့် ခြောက်ပိဿာကြား ရရှိပါသည်။ ပိန်းရိုးအစို ပိဿာ ၁၀၀ ရရှိရန် လူနှစ်ဦးနှင့် ဆောင်ရွက်ရပြီး တစ်ရက်ခုတ် တစ်ရက်နေလှန်းကာ တစ်နေ့လျှင် လုပ်အားခငွေကျပ် ၃၅၀၀ ဝန်းကျင်ရရှိ၍ အဝယ်ဒိုင်သို့ လာရောက်ရောင်းချသော ပိန်းရိုးခြောက်များကို ဒိုင်တွင်ထပ်မံသန့်ရှင်းပြီး အရှည်ကိုးလက်မဖြတ်၍ ဖိစက်သုံးကာ



မင်းမင်းဦး (ပုသိမ်)

ကုန်ချောအဖြစ်ဖန်တီးပြီး အလျား နှစ်ပေ၊ အနံ ၁ ဒသမ ၅ ပေ၊ အမြင့် ကိုးလက်မ လေးထောင့်ပုံ ပြုလုပ်ပါသည်။ ရရှိသော ပိန်းရိုးခြောက်ကို အတွင်းတွင် ပလပ်စတစ်အိတ်တစ်ထပ်နှင့် အပြင်တွင် ပီနံအိတ်အသုံးပြု၍ ထုပ်ပိုးကာ ၎င်းပါကင် တစ်ထုပ်မှာ အလေးချိန် ၅၀ ကီလိုဂရမ်ရှိပြီး ပိန်းရိုးခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၀၀ နှုန်းရရှိကာ ၁၆ တန်ဆံ့ ကွန်တိန်နာဖြင့် တစ်နှစ်ငါးလုံး တင်ပို့လျက်ရှိပြီး ဝယ်လိုအားမှာ တင်ပို့မှု၏ နှစ်ဆ ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း ကုန်ဝယ်ဒိုင်ပိုင်ရှင် ဦးရဲခေါင်က ဆက်လက်ပြောကြားပါသည်။

ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများရရှိ၍ အပိုဝင်ငွေရရှိကာ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးမည့် ပိန်းရိုးခြောက်များကို တိုင်းအတွင်းမြို့နယ်စုံမှ လာရောက် ရောင်းချလိုပါကလည်း အဝယ်ဒိုင်တာဝန်ခံ ဦးမြင့်စိုး ဖုန်းနံပါတ် (၀၉-၉၇၇၂၅၇၈၅၇)နှင့် ပိုင်ရှင် ဦးရဲခေါင် ဖုန်းနံပါတ် (၀၉-၅၀၄၀၈၆၉) သို့လည်း ဆက်သွယ်ရောင်းချနိုင်ကြောင်း သိရပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရေအရင်းအမြစ်များမှ လက်ဆောင်ရရှိထားသည့် ပိန်းရိုးခြောက်များမှာ သဘာဝအလျောက် အလေ့ကျပေါက်သော အပင်ဖြစ်၍ အော်ဂဲနစ်သီးနှံဖြစ်ခြင်း၊ ဓာတ်မြေဩဇာများ၊ ဓာတုဆိုးဆေးများလည်း မပါဝင်ဘဲ ကျန်းမာရေးနှင့် ညီညွတ်ခြင်းတို့ကြောင့် ဝယ်ယူ သုံးစွဲသူများ ကြိုက်နှစ်သက်သည့် ပိန်းရိုးခြောက်များကို ကိုရီးယားနိုင်ငံတွင် အမဲသားစွပ်ပြုတ်အဖြစ်လည်းကောင်း၊ အစားအသောက်ရာသီပွဲတော်တွင်လည်း အသင့်စားသောက်ကုန်အဖြစ်လည်းကောင်း ဟင်းသီးဟင်းရွက်၊ သား၊ ငါးတို့နှင့် ရောနှောစားသောက်လျက်ရှိပြီး သဘာဝသီးနှံဖြစ်သည့်အတွက် ပြည်ပဈေးကွက် ဝယ်လိုအား မြင့်တက်ရခြင်းဖြစ်ကြောင်း သိရပါသည်။

မအူပင်ခရိုင်၊ စားသုံးသူ ရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းကလည်း အဝယ်ဒိုင်ပိုင်ရှင် ဦးရဲခေါင်နှင့် တွေ့ဆုံကာ ပြည်ပပို့ကုန် တိုးမြှင့်တင် ပို့နိုင်ရေးအတွက် ဈေးကွက်ဖွံ့ဖြိုးလာသော ပို့ကုန်အမယ်သစ် ပိန်းရိုးခြောက်များကို ကိုရီးယားဈေးကွက် မပျောက်အောင် နှစ်စဉ်တိုးချဲ့ တင်ပို့နိုင်ရေး၊ လက်ရှိအချိန်တွင် ကုမ္ပဏီတစ်ခုတည်းကိုသာ တင်ပို့နေရ၍ ဈေးနှုန်းတစ်မျိုးတည်းရရှိခြင်းထက် ပြည်ပကုမ္ပဏီအသစ်၊ ဝယ်လက်အသစ်များကို ရှာဖွေချိတ်ဆက်ပြီး ဈေးနှုန်းပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် မိမိတို့အပိုင်းမှလည်း လုပ်ငန်းရှင်အား ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

ညောင်တုန်းမြို့နယ်ဦးစီးမှူး ဦးအောင်လွင်ကလည်း နောက်ပိုင်းတွင် သဘာဝအလျောက်ပေါက်နေသည့် ပိန်းပင်များ လျော့နည်းလာမည်ဆိုပါက ကုန်ကြမ်းများ ရှားပါးလာနိုင်သောကြောင့် နှစ်စဉ်ပိန်းရိုးခြောက်များကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ယခုကတည်းက စိုက်ပျိုးရရှိနိုင်မည့် မြေနေရာများ ကိုဝယ်ယူ၍ စိုက်ပျိုးရန် လိုအပ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် စိုက်ပျိုးမြေရရှိရေးအတွက် သက်ဆိုင်ရာဌာနများ တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက် ပေးခြင်း၊ လုပ်သားအင်အားများ ရရှိအောင်ကူညီဆောင်ရွက်ပေးခြင်းသာမက လုပ်ငန်းရှင်ကလည်း ကိုရီးယားနိုင်ငံသို့ သွားရောက်လေ့လာ၍ ဖောက်သည်အသစ်များ ထပ်မံရှာဖွေကာ ဈေးကွက်ဝေစု ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်ရမည့် အပိုင်းများကို အကြံပြုဆွေးနွေးခဲ့ပြီး ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး၊ ပို့ကုန်အမယ်သစ် ပိန်းရိုးခြောက်ဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဆိုင်ရာ အာဏာပိုင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်တို့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါသည်။

❑

# ၂၀၁၇ ခုနှစ်၊ ဧပြီလ မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများ၏ ယခင်နှစ်ကာလတူအချိန် ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းနှင့်ဈေးကွက်

မုံရွာကုန်စည်ဒိုင်မှာ နေ့စဉ်အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလနှင့် ယခုနှစ်ကာလတူ ရောင်းဝယ်လျက်ရှိသော ပဲများ၏ နိမ့်မြင့်ဈေးနှုန်းအခြေအနေများကို အောက်ဖော်ပြပါဇယားအတိုင်း လေ့လာသိရှိရပါတယ်။

| သီးနှံအမည် | ၂၀၁၆ ခုနှစ်ဧပြီလ | | ၂၀၁၇ ခုနှစ် ဧပြီ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၄၈၅၀၀ | ၅၃၅၀၀ | ၃၀၄၀၀ | ၃၅၃၀၀ |
| ပဲစင်းငုံ | ၄၆၆၀၀ | ၄၉၆၀၀ | ၂၀၅၀၀ | ၂၃၃၀၀ |
| ပဲတီစိမ်း | ၃၀၀၀၀ | ၃၅၀၀၀ | ၂၇၀၀၀ | ၃၅၀၀၀ |
| ကုလားပဲဖြူလုံးကြီး | ၃၂၀၀၀ | ၃၉၅၀၀ | ၄၁၅၀၀ | ၄၇၀၀၀ |
| ကုလားပဲ 929 | ၃၀၈၀၀ | ၃၅၇၀၀ | ၃၄၀၀၀ | ၃၉၀၀၀ |
| ပဲကြီး | ၂၃၀၀၀ | ၂၇၅၀၀ | ၃၅၀၀၀ | ၄၀၀၀၀ |
| စွန်တာနီ | ၁၄၂၀၀ | ၁၅၂၀၀ | ၁၇၅၀၀ | ၂၀၅၀၀ |
| ထောပတ်ပဲ | ၁၂၀၀၀ | ၁၂၇၀၀ | ၁၈၀၀၀ | ၂၁၅၀၀ |
| မြေထောက်ပဲ | ၁၇၀၀၀ | ၁၈၂၀၀ | ၂၉၀၀၀ | ၃၂၀၀၀ |
| ပဲယင်း | ၁၄၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၆၅၀၀ |
| ပဲလွန်းပြာ | ၂၀၅၀၀ | ၂၁၀၀၀ | ၂၃၀၀၀ | ၂၃၅၀၀ |
| စီပီပြောင်း | ၇၂၀၀ | ၇၇၀၀ | ၆၂၀၀ | ၆၆၀၀ |

ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း ဈေးကွက်အခြေအနေမှာ ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် မတ်ပဲတစ်တင်း နိမ့်မြင့် ပေါက်ဈေးနှုန်းမှာ ကျပ် ၄၈၅၀၀၊ ကျပ် ၅၃၅၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ်ကာလတူပေါက်ဈေးထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းများမှာ ကျပ် ၃၀၃၀၀ ဖြစ်ပြီး နေ့စဉ်အိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၄၆၆၀၀ ၊ ကျပ် ၄၉၆၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်ကာလတူ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၀၅၀၀၊ ကျပ် ၂၃၃၀၀ နှုန်းဖြစ်လို့ ယခင်နှစ်ကာလတူနှုန်းနှင့် နှိုင်းယှဉ်ပါက ထက်ဝက်နီးပါးလျော့နည်းနေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကျပ် ၁၉၅၀၀ နှုန်းဖြစ်ပြီး အိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပြည်ပဝယ်လက်ပဲဈေးကွက်သာမက ပြည်တွင်းဝယ်လက်ပဲဈေးများထက် လျော့နည်းနေကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၃၀၀၀၀ မှ ကျပ် ၃၅၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက အနည်းငယ်သာ ကွာခြားမှုရှိကြောင်း တွေ့ရပါတယ်။ ယခုနှစ်ဧပြီလအတွင်း ပဲဝင်ရောက်မှုမှာ မရှိသလောက်နည်းသွားပြီး အရောင်းအဝယ်ဖြစ်မှုမှာလည်း အနည်းငယ်သာရှိကြောင်း သိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲဖြူလုံးကြီး၊ 929 နဲ့ ပဲကြီးသီးနှံများမှာ နေ့စဉ်ဝင်ရောက်လျက်ရှိသလို အရောင်းအဝယ်လည်းဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ 929 သီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၃၂၀၀၀ မှ ကျပ် ၃၉၅၀၀၊ 929 တစ်တင်း ကျပ် ၃၀၈၀၀ မှ ကျပ် ၃၅၇၀၀ နှုန်းနှင့် အရောင်းအဝယ်ဖြစ်ပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၄၁၅၀၀၊ ကျပ် ၄၇၀၀၀၊ 929 တစ် တင်း ကျပ် ၃၄၀၀၀၊ ကျပ် ၃၉၀၀၀ နှုန်းပေါက်လျက် ယခင်နှစ်ကာလတူဈေးနှုန်းနဲ့ ပြည်ပဝယ်လက်ပဲများပေါက်ဈေးထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ကျပ် ၄၁၀၀၀၊ 929 တစ်တင်း ကျပ် ၃၇၀၀၀ နှုန်း အသီးသီးရှိပြီး အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပဲကြီးသီးနှံမှာ ၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်းဖြစ်ပေါ်ခဲ့တဲ့ နိမ့်၊ မြင့်ပေါက်ဈေးနှုန်း ကျပ် ၂၃၀၀၀၊ ကျပ် ၂၇၅၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခုနှစ်ကာလတူဈေးမှာ ဈေးမြင့်လျက်ရှိကြောင်း တွေ့ရပါတယ်။ ပဲကြီးသီးနှံကို ပြည်တွင်းသုံးအနေနဲ့ ပဲကြော်ဖိုသမားများ ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုတစ်ပတ် ကျပ် ၄၁၀၀၀ နှုန်းဖြင့် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

စာမျက်နှာ (၂၄)သို့ ➢

သင်နှင့် သင့်မိသားစု ကျန်းမာရေးစိတ်အေးစေဖို့
ဂလိုဘယ်ဝေါ(လ်) မှာ အာမခံထားပါ



GLOBAL WORLD INSURANCE CO.,LTD

NEW VERSION

HEALTH insurance

HOT LINE : 09 - 33087771
: 09 - 33087774

ရုံးချုပ် ► အမှတ်(၃၉)၊ ရွှေသာလျှောင်ဗိမာန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန် ► အမှတ် (၁၃၃ — ၁၃၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေး ► အမှတ် (၈၆)၊ ၆၂ လမ်း၊ ၃၇ × ၃၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
မကွေး ► အမှတ် (၁၁—၁၂)၊ တိုင်း(အား/ကာ)တိုက်တန်း၊ ရန်ကျော်ရပ်၊ မကွေးမြို့။

SGS IS THE WORLD'S LEADING INSPECTION, VERIFICATION, TESTING AND CERTIFICATION COMPANY

SGS (Myanmar) Limited
79/80, Bahosi Housing Complex
Wardan Street, Lanmadaw Tsp,
Yangon, Myanmar.

Tel : 95-1-211562, 211537, 211538, 211547
Fax : 95-1-211548, 211549
Mail :sgs@myanmar.com.mm
Web :www.sgs.com,www.sgsmyanmar.com



SGS
PAO ACCREDITED QMS CERTIFICATION BODY MSA – 002

Certificate Number PH14/1085

WHEN YOU NEED TO BE SURE

SGS

KBK
KABA KYAW TRADING COMPANY LIMITED
DRINKING WATER, PORTABLE WATER & WASTE WATER TREATMENT

ရေမသန့်လို့ စိတ်ညစ်နေပါသလား.... ကျွန်တော်တို့ သတိရလိုက်ပါ

Global GROUP ISO 9001:2008
UKAS QUALITY MANAGEMENT 039

အိမ်သုံး ဆေးရုံသုံး၊ကျောင်းသုံး စက်ရုံသုံး
ရေသန့်စက် နှင့် စက်အပိုပစ္စည်းအမျိုးမျိုး
တစ်နေရာတည်း မှာ ဝန်ဆောင်မှု အပြည့်ဖြင့်
ဝယ်ယူရရှိနိုင်ပါသည်။




YGN : No. K 21/22, Nwethargi Street, Bayintnaung Pweyonetan, Mayanggone Township, Yangon, Myanmar.
Tel : 95-1-686138, 686139, 682438, 682580. Fax: 682438.
MDY : No. 1, 73 Street, Between 30 & 31 st, Mingalar Market, Mandalay.
Tel : 02-61626 Ext-5009, 74571, 09 91011209.
NPT : No 174, Thiriyadana shopping complex, Naypyitaw.
Tel : 067-420847, 09 49208410, 09 49206850.
Mail : mar.kyikyi@gmail.com

TET NAY LIN CO.,LTD



Tet Nay Lin Co.,Ltd
No-11 Khwar Nyo 7th Str, Hta Qtr,N/okkalapa Tsp,Yangon, Myanmar.
Phone +95933250103 , +959775145650
Email- Hairmyanmar@tetnaylintrades.com, Hairmyanmar@Gmail.com
www.burmesehair.info , WhatsApp & Viber - +95933250103 , +959775145650












မြတ်မေတ္တာမွန်ကျောက်မျက်ကုမ္ပဏီလီမိတက်မှ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို
စစ်မှန်သောအရည်အသွေး၊ ပြည့်ဝသော အချင်အတွယ် မှန်ကန်သောဈေးနှုန်း
ကောင်းမွန်သောဝန်ဆောင်မှုတို့ဖြင့် ဆောင်ရွက်ပေးလျှက် ရှိပါသည်။



ရုံးချုပ်

အမှတ် ( 32-D) 32ရိပ်သာလမ်းကြား
ပြည်လမ်း(၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်။
၀၁-၅၀၇၂၃၈၊ ၀၁-၅၀၇၀၅၆၊ ၀၁-၅၃၇၉၃၉

## ရော်ဘာ

# ဧပြီလအတွင်း ရော်ဘာ ပိုမိုတင်ပို့

ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၆၆ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၅၆၇၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ အမျိုးအစားများမှာ RSS 3 ၄၁၆၆ တန်ခန့်၊ RSS 5 တန်ချိန် ၅၆၀ ကျော်၊ MSR 20 ၉၄၅ တန်ကျော်ဖြစ်ပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၈၉၈ သန်း တန်ဖိုးရှိ RSS 3 ရော်ဘာ ၅၃၇ တန်ကျော်တင်ပို့ခဲ့ရာ ကုန်သွယ်ရေး စခန်းနှစ်ခုပေါင်းရဲ့ တင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၆၄ သန်းနဲ့ ၆၂၀၈ တန်ကျော်ဖြစ်ပါတယ်။ ဧပြီ ၁ ရက်မှ ၂၈ ရက်အထိ ရော်ဘာ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇၃၂ သန်းဖိုးနဲ့ ပမာဏအားဖြင့် ၁၀၆၅၁ တန်ဖြစ်ပါတယ်။ အနီးစပ်ဆုံး မတ် လက တင်ပို့ခဲ့တဲ့ ရော်ဘာ ၁၀၆၁၃ တန်နဲ့နှိုင်းယှဉ်ပါက ဧပြီ လ ရော်ဘာတင်ပို့မှုမှာ ၃၇ တန်ပိုမိုခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၁၅ သန်း တန်ဖိုးရှိ ရော်ဘာ MSR 20 TSR ၂၉၄ တန်ကို ဂျပန်သို့ တင်ပို့ခဲ့ပါတယ်။ ဧပြီ ၁ ရက်မှ ၂၉ ရက်အထိ တစ်လအတွင်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၈ သန်း တန်ဖိုးရှိ ရော်ဘာ ၁၈၀၈ တန် ခန့်တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလဖြစ်တဲ့ မတ်လကတင်ပို့ခဲ့တဲ့ ၁၇၈၁ တန် ကျော်နဲ့ နှိုင်းယှဉ်ပါက ဧပြီလမှာ ၂၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး အတက် အကျ အနည်းငယ်သာရှိပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ကွာခြား မှု အနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ ရော်ဘာ FOB ဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှု မရှိဘဲ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်း ထုတ်ပြန်ထားကြောင်း သိရပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၈၀၀-၁၉၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၅၀-၁၈၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၂၀၀၀-၂၁၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |

**ယဉ်ယဉ်အေး**

# တရုတ်နဲ့ ထိုင်းနယ်စပ်မှ သီဟိုဠ်စေ့ ၁၇ တန်ကျော်တင်ပို့

တရုတ်နဲ့ ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေး ဇုန်များမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၇ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က တင်ပို့နိုင်ခြင်းမရှိပဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့နိုင်တာတွေ့ရပါတယ်။

တင်ပို့မှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ် လာ သုည ဒသမ ၀၃၆ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ခြောက်တန်၊ မြဝတီ ကုန် သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၀ တန်ကျော်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိ ကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ တစ်တန်ကျော်ခန့် တင်ပို့ခဲ့ကြောင်းသတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ ပရဆေး တန်ချိန် တစ်ထောင်ကျော် တင်ပို့

ဧပြီ ၂၂ရက်မှ ၂၈ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၉ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၂ မျိုး၊ တန်ချိန်အားဖြင့် ၁၁၈၁တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ပရဆေး ၂၀၃တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၇၈တန် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေး အမယ်များမှာ ကွမ်းစားဂမုန်း၊ တောချင်း၊ ချင်းခြောက်၊ နန္နွင်း တက်၊ နန္နွင်းခေါင်း၊ ဆီးဆန်၊ ကြောင်လျာစေ့၊ မိကျောင်းကွမ်းဖတ်စေ့နဲ့ မာလာဥခေါင်းတို့ဖြစ်ပါတယ်။ ဧပြီလတစ်လလုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ပရဆေးတန်ချိန် သုံးထောင်ခန့် တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

ယခု ရက်သတ္တပတ်အတွင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၆၂၃၀၀ တန်ဖိုးရှိ ကြက်ဆူစေ့ ၈၉ တန် တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

**စာမျက်နှာ - ၁၅ မုံရွာစက်မှုဇုန်တွင် အဆင့်မြင့်ငြိမ်းချမ်းရေး ….မှအဆက်**

ကျော်လွှားနိုင်ခြင်း၊ အခြောက်ခံစက်ပါရှိပြီး ဖြစ်ခြင်းကြောင့် နေလှမ်းကွင်းနေရာများစွာ မလိုအပ်ခြင်း၊ သန့်စင်မှု အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ တစ်ရက်ထွက်ရှိမှု ပမာဏမြင့်မားခြင်းကြောင့် ဈေးကွက်လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ခြင်း အကျိုးကျေးဇူးများ ထူးခြားကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဈေးကွက်ကို ပဲမျိုးစုံတင်ပို့ရာတွင် ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းမပြုဘဲ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်တိုးမြှင့်တင်ပို့နိုင်ရေး၊ ဈေးကွက်ဈေးနှုန်း ပိုမိုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ရာ ယခုကဲ့သို့သော စက်ကြီးများကို ကြိုဆိုလိုက်ရပါသည်။

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၂ ရက်မှ ၂၈ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၉၄၄တန်ဖိုးရှိ လက်ဖက်ခြောက် ၇၆ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၉ တန်ကျော်တင်ပို့ခဲ့ပြီး ဧပြီ တစ်လလုံးမှာတော့ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တန် ၁၅၀ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၇၉၂၆ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၆ တန်နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုမရှိဘဲ ဧပြီလအတွင်း တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် တန် ၈၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

လက်ရှိတွင်မြန်မာ-ဂျာမန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ နည်းပညာပံ့ပိုးမှုနဲ့ ရှမ်းပြည်နယ်အတွင်း လက်ဖက်ခြောက်စက်ရုံ ခုနစ်ရုံ တည်ဆောက်နေကြောင်း၊ ဂျာမနီသို့ လက်ဖက်ခြောက်များ တင်ပို့ရာတွင် အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးထားတဲ့ လက်ဖက်များ ဖြစ်ရမည်ဖြစ်ပြီး ပင်းတယမြို့နယ်ရှိ စံပြစက်ရုံမှထွက်တဲ့ လက်ဖက်ခြောက်များကို တင်ပို့သွားမည်ဖြစ်ကြောင်း ပင်းတယ လက်ဖက်လုပ်ငန်းရှင်အစုအဖွဲ့မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပြောင်း

# ရှမ်းပြောင်းကို အစာစပ်သမားများသာ အဝယ်လိုက်

ရှမ်းပြောင်းကတော့ ဈေးကွက်မှာ အဝင်နည်းလာပါပြီ။ လှောင်လက်တွေမှာတော့ လက်ကျန်တွေရှိနေပါသေးတယ်။ သင်္ကြန်ပြီးစမှာ မူဆယ်ဝယ်လက်တွေ အဝယ်များပေမယ့် ဒီလဆန်းမှာတော့ အဝယ်ရပ်နေပါတယ်။ ဒါပေမယ့် တိရစ္ဆာန်အစာစပ်တွေက ဝယ်ယူနေပါသေးတယ်။ အစာစပ်ကုမ္ပဏီတွေကတော့ သတ်မှတ်လျာထားချက်မပြည့်သေးလို့ အဝယ်ရှိနေသေးတယ်လို့ သိရပါတယ်။ မိုးပြောင်းတွေကို မေလမှာ စပြီးစိုက်မှာဖြစ်ပေမယ့် မိုးမရွာသေးလို့ စိုက်ဖို့စောင့်နေကြရတယ်လို့လည်း သိရပါတယ်။ ဈေးကွက်ကိုဝင်တဲ့ပြောင်းတွေက နည်းသွားပေမယ့် လှောင်လက်တွေလက်ထဲမှာတော့ ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။ သင်္ကြန်ပြီးစမှာ မူဆယ်ဝယ်လက်တွေက အတော်များများဝယ်ယူကြတာကြောင့် တစ်ပိဿာကို ကျပ် ၃၈၀ ဈေးအထိမြင့်တက်ခဲ့တယ်လို့လည်း သိရပါတယ်။ တစ်ပတ်ခန့်သာဈေးတက်လာပြီး ဒီတစ်ပတ်မှာတော့ တစ်ပိဿာကိုကျပ် ၃၆၀ ဈေးသာရှိတယ်လို့လည်း သိရပါတယ်။

တိရစ္ဆာန်အစာစပ်အတွက် ဝယ်ယူနေတဲ့ ပြောင်းကတော့ ပစ္စည်းပေါ်မူတည်ပြီး ဝယ်ယူနေကြတယ်လို့သိရပြီး တစ်ပိဿာကိုတော့ အနိမ့်ဆုံး ကျပ် ၃၅၀ ဈေးပေါက်တယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

# ဧပြီလမှာ ပင်လယ်ရေကြောင်းမှ ပြောင်းတင်ပို့မှုလျော့ကျ

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၅၆၀ တန်ဖိုးရှိ ပြောင်း ၁၉၂ တန်ကို စင်ကာပူနိုင်ငံတစ်နိုင်ငံတည်းသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မလေးရှားနိုင်ငံသို့ တန် ၅၀၀ နဲ့ ဗီယက်နမ်နိုင်ငံသို့ ၆၄၄ တန် စုစုပေါင်း ၁၁၄၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ပြောင်းတင်ပို့မှု ၉၅၂ တန်လျော့နည်းခဲ့ပါတယ်။

ဧပြီ ၁ ရက်မှ ၂၉ ရက်အထိ တစ်လအတွင်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၀ သန်းတန်ဖိုးရှိ ပြောင်း ၉၁၇၄ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး မတ်လနဲ့ နှိုင်းယှဉ်ပါက မတ်လက ၂၆၂၇၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ဧပြီလမှာ ပြောင်းတင်ပို့မှု တန်ချိန် ၁၇၁၀၀ လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ် ပြောင်းတစ်တန်ရဲ့ FOB ဈေးမှာ ဒေါ်လာ ၁၇၀ - ၂၀၀ ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**



## သကြား

# တရုတ်နယ်စပ်မှ သကြားပိုမိုတင်ပို့ ထိုင်းနယ်စပ်မှ သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၁၄သန်း တန်ဖိုးရှိ သကြား ၂၈၈၉၉တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၅၇၀၉ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၃၁၉၀ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါ စခန်းနှစ်ခုပေါင်းက တင်ပို့ခဲ့တဲ့ သကြား ၅၆၅၄ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ သကြားတန်ချိန် ၂၃၂၄၅ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ် အတွင်း သကြား တစ်တန်ကို ကျပ် ၈၃၃၇၆၀ ရှိပြီး တစ်ဖက်တရုတ်နိုင်ငံမှာ ၄၃၂၀ ယွမ်ဈေးရှိကြောင်း ဧပြီလအတွင်း မူဆယ်မှ တန်ချိန် ခြောက်သောင်း ကျော်၊ ချင်းရွှေဟော်မှ တန်ချိန် ငါးထောင်ကျော်ခန့် တရုတ်နိုင်ငံသို့ တင် ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်မှ ယခု သီတင်းပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၇၀၆ သန်း တန်ဖိုးရှိ Re-Expor သကြား ၁၂၈၃ တန် တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ တန် ၁၁၃၀ နဲ့ နှိုင်းယှဉ်ပါက ၁၅၃ တန် ပိုမိုတင်သွင်းခဲ့ကြောင်း၊ ဧပြီလအတွင်း မြဝတီမှတစ်ဆင့် သကြားတန်ချိန် လေးထောင်နီးပါးကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

# တစ်နှစ်တာအတွင်း အရှိန်အဟုန် ရနေပြီဖြစ်သည့် စားသုံးသူများအတွက် စားသုံးသူအကာအကွယ်ပေးရေး

| နိုင်ဦး၊ မြင့်မြင့်ချို |



မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ဥပဒေစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄) အား ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀) ဖြင့် အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ဥပဒေအရ(စားသုံးသူ/သုံးစွဲသူ) ကို အကာအကွယ်ပေးရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအား ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် ဌာနခွဲခြောက်ခုဖြင့် သီးခြားဦးစီးဌာနအဖြစ် ဖွင့်လှစ်တာဝန်ပေးအပ်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင်လည်း တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများ၊ ခရိုင်ရုံးများကို စနစ်တကျဖွဲ့စည်းကာ ဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် ရည်မှန်းချက်များဖြစ်သည့် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွား ကာကွယ်ရေးဆောင်ရွက်ရန်၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် သုတေသနဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်ရန်စသည့်အချက် များ ချမှတ်၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် စားသုံးသူ ပြည်သူများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးအတွက် အစိုးရသစ်လက်ထက်တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအသစ်အား ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဆွေးနွေးပွဲများ ကျင်းပကာ အကြံပြုချက်များရယူ၍ ရေးဆွဲခဲ့ပါသည်။ ရေးဆွဲခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအသစ် (မူကြမ်း) အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံထားပြီး ဖြစ်ပါသည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၁၂/၂၀၁၆)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါ သည်။ ထို့အပြင် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် တိုင်းဒေသ ကြီး/ပြည်နယ်/ခရိုင်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို ဖွဲ့စည်းခဲ့၍ တည်ဆဲ ဥပဒေနှင့်အညီ တိုင်ကြားလာမှုများနှင့် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ် အရေးယူဆောင် ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များအနေဖြင့် အစည်းအဝေး ၇၂ ကြိမ်နှင့် လုပ်ငန်းကော်မတီနှစ်ရပ်မှ အစည်းအဝေး ၆၄ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများတွင် စားသုံးသူပြည်သူများ၏ တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်ခြင်း ၂၃ ကြိမ်၊ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း ၁၇ ကြိမ်အထိ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် အသိပညာ ပေးဟောပြောခြင်း ၁၁၂၅၃ ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း ၅၆၆၉ ကြိမ်၊ ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲ ၁၅ ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ၅၀၉ ကြိမ်၊ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း ၈၁ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် မတ်လ ၁၅ ရက်တွင်ကျရောက်ခဲ့သည့် "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့"တွင် စားသုံးသူအခွင့်အရေးများ အပြည့်အဝ ရရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည်၊ ဝန်ဆောင်မှုများကို ဖော်ဆောင်နိုင်ရေးနှင့်စားသုံးသူအခွင့်အရေးများအား သိရှိစေရန်အတွက် အခမ်းအနား (WCRD) ကိုကျင်းပပြုလုပ်ပေးခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် USAID နှင့် EU-GIZ စသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ စားသုံးသူ အခွင့်အရေးပိုမိုသိရှိစေရေး၊ ဥပဒေခိုင်မာစေရေးနှင့် ဆောင်ရွက်မည့်လုပ်ငန်းများပိုမိုထိရောက်စေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် အာဆီယံ စားသုံးသူ အကာအကွယ်ပေးရေး ကော်မတီ (ACCP) တို့နှင့်ပူးပေါင်း၍လည်း ၊ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် စားသုံးသူပြည်သူများအား စားသုံးသူအခွင့်အရေးများ အပြည့်အဝ ရရှိစေရေးနှင့် ပြည်တွင်းလုပ်ငန်းရှင်များအား ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ပါသည်။ စားသုံးသူများအနေဖြင့် မိမိတို့၏နစ်နာမှုများကို စားသုံးသူအကာအကွယ် ပေးရေး ဥပဒေ (၂၀၁၄) ပါ ပြဋ္ဌာန်းချက်များအရ လွတ်လပ်ပွင့်လင်းမြင်သာစွာ အလွယ်တကူ တိုင်ကြားနိုင်ရေးအတွက်လည်းကောင်း၊ မြန်ဆန်သွက်လက်စွာ ဖြေရှင်းပေးနိုင်ရေးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (Consumer Information and Complaint Center – CICC) ရုံးများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ဆောင်မှုနှင့်ပတ်သက်၍ အသက်ကယ်လေအိတ် မပွင့်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ လက်ကိုင်ဖုန်း၊ တီဗွီများကို ဝယ်ယူသုံးစွဲရာတွင် အာမခံကာလအတွင်း ပျက်စီး၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ သုံးစွဲရန် မသင့်သောခြင်ဆေး၊ စားသုံးရန် မသင့်သော အေးခဲအသားများ၊ ကြက်ဥ၊ ငရုတ်သီးမှုန့်များ စသည့် အစားအသောက်များအပြင် ငါးပိရည်ကျိုမှုင်ငါးပိများတွင် ဓာတ်မြေသြဇာများ၊ ခွင့်မပြုဓာတုဆိုးဆေးများ အသုံးမပြုရေးအတွက် ပညာပေးဟောပြောဆွေးနွေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာ ဆက်စပ်အဖွဲ့များနှင့်လည်း ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ကွင်းဆင်း စစ်ဆေးချက်များအရ သံသယဖြစ်ဖွယ် တွေ့ရှိလျှင်လည်းကောင်း၊ တိုင်တန်းလာလျှင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက် ပေးလျက်ရှိပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများအား စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် စားသုံးသူများ၏ နစ်နာ ဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရန် အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ဖော်ပြပါ တယ်လီဖုန်း၊ Fax များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်-

တိုင်းဒေသကြီး/ ပြည်နယ်ဖုန်းနံပါတ် - Fax နံပါတ် ရန်ကုန် ၀၁-၂၄၅၀၈၆၊ ၀၁-၃၇၅၀၅၈၊ ပဲခူး ၀၅၂-၂၂၂၁၁၀၈၊ ၀၅၂-၂၂၂၁၈၄၄၊ ဧရာဝတီ ၀၄၂-၂၄၅၂၃၊ ၀၄၂-၂၄၅၂၀၊ မန္တလေး ၀၂-၃၆၃၄၀၊ ၀၂-၃၆၃၄၀၊ ရခိုင် ၀၄၃-၂၃၄၂၆၊ ၀၄၃-၂၁၁၁၇၊ မကွေး ၀၆၃-၂၃၁၉၆၊ ၀၆၃-၂၃၁၉၉၊ ရှမ်း(တောင်ပိုင်း) ၀၈၁-၂၁၂၁၆၁၅၊ ၀၈၁-၂၁၂၁၆၂၇၊ ရှမ်း(အရှေ့ ) ၀၈၄-၂၁၀၃၄၊ ၀၈၄-၂၁၀၃၄၊ ရှမ်း(မြောက်) ၀၈၂-၂၂၀၃၄၉၃၊ ၀၈၂-၂၂၀၃၀၃၉၊ ကရင် ၀၅၈-၂၁၀၄၁၊ တနင်္သာရီ ၀၅၉-၂၁၀၅၆၊ ၀၅၉-၂၂၆၀၅၊ ၀၅၉-၂၁၀၆၉၊ ကချင် ၀၇၄-၂၂၄၁၇၊ ၀၇၄-၂၂၄၅၉၊ ၀၇၄-၂၂၃၃၅၊ ကယား ၀၈၃-၂၁၄၉၇၊ ၀၈၃-၂၁၀၀၅၊ မွန် ၀၅၇-၂၄၈၀၉၊ ၀၅၇-၂၄၃၁၈ ၊ စစ်ကိုင်း ၀၇၁-၂၁၀၂၀၊ ၀၇၁-၂၁၁၅၉ တို့ဖြစ်ပါသည်။

သို့ပါ၍ စားသုံးသူရေးရာဦးစီးဌာနသည် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ပညာပေး ဟောပြောဆွေးနွေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ "ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့" အခမ်းအနားများ ကျင်းပခြင်းများ ပြုလုပ်ပေးခဲ့သည့်အပြင် စားသုံးသူများ၏အခွင့်အရေးများကို တစ်နှစ်ထက်တစ်နှစ်ပိုမိုဖြည့်ဆည်းပေးနိုင်ရေးနှင့် အကျိုးစီးပွား နစ်နာမှုများအား ကာကွယ်ပေးနိုင်ရေးတို့အတွက် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ဖွင့်လှစ်ထားသော နစ်နာမှုများအား CICC များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများသို့ တိုင်ကြားပေးကြပါရန် နွေးထွေးပျူငှာစွာ ဖိတ်ခေါ်အပ်ပါသည်။

စာမျက်နှာ (၁၂) ၌ ငဲ့စောင်းကြည့်ရမည့် .....မှအဆက်

လည်း တီထွင်ဖန်တီးသင့်သည်ဟု ထင်ပါသည်။ မုန့်စားပွဲတော်များ၊ ရိုးရာမုန့်ပွဲတော်များကို ၁၂ လရာသီပွဲများနှင့်တွဲပြီး လုပ်ပေးသင့်သည် ထင်ပါသည်။ ပြည်တွင်းဈေးကွက်တွင် ပဲမျိုးစုံကို ပင်မအစားအစာ အဖြစ်အပြင် မုန့်များ သွားရေစာများ အခြားနည်းလမ်းများဖြင့်ပါ ဈေးကွက်ကျယ်ပြန့်အောင် လုပ်ပေး နိုင်လျှင် သန်း ၅၀ တည်းဟူသော ဈေးကွက်တစ်ခုကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။

ယခုအခါ ကုန်သည်များ ကုမ္ပဏီများအနေနှင့်လည်း Corporate Social Responsibility, Creative Share Value စသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရင်း သူတို့၏ လုပ်ငန်းနှင့် ကုန်စည်များကို တန်ဖိုးမြှင့်တင်နေကြရပါသည်။ ယင်းသို့ လုပ်ကိုင်နေရင်းပင် ပဲမျိုးစုံကို ပြည်တွင်းဈေးကွက်တွင် တွင်ကျယ်လာအောင် စားသောက်မှုပုံစံများနှင့် ဈေးပွဲတော်များ လုပ်ပေးလျှင် တိုးတက်လာမည်ဟု ယူဆပါသည်။ ၁၉၇၀ ခုနှစ်ခန့်က ပြည်တွင်းတွင် ရေချိုငါးများကိုသာ စားသုံးသည့် ဓလေ့ရှိခဲ့ရာ ပင်လယ်ငါးကို စားသုံးစေရန် စည်းရုံးခဲ့ကြရသည် သတင်းစာများတွင် 'ခေတ်မီသူတိုင်း ပင်လယ်ငါးစားသည်'ဟူသော စာများထည့်သွင်းပြီး ပင်လယ်ငါးကို ပြည်သူများ စားသုံးလာအောင် လုပ်ခဲ့ကြရသည်ကို တွေ့ခဲ့ဖူးပါသည်။ ယင်းကဲ့သို့ပင် ကန်ပက်လက်မြို့တွင် ထောပတ်သီး စိုက်ပျိုးမှု တိုးတက်လာစေရန်နှင့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်းမှ သွားရောက်ဆောင်ရွက်သည့် ခရီးစဉ်တွင် ထောပတ်သီးစားသုံးမှုကို ချက်စားနည်း၊ ထောပတ်သီးသုပ်စားနည်း၊ လက်ဖက် နှင့် စားနည်း၊ ရေခဲမုန့်လုပ်စားနည်း၊ ကျောက်ကျောလုပ်စားနည်း စသည်တို့ကိုပါ သင်ကြားပြသပြီး စားသုံးမှုတိုးစေရန် ဆောင်ရွက်ပေးခဲ့သည်ကိုလည်း သတိရမိပါသည်။

ပဲမျိုးစုံကိုလည်း ယခုကဲ့သို့ပင် ပြည်တွင်းတွင်စားသုံးမှုပုံစံများ များပြားလာအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပဲမျိုးစုံအတွက် ပြည်ပဈေးကွက်သာမက ပြည်တွင်းဈေးကွက်လည်း ကျယ်ပြန့်လာပြီး တောင်သူများ စိုက်ပျိုးချိန်တွင် ဈေးမရသည့် ပြဿနာကိုလည်း ဖြေရှင်းနိုင်မည်ဟု ယူဆမိပါကြောင်း တင်ပြလိုက်ရပါသည်။



## ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇) ကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူးဦးထွန်းဝေက နိုင်ငံတော်၏ တိုးတက်လာသော လူဦးရေနှင့်အညီ ကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လာကြရာ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာကြောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် အငြင်းပွားမှုဖြစ်လာလျှင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဆက်လက်လုပ်ဆောင်သွားရမည့် လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးစေလိုကြောင်း အဖွင့်အမှာစကားပြောကြားပါသည်။

ဆက်လက်ပြီးခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) မှ အစည်းအဝေးဆုံးဖြတ်ချက်များအား ဆောင်ရွက်ပြီးစီးသည့် လုပ်ဆောင်ချက်များ၊ အနောက်ပိုင်းခရိုင်အတွင်း မြို့နယ်အလိုက် အသိပညာပေးဟောပြောပွဲကျင်းပခြင်း အခြေအနေများ၊ ဈေးများအတွင်း အသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းခြင်း၊ စားသုံးသူ အသိပညာပေးဆိုင်းဘုတ်ကို မြို့နယ်ငါးမြို့နယ်တွင် စိုက်ထူပြီးစီးမှု အခြေအနေများ၊ ဈေးများအတွင်း စားသုံးရန်မသင့် သိမ်းဆည်းရမိသော စားသောက်ကုန်များအား စည်ပင်သာယာဥပဒေနှင့်အညီ ဖျက်ဆီးမှုများအား မှတ်တမ်းဓာတ်ပုံများနှင့်တကွရှင်းလင်းပါသည်။

ထို့နောက် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးသန့်က အစားအသောက်၊ လူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဈေးများအတွင်းလိုက်လံစစ်ဆေးခြင်းသည် အလွန်ကောင်းပါကြောင်း၊ ဟောပြောပွဲများဆောင်ရွက်ခြင်းကြောင့် အသိပညာ ဗဟုသုတများ ရရှိသည့်အတွက် အထောက်အကူပြုပါကြောင်း ကျန်းမာရေးဌာနအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

ထို့နောက် ၂၀၁၈ ခုနှစ် မေလအတွင်း အသိပညာပေးရေးအတွက် ဟောပြောပွဲ လျာထားချက်၊ အငြင်းပွားမှုအဖွဲ့မှ ကွင်းဆင်းစစ်ဆေးမည့် ဈေးများအား လျာထားချက်ကို အတည်ပြုခြင်းနှင့် ရှေ့ဆောင်ရွက်မည့်လုပ်ငန်းများကို ဆုံးဖြတ်ခဲ့ပါသည်။

**သန်းအေး(စားသုံးသူ)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၇၉) လမ်း | ၇၅၀ စ/ပေ (၅) လွှာ | အခန်းဖွဲ့ | ၂၈၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ၊ | (၁၃ x ၅၀) ပေ | (တ) ထပ်၊ ခန်းဖွဲ့ | ၅၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း | ၁၀၀၀ စ/ ပေ | (၅)လွှာ၊ ခန်းဖွဲ့ | ၈၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့် | ၇၅၀ စ/ပေ | (၅) လွှာ | ၆၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | ခြံ/မြေ | လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ | ၁ ဧက | ရော်ဘာခြံ | ၃၅၀ သိန်း | အမြန်လမ်းနီး | ၀၉/၅၁၁၇၂၆၂ |
| ၆။ | လုံးချင်းအိမ် | ဗဟန်းမြို့နယ်၊ သံလွင်လမ်း | ၄၅၀၀ စ/ပေ | RC (၁)ထပ် | ၁၅ သိန်း | ၁လအငှားနှုန်း | ၀၉/၉၇၆၂၁၁၂၃ |
| ၇။ | မြေ | ရန်ကင်းမြို့နယ်၊ ပါရမီ | (၄၀ x ၆၀) | မြေသီးသန့် | ၃၈၀၀ သိန်း | ရပ်ကွက်သန့် | ၀၉/၉၇၆၂၁၁၂၃ |
| ၈။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၅ x ၄၅) ပေ | RC (၁)ထပ် | ၂၈၀၀ သိန်း | ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | လုံးချင်းအိမ် | ပြင်ဦးလွင်မြို့ နန်းမြိုင်လမ်းသွယ် | မြေ ၆၀၀၀ စ/ပေ | အိမ် RC (၁)ထပ် | လေးသိန်းခွဲ | ၁လအငှားနှုန်း ဆိတ်ငြိမ်ရပ်ကွက် | ၀၉/၅၁၁၇၂၆၂ |

## ပုသိမ်မြို့စားသုံးသူရေးရာ ဦးစီးဌာနတွင် (၁၄) ကြိမ်မြောက် တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးပြုလုပ်

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ(၂)တွင် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၁၄)ကြိမ်မြောက် အစည်းအဝေးကို ဧပြီ ၂၇ ရက်က ကျင်းပပြုလုပ်ရာ တိုင်း အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ တိုင်းအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စံုစမ်းစစ်ဆေးရေးဦးစီးဌာန၊ တိုင်းရင်းဆေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့ဝင် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က အဖွင့် အမှာစကားပြောကြားပြီး အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က (၁၃) ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၁၇ ခုနှစ်၊ မေလတွင် ဆောင်ရွက်မည့် လျာထားချက်များ၊ စားသုံးသူရေးရာဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ညွှန်ကြားချက်များကို တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင် မိတ်ဖက်ဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်နှင့် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းရာတွင်လည်း FDAမှ တစ်ဦး ပါဝင်ဖွဲ့စည်းရန်၊ တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် ခရိုင်အလိုက် ရှောင်တခင်စစ်ဆေးမှု အပိုင်းမှာလည်း ဈေးတစ်ဈေး၊ အလုပ်ရုံ သုံးရုံထက်မနည်း စစ်ဆေးမှုများကို လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ရေး၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လစဉ်လတိုင်း အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အစည်းအဝေးတွင် တင်ပြသွားရန်နှင့် တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှလည်း ဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမှာ ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များက ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ခရောင်း (၂၀၀၄) | ယာယီ | ၃၀၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၃၉၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | အာလ်ဖတ် (၂၀၀၃) | 2L | ၃၀၀ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | ဝှရှ် (၂၀၀၉) | ယာယီ | ၃၀၀ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၃ သိန်း | 1.3 ဓာတ်ဆီ၊ ဂျီပီ (၁) |
| ၇။ | ဟွန်ဒါ/ ရှပ်တယ် (၂၀၁၁) | 3M | ၂၅၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ရက်တစ် (၂၀၁၁) | ယာယီ | ၁၅၅ သိန်း | နယ်လိုင်စင် |
| ၉။ | အပ်ကား | | ၁၀၃ သိန်း | ကားကောင်း |

## ဧပြီလအတွင်းဖြစ်ပေါ်ခဲ့သည့် မန္တလေးမှ မူဆယ် ကုန်သယ်ယူခနှုန်းထားများ

၂၀၁၇ ခုနှစ် ဧပြီလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်ပစ္စည်းသယ်ယူခများမှာ ပို့ကုန်ပစ္စည်းအနေနဲ့ ဧပြီတတိယပတ်တွင် ဈေးမြင့်ခဲ့ပေမယ့် နောက်ဆုံးပတ်မှာ အနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။ သွင်းကုန်မြေဆီ သယ်ယူခများမှာလည်း တတိယပတ်တွင် ဈေးမြင့်တက်ခဲ့ပြီး ဧပြီလကုန်ပတ်အထိ မပြောင်းလဲဘဲ တည်ငြိမ်နေခဲ့ပါတယ်။ ပို့ကုန်ပစ္စည်းတွေကတော့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက် ကုန်၊ ဖရဲ၊ သရက်၊ နနွင်း၊ ချင်း၊ ဝါနဲ့ Re-export သကြားအစ ရှိတဲ့ ကုန်ပစ္စည်းများဖြစ်ပြီး မြန်မာနိုင်ငံသို့ပြန်လည်တင်သွင်းခဲ့တဲ့ ကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အိမ်ဆောက်ပစ္စည်းများ၊ ဓာတုကုန်ကြမ်း၊ ပလတ်စတစ်၊ ဆေးပစ္စည်း၊ စာရေးကိရိယာများ၊ ကာနေးရှင်းပန်းနဲ့ ပန်းသီး၊ လိမ္မော်သီး၊ ပန်းသစ်တော်သီးများ၊ စက်ဘီး၊ ဆိုင်ကယ်တို့ဖြစ် ပါတယ်။ ဧပြီလရဲ့ ကုန်စည်သယ်ယူခနှုန်းထားများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။

**မော်မော်အောင်**

| ပို့ကုန် | ၁-၄-၂၀၁၇ မှ ၇-၄-၂၀၁၇ အထိ | ၈-၄-၂၀၁၇ မှ ၁၄-၄-၂၀၁၇ အထိ | ၁၅-၄-၂၀၁၇ မှ ၂၁-၄-၂၀၁၇ အထိ | ၂၂-၄-၂၀၁၇ မှ ၂၈-၄-၂၀၁၇ အထိ |
|---|---|---|---|---|
| ပြောင်း | ၇၀ | ၇၀-၈၅ | ၈၅ | ၇၀ |
| ဆန် | ၇၀ | ၇၀-၈၅ | ၈၅ | ၇၀ |
| ပဲတီစိမ်း | ၇၀ | ၇၀-၈၅ | ၈၅ | ၇၀ |
| နှမ်း | ၇၀ | ၇၀-၈၅ | ၈၅ | ၇၀ |
| ရော်ဘာ | ၇၀ | ၇၀-၈၅ | ၈၅ | ၇၀ |
| သွင်းကုန်/ မြေပဲဆီ | ၂၄-၂၅ | ၂၄-၂၅ | ၂၈-၃၀ | ၂၈ |



# ပုသိမ်ခရိုင်တွင် တောင်သူလယ်သမား နှီးနှောဖလှယ် အကြိုတွေ့ဆုံပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ မြို့တော်ခန်းမတွင် မေလ ၄ ရက်က ပုသိမ်ခရိုင်တောင်သူ လယ်သမားနှီးနှောဖလှယ် အကြိုတွေ့ဆုံပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးဘဟိန်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့်အဖွဲ့ဝင်များ၊ MAPCO မှတာဝန်ရှိသူများ၊ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ပုသိမ်ခရိုင် ခုနစ်မြို့နယ်မှ စိုက်ပျိုးရေးတောင်သူများ၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် အခြား အမယ်သစ်စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ၃၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

နှီးနှောဖလှယ်ပွဲတွင်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်က တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဦးစွာရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးဘဟိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ တက်ရောက်လာသောတောင်သူများက မြို့နယ်အလိုက်၊ အစုအဖွဲ့အလိုက် လုပ်ငန်းတွင်တွေ့ကြုံရသော အခက်အခဲ၊ အတားအဆီးများအား ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးတင်ပြခဲ့ကြပါသည်။ တောင်သူများ၏ ဆွေးနွေး တင်ပြချက်များကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြည့်စွက်ဆွေးနွေးခဲ့ပြီး၊ မေလ ၁၅ ရက်တွင် ကျိုက်လတ်မြို့၌ ကျင်းပမည့် ဧရာဝတီတိုင်းဒေသကြီးတောင်သူလယ်သမား နှီးနှောဖလှယ်ပွဲသို့ တက်ရောက်တင်ပြရန် အဆိုပါတက်ရောက်တောင်သူများမှ တောင်သူကိုယ်စားလှယ် ၆၀ဦးအား ရွေးချယ်၍ တင်ပြမည့် ခေါင်းစဉ်များအား လျာထားသတ်မှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

# ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့် တောင်သူများပြည့်စုံစေဖို့ ထိုင်ဝမ်ကင်းပုံသီး စိုက်ကြစို့

မုံရွာမြို့ရဲ့အနောက်တောင်ဘက် အရပ်မှာရှိတဲ့ညောင်ဖြူပင်၊ ဘုဘ၊ နဂါးတွင်း၊ ပေါက်ပင်၊ ထနောင်းတော၊ ချမ်းသာကျွန်း၊ ကျွန်းကြီး စတဲ့ ချင်းတွင်းမြစ်ရေဝင် ကျေးရွာတွေဟာ ဟင်းသီးဟင်းရွက်နဲ့ ပန်းမန်အဓိက စိုက်ပျိုးထွက်ရှိရာဒေသတွေ ဖြစ်ကြပါတယ်။ မိရိုးဖလာဒေသထွက် သစ်သီးဝလံတွေသာမက တိုးတက်လာတဲ့ နည်းပညာအလျောက် ထိုးဖောက်ဝင်ရောက်လာတဲ့ မျိုးစိတ်အသစ်တွေကို လေ့လာစူးစမ်း စမ်းသပ်စိုက်ပျိုးရင်း ဒေသရဲ့ဈေးကွက်လိုအပ်ချက်ကို ဖြည့်စွက်ခဲ့ထွင်လျက်ရှိတာတွေ့ရပါတယ်။

ယခုလောလောဆယ် ဒေသခံ တောင်သူတွေ စိတ်ဝင်တစား တက်ကြွစွာ စိုက်ပျိုးကြတဲ့ ဟင်းသီးဟင်းရွက်တွေထဲမှာ "ထိုင်ဝမ်ကင်းပုံသီး"က စိုက်ပျိုးသူတွက်ခြေအကိုက်ဆုံး သီးနှံဖြစ်တာတွေ့ရပါတယ်။

စိုက်ပျိုးထုတ်လုပ်မှုဖြစ်စဉ်ကို လေ့လာကြည့်တဲ့အခါ ထိုင်ဝမ်ကင်းပုံပင်ရဲ့ ပင်စည်အနွယ်လေးပေမှ ခြောက်ပေအရှည်ကို ဖြတ်တောက်ပြီး ကျင်းတစ်ကျင်းမှာ ငါးပင်ခန့် စိုက်ပျိုးရပါတယ်။ အကြမ်းအားဖြင့် တစ်ဧက ကျင်း ၃၀၀ ခန့်၊ အပင် ၁၅၀၀ခန့် စိုက်ပျိုးလေ့ရှိပြီး အရေးအကြီးဆုံး စိုက်ပျိုးပုံစံအရ 'စင်' တင်စိုက်ပျိုးရတဲ့အတွက် သစ်သား၊ ဝါး၊ သွပ်နန်းနဲ့ ပီနံကြိုးဖိုး တစ်ဧကကျပ် ၁၀ သိန်းခန့် ကုန်ကျပါတယ်။ ဒုတိယမရှိ မဖြစ်လိုအပ်ချက်က 'ရေ'ဖြစ်ပြီး ဆည်ရေ၊ မြစ်ရေတင်၊ အစိုးရ မြေအောက်ရေနဲ့ဝေးတဲ့စိုက်ကွင်းအတွက်ဆိုရင် ရေတွင်းတူးခြင်းနဲ့ ရေစုပ်စက်အတွက် အနည်းဆုံး ကျပ် ၁၅ သိန်းခန့် ကုန်ကျနိုင်တယ်လို့ ကင်းပုံစိုက်တောင်သူ ဦးသန်းမြင့်က ပြော ပါတယ်။

ထိုင်ဝမ်ကင်းပုံ စိုက်ပျိုးသူအများစုက မျိုးစေ့ကို စိုက်ပျိုးခြင်းထက် အပင်ဟောင်းက ပင်စည်ကို မျိုးအဖြစ် ဝယ်ယူစိုက်ပျိုးခြင်းက အပင်ဖြစ်မြန်၊ ငွေပေါ်မြန်သလို ယခုလို ကုန်ကျစရိတ်မြင့်မားလျက်ရှိသော်လည်း တောင်သူတွေ စိုက်ပျိုး လိုမှုအားသန်နေရခြင်းမှာ နှစ်ရှည်ပင်ဖြစ်ခြင်း၊ ပြုစုစရိတ် သက်သာခြင်း၊ နေ့စဉ် ခူးဆွတ်ရလို့ ပုံမှန်ဝင်ငွေရရှိခြင်း၊ အခြေခံပေါက်ဈေး တစ်လုံးအနည်းဆုံး လေးကျပ်မှ ခုနစ်ကျပ်အထိ ဈေးကောင်းရခြင်း၊ ဒေသဈေးကွက်နှင့် ပြည်တွင်းဈေးကွက် ဝယ်လိုအားကောင်းမွန်ခြင်း၊ထိုင်ဝမ်ကင်းပုံသီးစင်တွင်အခြားဝင်ငွေရ သီးညှပ်အဖြစ် ခဝဲ၊ ပဲရှည်သီး၊ ငရုတ်၊ ချဉ်ပေါင်၊ ဘူးပင်များစိုက်ပျိုးနိုင်ခြင်း စတဲ့အားသာချက်တွေကြောင့် တောင်သူတွက်ခြေကိုက် ဟင်းသီးဟင်းရွက်ဖြစ်လို့ မုံရွာမြို့နယ်တစ်ဝိုက်မှာ ထိုင်ဝမ်ကင်းပုံ စိုက်ပျိုးမှု တိုးတက်လာခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**



# International Trade Weekend Course Batch (2) သင်တန်းဖွင့်ပွဲ ကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှု ပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)တွင် International Trade Weekend Course Batch (2) သင်တန်းဖွင့်ပွဲအခမ်းအနားအား ညီလာခံခန်းမ၊ ပဥ္စမထပ်၊ ရန်ကုန်တိုင်းဒေသကြီး ရုံးအမှတ် (၂၈၈/၂၉၀)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၌ ၂၀၁၇ ခုနှစ်၊ မေလ ၁၃ ရက်၊ စနေနေ့ နံနက် ၀၉:၀၀နာရီ အချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ထို့ကြောင့် သင်တန်းတက်ရောက်ရန် စာရင်းပေးသွင်းထားသူများနှင့် စိတ်ပါဝင်စားသူများသည် ဖွင့်ပွဲကျင်းပမည့်နေရာသို့ နံနက် ၈ နာရီခွဲအရောက် လာရောက်ကြရန် ကုန်သွယ်မှုသင်တန်းကျောင်းမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**TTI**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၇/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၈-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** မိဘရပ်ထံပြန်ရခြင်း၊ မိသားစုပျော်ရွှင်စွာခရီးထွက်ရခြင်း၊ မိတ်ဆွေများနှင့်အဆင်ပြေခြင်းများ ဖြစ်မည်။ အလုပ်မှာ ခရီးသွားလုပ်ငန်း၊ နယ်မြေခြားတာဝန်ထမ်းဆောင်ခြင်း လုပ်ငန်း၊ နေရာပြောင်းရခြင်း၊ အိမ်ပြောင်းရခြင်းများ ကြုံမည်။ ရင်းနှီးမြှုပ်နှံမှုမလုပ်သင့်ပါ။ မိသားစု စိတ်အခန့်မသင့်ဖြစ်ရတတ်မည်။ အင်္ဂါနံပစ္စည်းကြောင့် စိတ်ညစ်ရမည်။ ကျန်းမာရေး ဆီးရောဂါဂရုစိုက်ပါ။ အချစ်ရေးအဆင်မပြေပါ။

**ယတြာ။ ။ဘုရားမှာ ရွှေသက်န်းကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** ဆန္ဒပြည့်ဝစိတ်ချမ်းသာမည်။ သတင်းကောင်းကြားရမည်။ အကောင်းတွေသာကြုံရမည်။ မနာလိုသူစိတ်အနှောင့်အယှက်ပေးမည်။ အလုပ်သစ်ရမည်။ ချစ်သူအသစ်တွေ့၍ ခရီးယာယီထွက်ဖြစ်မည်။ ဗုဒ္ဓဟူးနံလက်ဆောင်ဝင်လာလျှင် အဝေးမှခွဲနေရသူပြန်လာမည်။ ကျန်းမာရေးဦးခေါင်းနှင့်ပတ်သက်သော ရောဂါဝေဒနာခံစားရမည်။ အိမ်ထောင်ရေး သည်းခံခွင့်လွှတ်ခြင်းဖြင့် စိတ်ချမ်းသာမည်။

**ယတြာ။ ။ကံကော်ညွန့်ကို ဘုရားတွင်ကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အပြောမှား၊ အဆိုမှား၊ အထင်အမြင်လွဲမှားတတ်မည်။ လုပ်ငန်းတူချင်း စိတ်ဝမ်းကွဲမည်။ အစိုးရ အလုပ်ရမည်။ လက်ရှိအလုပ်မှာ အစိုးရနှင့် ပတ်သက်သော ဝင်ငွေ၊ ဆု၊ အိမ်ခန်း မဲပေါက်မည်။ လုပ်လက်စ အလုပ်များ တစ်ပိုင်းတစ်စဖြစ်မည်။ အစာအိမ်ရောဂါ၊ လေနာရောဂါ၊ ဝမ်းဗိုက်နှင့် ပတ်သက်သော ရောဂါများဖြစ်တတ်မည်။ မိသားစု၏ ဂရုစိုက်မှုခံရမည်။

**ယတြာ။ ။ဆွမ်းတော်ကပ်လှူပြီး၊ ဆွမ်းလောင်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စိတ်တိုလွယ်၊ ထိခိုက်လွယ်မည်။ အလုပ်များသလောက် စိတ်တိုင်းမကျဖြစ်နေတတ်မည်။ အရောင်းအဝယ်လုပ်ငန်းများ ရပ်တန့်မည်။ ဝင်ငွေနည်းမည်။ အနိုင်ယူဗိုလ်ကျချင်စိတ်များ ဖြစ်ပွားနေမည်။ စိတ်ဓာတ်ပြင်းထန်သဖြင့် လုပ်တိုင်းဖြစ်နေတတ်သည့်ကာလဖြစ်သည်။ အလုပ်ကိစ္စနှင့်ပတ်သက်ပြီး စိတ်ညစ်ရသလောက် မောင်နှမများနှင့်အဆင်ပြေမည်။ ကျန်းမာရေး လည်ချောင်းနာခြင်း၊ အပူကြီးခြင်းများခံရမည်။

**ယတြာ။ ။ကြက်သားနှင့်ဘူးသီးဟင်းချက်ပြီး ဆွမ်းလောင်းပါ။**



**ကြာသပတေးသားသမီးများအတွက်** ဝမ်းသာဂုဏ်ယူပီတိဖြစ်စရာများကြုံရမည်။ မိသားစုနှင့်ဘုရားဖူး ထွက်ရမည်။ စိတ်ချမ်းသာမှုရှိမည်။ စက်ပစ္စည်းအပြောင်းအရွှေ့ရှိမည်။ ငွေကြေးအဆင်ပြေမည်။ ကျန်းမာရေးမောပန်းလွယ်မည်။ နှလုံးအားနည်းခြင်း၊ ရင်တုန်ခြင်း များဖြစ်မည်။ အိမ်တွင်းရေးစိတ်ညစ်မည်။ အချစ်ရေး ကံကောင်း မည်။

**ယတြာ။ ။ထီးဖြူတစ်လက်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** သံယောဇဉ်ကြီးခြင်း၊ အစွဲလန်းကြီးခြင်း၊ တစ်ယူသန်ခြင်း၊ တကိုယ်ကောင်းဆန်ခြင်းတို့ကြောင့် အနီးပတ်ဝန်းကျင်တွင်ရှိသော သူများနှင့်စိတ်အခန့်မသင့်ဖြစ်တတ်သည်။ ကြံတိုင်းအောင်မည်။ အလုပ်အဆင်ပြေမည်။ လက်အောက်ငယ်သားများ၏ ရိုသေခြင်းကို ခံရမည်။ အချစ်ရေးမကြာခဏ စကားများမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ ကျန်းမာရေး မျက်စိဝေဒနာခံစားရမည်။

**ယတြာ။ ။ချိုချဉ်သကြားလုံးများ လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** အတွေးအခေါ်မှား၊ အထင်မြင်မှားဖြစ်တတ်မည်။ လတ်တလော အောင်မြင်မှုတွေ့ရမည်။ ပြိုင်ဘက်များ၊ အတိုက်အခံများ တွေ့မည်။ သိပ္ပံပညာရပ်များနှင့် အလုပ်အကိုင် လုပ်မည့်သူများ အလုပ်ပြောင်းရတတ်မည်။ ရည်မှန်းထားသော ကိစ္စများမှ ရန်ပေါ်များနေလိမ့်မည်။ ဝင်ငွေကောင်းမည်။ စက်ပစ္စည်းဝင်မည်။ မိသားစု အပြောင်းအရွှေ့ရှိမည်။ ထီကံကောင်းမည်။ ကျန်းမာရေးစိတ်နှင့်ပတ်သက်သော ရောဂါများ ရတတ်မည်။

**ယတြာ။ ။ထီးနီတစ်လက် ဘုရားတွင်လှူဒါန်းပါ။**

# ရော်ဘာအထွက်နှုန်း တိုးတက်ရေး၊ အရည်အသွေးမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် ရော်ဘာခြံပိုင်ရှင်များသို့ နည်းပညာဖြန့်ဖြူးရေး အလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့တွင် ကျင်းပ



မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (Myanmar Rubber Planters And Producers Association - MRPPA) နှင့် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (International Rubber Research And Development Board - IRRDB) တို့ပူးပေါင်း၍ ရော်ဘာအထွက်နှုန်း တိုးတက်ရေး၊ အရည်အသွေးမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် ရော်ဘာခြံပိုင်ရှင်များသို့ နည်းပညာဖြန့်ဖြူးရေး အလုပ်ရုံဆွေးနွေးပွဲကို မေလ ၄ ရက်က ကရင်ပြည်နယ် ဘားအံမြို့ရှိ သီရိဘားအံဟိုတယ်တွင် ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးစောမြင့်ဦး၊ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) ဥက္ကဋ္ဌ ဦးအောင်မြင့်ထူးနှင့် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေး ဘုတ်အဖွဲ့ ( IRRDB) မှ တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား အသီးသီး ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အတွေ့အကြုံရှိသည့် ပြည်ပ ပညာရှင် ၁၂ ဦးနှင့် ပြည်တွင်းပညာရှင် တစ်ဦးတို့က ရော်ဘာအထွက်နှုန်း တိုးတက်ရေး၊ အရည်အသွေး မြှင့်တင်ရေးနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် ရော်ဘာခြံပိုင်ရှင်များသို့ နည်းပညာ ဖြန့်ဖြူးရေး အပိုင်း၊ အုပ်စုလိုက် စုပေါင်းပြီး ရော်ဘာထုတ်လုပ်မှုအပိုင်း၊ ရော်ဘာ အစေးလှီးကဏ္ဍနှင့် ရော်ဘာ မျိုးစပ်နည်း အပိုင်း စသည့် ရော်ဘာအကြောင်း သိကောင်းစရာများကို စာတမ်းများ ဖတ်ကြားခဲ့သည်။

ပြည်ပ ပညာရှင်နှင့် ပြည်တွင်း ပညာရှင်များက စာတမ်း ဖတ်ကြားပြီးနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ ခြံရှင်များက သိလိုသည့် အချက်များကို မေးမြန်းခဲ့ရာ စာတမ်းပြုစုသူ ပညာရှင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဦးစောမြင့်ဦး၊ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးဦးဟန်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) ဥက္ကဋ္ဌ ဦးအောင်မြင့်ထူးနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများ အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရော်ဘာထုတ်လုပ်သူများ အသင်းမှ တာဝန်ရှိ သူများ၊ မွန်၊ ကရင်၊ တနင်္သာရီ၊ ပဲခူးနှင့် ဧရာဝတီတို့မှ ရော်ဘာ စိုက်ပျိုးသည့်ခြံရှင်များ၊ Exporter များ ရော်ဘာစက်ရုံပိုင်ရှင်များ စုစုပေါင်း ၄၀၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ခင်မောင်မောင်အုန်း**

## စာမျက်နှာ (၁၇) ၂၀၁၇ ခုနှစ် ဧပြီလ မုံရွာကုန်စည်ဒိုင်မှာ ·····မှအဆက်

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲ၊ ပဲကြီးသီးနှံများအပြင် စွန်တာနီ၊ ထောပတ်၊ မြေထောက်ပဲ၊ ပဲယင်း၊ ပဲလွန်းပြာ၊ စီပီပြောင်း စသည့်သီးနှံများမှာလည်း ဒေသတွင်းသုံးဝယ်လက်ရှိလို့ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ စွန်တာနီပဲမှာ ၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့တဲ့ နိမ့်၊ မြင့်ပေါက်ဈေးနှုန်း ကျပ် ၁၄၂၀၀၊ ကျပ် ၁၅၂၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခုနှစ်ကာလတူပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော ပေါက်ဈေးနှုန်းမှာ ကျပ် ၁၉၀၀၀ နှုန်းနဲ့ အိတ် ၄၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုနှစ်ဧပြီလတွင် ဖြစ်ပေါ်ခဲ့တဲ့ ထောပတ်ပဲရဲ့ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၁၈၀၀၀၊ ကျပ် ၂၁၅၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ကာ ယခင်နှစ်ကာလတူပေါက်ဈေးထက် ဈေးမြင့်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၁၅၀၀ နှုန်းနဲ့ အိတ် ၂၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုနှစ်ဧပြီလ အတွင်း ဖြစ်ပေါ်ခဲ့တဲ့ မြေထောက်ပဲသီးနှံရဲ့ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၉၀၀၀၊ ကျပ် ၃၂၀၀၀ နှုန်းနဲ့ အရောင်းအဝယ် ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူဈေးထက် ဈေးမြင့်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကျပ် ၃၀၀၀၀ နှုန်းနဲ့ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲယင်းသီးနှံမှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့တဲ့ နိမ့်၊ မြင့်ပေါက်ဈေးနှုန်း ကျပ် ၁၄၆၀၀၊ ကျပ် ၁၅၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူ ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ်သာ ကွာခြားမှုရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ကျပ် ၁၆၅၀၀ နှုန်းနဲ့ အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲလွန်းပြာသီးနှံကတော့ ယခုနှစ်ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့တဲ့ နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၃၀၀၀၊ ကျပ် ၂၃၅၀၀ နှုန်း ဖြစ်ပေါ်ပြီး ယခင်နှစ်ကာလတူပေါက်ဈေးနှုန်းထက် ဈေးမြင့်လျက်ရှိကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် ဖြစ်ပေါ်ခဲ့သော ပေါက်ဈေးနှုန်းမှာ ကျပ် ၂၃၀၀၀ နှုန်းနဲ့ ဈေးငြိမ်လျက်ရှိပြီး အိတ် ၁၀၀ ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုနှစ်ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော စီပီပြောင်းနိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၆၂၀၀၊ ကျပ် ၆၆၀၀ နှုန်းနှင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်နှစ်ကာလတူ ဈေးအောက်လျော့နည်းနေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ကျပ် ၇၀၀၀ နှုန်းနဲ့ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်မှာ ၂၀၁၇ ခုနှစ် ယခုတစ်ပတ်အထိ ပြည်တွင်းဝယ်လက် ပဲများအားလုံး ယခင်နှစ်ကာလတူဖြစ်ပေါ်ခဲ့သော ပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။

ဆီထွက်သီးနှံ ဈေးကွက်မှာ ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာ ပေါက်ဈေးမှာ မြေပဲလုံးဆန် ကျပ် ၂၅၅၀ နဲ့ အိတ် ၅၀၀ ခန့်၊ မြေပဲဆန်နီကျပ် ၂၄၀၀ နဲ့ အိတ် ၅၀၀ ခန့်၊ ဆီဆန် ကျပ် ၂၂၀၀နဲ့ အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင် သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**



## မြို့ကြီးများ၏ ၈-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၈-၅-၂၀၁၇) | အင်္ဂါ(၉-၅-၂၀၁၇) | ဗုဒ္ဓဟူး(၁၀-၅-၂၀၁၇) | ကြာသပတေး(၁၁-၅-၂၀၁၇) | သောကြာ(၁၂-၅-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F |
| ရန်ကုန်မြို့ | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၈˚F | တိမ်အသင့်အတင့် ၃၆˚C/၉၇˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F | တိမ်အသင့်အတင့် ၃၅˚C/၉၄˚F |
| မန္တလေးမြို့ | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၉˚F | ၃၀% ၃၇˚C/၉၈˚F | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F | တိမ်အသင့်အတင့် ၃၆˚C/၉၇˚F |
| မြစ်ကြီးနား | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | ၄၀% ၃၃˚C/၉၂˚F | ၄၀% ၃၃˚C/၉၂˚F | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F |
| လားရှိုး | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F | ၆၀% ၃၀˚C/၈၆˚F | ၆၀% ၂၉˚C/၈၄˚F | ၅၀% ၃၁˚C/၈၈˚F |
| ကျိုင်းတုံ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | ၄၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F |
| လွိုင်ကော် | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၃၀˚C/၈၆˚F |
| တောင်ကြီး | ၄၀% ၂၈˚C/၈၂˚F | ၄၀% ၂၇˚C/၈၁˚F | ၅၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F |
| မော်လမြိုင် | ၈၀% ၃၄˚C/၉၄˚F | ၈၀% ၃၃˚C/၉၃˚F | ၄၀% ၃၃˚C/၉၃˚F | ၈၀% ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F |
| ဘားအံ | ၈၀% ၃၃˚C/၉၂˚F | ၈၀% ၃၃˚C/၉၂˚F | ၈၀% ၃၃˚C/၉၁˚F | ၆၀% ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F |
| တောင်ငူ | နေသာ ၃၈˚C/၁၀၀˚F | ၅၀% ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၈˚F | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F | ၃၀% ၃၆˚C/၉၇˚F |
| မုံရွာ | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | ၄၀% ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F |
| မြိတ် | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၅˚C/၉၅˚F | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၅˚C/၉၅˚F | တိမ်အသင့်အတင့် ၃၅˚C/၉၅˚F |
| မကွေး | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၁˚F | တိမ်အသင့်အတင့် ၃၇˚C/၉၉˚F |
| ဖလမ်း | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၇˚C/၈၁˚F | ၃၀% ၂၇˚C/၈၀˚F | ၄၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၀˚F |

# တာဂျစ်ကစ္စတန်နှင့် ကာဇက်စတန် နယ်စပ်ဒေသတွင် အင်အားပြင်းငလျင်လှုပ်ခတ်

အာရှအလယ်ပိုင်းနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် တာဂျစ်ကစ္စတန်နှင့် ကာဇက်စတန် နယ်ခြားဒေသတွင် မေ ၅ ရက်နံနက်ပိုင်းက အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိအင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

အဆိုပါငလျင်လှုပ်ခတ်ရာဒေသသည် နှစ်နိုင်ငံ နယ်ခြားဒေသဖြစ်သည့်အပြင် တောင်ကုန်းတောင်တန်းများ ထူထပ်ရာဒေသ တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် လူနေနည်းပါးသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ယခုအချိန်အထိ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို မသိရှိရသေးကြောင်း၊ ပျက်စီးဆုံးရှုံးမှု မရှိနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အင်အားပြင်း ငလျင်သည် ကာဇက်စတန်နိုင်ငံနယ်စပ်အနီးရှိ ဒူရှန်ဘင်မြို့၏အရှေ့မြောက်ဘက် ၂၆၅ ကီလိုမီတာအကွာ၊မြေအောက်အနက် ၁၀ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်သည်။

မေ ၃ ရက်ကလည်း ကာဇက်စတန်နှင့် ဥဇဘက်ကစ္စတန် နယ်စပ်ဒေသတွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိသည့် အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ တစ်ပတ်အတွင်း အင်အားပြင်းငလျင် နှစ်ကြိမ်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပထမတစ်ကြိမ် လှုပ်ခတ်ခဲ့စဉ်ကနေအိမ် ၁၀ လုံးပြိုကျပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုများနှင့် သေဆုံးမှုများ မရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မေ ၃ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ကာဇက်စတန်နိုင်ငံတွင် တိုက်တာအဆောက်အအုံ အများအပြားပျက်စီးခဲ့ရကြောင်း ကာဇက်စတန်နိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ထို့အပြင် ပြိုကျနေသည့် အဆောက်အအုံအောက်တွင် ပိမိနေသည့် လူတစ်ဦးကို ကယ်ဆယ်ခဲ့ရသည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**မယ်သီတာ**



# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကနေဒါနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွား

ကနေဒါနိုင်ငံ အရှေ့ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မေ ၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း တိုရန်တိုဆန်းသတင်းတွင် ဖော်ပြထားသည်။

အဆိုပါဒေသများတွင် မိုးသည်းထန်စွာစတင်ရွာသွန်းခဲ့သည့်ရက်မှစတင်၍ ရေလွှမ်းမိုးနိုင်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အသိပေးထားသည်။

အထူးသဖြင့် အွန်တေရီယို၊ကွီဘက်မြို့တို့တွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးခဲ့သည့်အတိုင်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကွီဘက်ပြည်နယ်တွင် ဒေသပေါင်း ၁၃၂ နေရာတွင် အဆိုးရွားဆုံး ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မေ ၅ ရက် ညနေပိုင်းတွင် ထိုဒေသ၌ လူပေါင်း ခုနစ်ရာကျော်မှာ အိုးအိမ်များကို စွန့်ခွာ၍ ရေဘေးနှင့်လွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း၊ မိုးရွာသွန်းမှုသည် မီလီမီတာ ၃၀ အထိရှိလာခဲ့သဖြင့် စံချိန်တင်လောက်သည့် မိုးရေချိန်ဖြစ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ကနေဒါနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ မြစ်ချောင်းများမှာလည်း ရေများလျှံတက်လာသဖြင့် မြစ်ချောင်းအနီးတွင် နေထိုင်သူများအား ရေဘေးနှင့်လွတ်ရာသို့ပြောင်းရွှေ့နေထိုင်ကြရန် သက်ဆိုင်ရာများက နှိုးဆော်ထားသည်။

အွန်တေရီယိုနှင့် ကွီဘက်တို့ရှိ ပြည်သူများမှာ တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် လှေငယ်များဖြင့် သွားလာနေရသည်ဟု ဆိုသည်။

ရေလွှမ်းမိုးမှုကြောင့် စိုက်ခင်းများ အများအပြား ပျက်စီးနိုင်ကြောင်း၊ ယခုအချိန်အထိ ပျက်စီးဆုံးရှုံးမှုပမာဏကို ခန့်မှန်း၍ မရသေးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

မိုးသည် မေ ၆ ရက်အထိ ဆက်လက်ရွာသွန်းလျက်ရှိနေရာ မိုးရေချိန် မီလီမီတာ ၁၀၀ အထိ ရောက်ရှိလာနိုင်ကြောင်း ကနေဒါနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ပြောကြားခဲ့သည်။

**မယ်သီတာ**

# b , f'avhSysmfrGuovJ

|ခင်မောင်ညို (ဘောဂဗေဒ)|

နိုင်ငံရေး အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ လူမှုရေး၊ စီးပွားရေး အဖွဲ့အစည်းတွေပဲ ဖြစ်ဖြစ်၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အလေ့အထတွေနဲ့ကိုယ်ရှိတတ်ကြတယ်။ တစ်ခါတစ်ခါ အဖွဲ့အစည်းတစ်ခုထဲမှာကို ဓလေ့တွေ အမျိုးမျိုးကွဲပြားနေတာကို တွေ့ကြရပါတယ်။ ပြီးတော့ အဲဒီအလေ့အထတွေဟာ အဖွဲ့အစည်းရဲ့ ပြင်ပက အကြောင်းတရားတွေရဲ့ ရိုက်ခတ်မှုကြောင့် ရှင်သန်လှုပ်ရှား ပြောင်းလဲနေတတ်ကြပါတယ်။ပတ်ဝန်းကျင်ချင်း တူတာတောင် ပတ်ဝန်းကျင်ကို တုံ့ပြန်မှုမတူတဲ့အတွက် ကွဲပြားတဲ့ အလေ့အထတွေကိုလည်း တွေ့ရတတ်ပါတယ်။ ဘယ်အလေ့အထကတော့ အောင်မြင်တဲ့ အလေ့အထပဲလို့ ပြောဖို့ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်ဆိုတာက အမြဲတမ်းပြောင်းလဲနေတတ်ပြီး ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ အလေ့အထဆိုတာကလည်း အမြဲတမ်းပြောင်းလဲနေတတ်လို့ပါ။ ပြီးတော့ ကိုယ့်အဖွဲ့အစည်းရဲ့ အဖွဲ့အစည်းအတွင်း အခြေအနေကလည်း အဖွဲ့အစည်း တစ်ခုနဲ့တစ်ခု မတူတတ်လို့ပါ။ အဖွဲ့အစည်းတွေရဲ့ တန်ဖိုးထားမှုတွေကလည်း တစ်ခုနဲ့တစ်ခုမတူတတ်ကြဘူး။

တစ်နည်းပြောရရင် အဖွဲ့အစည်းတွေရဲ့ ဓလေ့တွေ၊ မဟာဗျူဟာတွေ၊ ရည်မှန်းချက်တွေအပြင် ပတ်ဝန်းကျင်ကို ပြင်ပလည်း ထည့်သွင်းစဉ်းစားသင့်တယ်လို့ ဆိုရမှာပါ။ အဲဒီလို စဉ်းစားတဲ့အခါ (၁)ကိုယ့်အဖွဲ့အစည်းဟာ မဟာဗျူဟာသဘောအရ လုပ်ငန်းအတွင်းကို အဓိကထားသလား၊ ပတ်ဝန်းကျင်ကို အာရုံစိုက်သလား ဆိုတာရယ်၊ (၂) ပြင်ပ ပတ်ဝန်းကျင်ကြောင့် လိုက်လျောညီထွေဖြစ်ဖို့လိုအပ်သလား၊ ဒါမှမဟုတ် တည်တည်ငြိမ်ငြိမ်ရှိဖို့ လိုအပ်သလား ဆိုတဲ့အပေါ် အခြေခံပြီး ခွဲခြား လေ့လာနိုင်ပါတယ်။

ပထမဆုံး **တည်ငြိမ်တာ**ကို ဦးစားပေးတဲ့ အလေ့အထနဲ့ ပတ်သက်လို့ ဆွေးနွေးရရင်တည်ငြိမ်တဲ့ ပတ်ဝန်းကျင်တစ်ခုမှာ ကိုယ့်အဖွဲ့အစည်းအတွင်းကို ဦးစားပေးပြီး ရှေ့နောက်ဆီလျော်ညီညွတ်တဲ့ဓလေ့မှာ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာတယ်။ ချွေချွေတာတာ ချင့်ချင့်ချိန်ချိန်သုံးစွဲတာကို သဘောကျတယ်။ ဘယ်ဟာကို ဘယ်လို လုပ်ဆိုတာ ပုံစံချထားပြီးသား လုပ်ထုံးလုပ်နည်းတွေအတိုင်း လိုက်နာလုပ်ဆောင်ကြတယ်။ ဥပမာ-ဘယ်အချိန် ပိုက်ဆံဘယ်လောက်နဲ့ ပြီးအောင်လုပ်ရမယ်ဆိုပြီး သတ်မှတ်ထားတဲ့အတိုင်း လုပ်ဆောင်တဲ့အဖွဲ့အစည်းတွေဟာ ဒီအထဲမှာ အကျုံးဝင်တယ်။ လုပ်ငန်း စတင်ထူထောင်ကတည်းက အမိန့်လိုက်နာ၊ အားလုံး သူ့နေ ရာနဲ့သူရှိ စည်းကမ်းတကျလုပ်၊ အစစအရာရာ ထိန်းချုပ်ဆိုတဲ့ပုံစံကို ကျင့်သုံးတဲ့လုပ်ငန်းတွေ ရှိတယ်။

ဒုတိယပုံစံကတော့ **အောင်မြင်မှုရလဒ်**ကို ဦးတည်တဲ့ ပုံစံပါ။ ဒီပုံစံက အပြင်ပတ်ဝန်းကျင်ရှိတဲ့ တချို့တချို့သော ဖောက်သည်တွေအတွက် ဆောင်ရွက်ပေးဖို့ ရည်မှန်းတယ်။ ဒါပေမယ့် မြန်မြန်ဆန်ဆန် အပြောင်းအလဲလုပ်စရာ၊ သိသိသာသာကြီး လုပ်သာ ကိုင်သာရှိစရာ ဆိုတာမျိုးတွေ၊ လုပ်ဖို့ မလိုဘူး။ ရလဒ်ကိုဦးတည်ပြီး လုပ်ဆောင်တာဖြစ်လို့ ပြိုင်ဆိုင် နိုင်စွမ်းရှိဖို့၊ တက်တက်ကြွကြွ ပြင်းပြင်းထန်ထန် လုပ်ဆောင်ဖို့၊ တစ်ဦးချင်းက နိုးနိုးကြားကြား လုပ်ဆောင်ဖို့၊ ရလဒ်မရမချင်း အချိန် ကြာကြာ ကြိုးစားပမ်းစား၊ အပင်ပန်းခံ ဆောင်ရွက်တာတွေကို တန်ဖိုးထားတယ်။ ရည်မှန်းချက် မြင့်မြင့်မားမားထားလေ့ရှိတယ်။ရည်မှန်းချက် ဖြည့်ဆည်းနိုင်တဲ့ သူတွေကို ချီးမြှင့်တယ်။ ရည်ရွယ်ချက်အတိုင်း မလုပ်နိုင်တဲ့ သူတွေကို ထုတ်ပစ်တယ်။

တတိယ ပုံစံက **မိသားစုဆန်တယ်။** ပတ်ဝန်းကျင်က မြန်ဆန်တဲ့အပြောင်းအလဲနဲ့ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရာမှာ ဝန်ထမ်းတွေရဲ့ ပါဝင်ဆောင်ရွက်မှုကို အလေးထားတယ်။ ဝန်ထမ်းတွေရဲ့ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးဖို့ အာရုံစိုက်တယ်။ ပူးပေါင်း ဆောင်ရွက်မှုကို အလေးပေးတယ်။ ဖောက်သည်တွေကို သာမက ဝန်ထမ်းတွေကိုပါ ဂရုစိုက်တယ်။ အဆင့်အတန်း ခွဲတာမျိုးသိပ်ပြီး လုပ်လေ့လုပ်ထ မရှိဘူး။ တချို့မန်နေဂျာတွေက ဝန်ထမ်းတွေကို ဖောက်သည်တွေ၊ အစု ရှယ်ယာရှင်တွေထက် ဦးစားပေးတာဟာ ကောင်းတော့ ကောင်းပါရဲ့။ ဒါပေမယ့် စီးပွားရေး လုပ်ငန်းတစ်ခု အတွက်တော့ သိပ်မကောင်းလှဘူးလို့မြင်ကြ ဝေဖန်ကြတယ်။ ဝန်ထမ်းတွေကို ဂရုစိုက်တဲ့အတွက် သူတို့ရဲ့ စွမ်းဆောင်ရည် တက်လာတယ်။ ရေရှည်မှာ အမြတ်တွေ၊ ဈေးကွက်ဝေစုတွေ၊ အစုရှယ်ယာဈေးနှုန်းတွေလည်း တက်လာတဲ့အတွက် စီးပွားရေး လုပ်ငန်းတစ်ခုအတွက်လည်း ကောင်းတယ်လို့ အဲဒီဝေဖန်ချက်ကို တုံ့ပြန်ပါတယ်။

စတုတ္ထ တစ်ခုကတော့ **လိုက်လျောညီထွေ** ရှိတဲ့ဓလေ့ပါ။ မြန်မြန်ဆန်ဆန် တုံ့ပြန်စွန့်စားမှု မြင့်မားတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်စရာ ပတ်ဝန်းကျင် အခြေအနေမျိုးနဲ့ ကြုံတွေ့တဲ့အခါ ဒီဓလေ့ကို ကျင့်သုံးလေ့ ရှိပါတယ်။ ပတ်ဝန်းကျင်မှာ တွေ့ကြုံရတာတွေကနေ မြန်မြန်ဆန်ဆန်သိရှိ ဖော်ထုတ်၊ အဓိပ္ပါယ်ကောက်၊ လက်တွေ့ ဆောင်ရွက်မှုကို အားပေးတယ်။ ဝန်ထမ်းတွေကို လုပ်ပိုင်ခွင့်တွေ ပေးထားတယ်။ ဖောက်သည်တွေရဲ့ လိုအပ်ချက်အသစ်တွေကို လွတ်လွတ်လပ်လပ် ဖြည့် ဆည်းခွင့်နဲ့ မြန်မြန်ဆန်ဆန် တုံ့ပြန်ဆောင် ရွက်နိုင်မှုတို့ကို အလေးထားတယ်။ အမှားအယွင်း လုပ်ခွင့်ပြုတယ်။ အသစ်အဆန်းတွေ အမြဲလုပ်ခိုင်းတယ်။ အပြောင်းအလဲတွေ မြန်ဆန်ပြီး အဲဒီအပြောင်းအလဲကိုအမီလိုက်နေရတဲ့ပတ်ဝန်းကျင်မျိုးမှာ ဒီပုံစံဒီဓလေ့က အသုံးဝင်တယ်။

တချို့ ပညာရှင်တွေက ဒီပုံစံလေးမျိုးကိုပဲ အမည်တစ်မျိုး ပေးတတ်ကြတယ်။

ပထမပုံစံမျိုးနဲ့ နီးစပ်တဲ့ ပုံစံက ရာထူးအဆင့်ဆင့်ခွဲ၊ တည်ငြိမ်မှုကို ဦးစားပေး၊ အဆင့်ဆင့်ထိန်းချုပ်တဲ့နည်းနဲ့ စွမ်းရည်မြင့်မားအောင် လုပ်တဲ့ဓလေ့ပါ။

ဒုတိယ ပုံစံမျိုးကို ဈေးကွက်ပုံစံလို့ အမည်ပေးတယ်။အလုပ်ပြီးမြောက်ရမယ်။ ရလဒ်ကို ဦးတည်တယ်။ ပြိုင်ဆိုင်မှုကို အလေးပေးတယ်။

တတိယ ပုံစံမျိုးကိုတော့ ဆွေမျိုးစုလို့ အမည်ပေးတယ်။ မိသားစုဆန်တယ် (ပြုစုပျိုးထောင်ပေးတယ်။ လေ့ကျင့်ပေးတယ်။ အလုပ်အတူ လုပ်တယ်။)

စတုတ္ထ ပုံစံကို အရေးပေါ်ပုံစံ၊ ကြုံရင်ကြုံသလိုလုပ်၊ ပြီးအောင်လုပ်တဲ့ ဓလေ့လို့ အမည်ပေးတယ်။ ရှင်သန်တက်ကြွနေတာ၊ ရဲရဲတင်းတင်းဆုံးဖြတ်တာ၊ စွန့်စွန့်စားစား လုပ်တာတွေကိုအားပေးတယ်။

ဒီဓလေ့တွေဟာ သီးခြားမဟုတ်ဘဲ တစ်ခုနဲ့တစ်ခု ရောထွေး နေတာကိုလည်း တွေ့ရတယ်။ ဥပမာ- တည်ငြိမ်တာကို ဦးစားပေးတဲ့ ဈေးကွက်ဓလေ့နဲ့ ရာထူး အဆင့်ဆင့်ခွဲတဲ့ ဓလေ့တို့ယှဉ်တွဲကျင့်သုံးတာကိုတွေ့ရနိုင်တယ်။ အဲဒီလိုပဲ မိသားစုပုံစံနဲ့ အရေးပေါ်ပုံစံကို ပြုပြင်ပြောင်းလဲလွယ်တဲ့ဓလေ့မှာ ယှဉ်တွဲ တွေ့ရနိုင်တယ်။

နောက်ထပ်ပိုပြီး စိတ်ဝင်စားစရာ ကောင်းတာက ဓလေ့အချင်းချင်းရဲ့ ဆက်ဆံရေး ၊ ဓလေ့တစ်ခုစီကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်း အချင်းချင်းရဲ့ ဆက်ဆံရေးပါ။ အရေးပေါ်ပုံစံနဲ့ တည်ငြိမ်မှုကို ဦးတည်တဲ့ အဖွဲ့အစည်းတို့ ပွတ်တိုက်မိရင် ဘယ်လိုဖြစ်မလဲ ဆိုတာကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါကလည်း ဘယ်လိုပတ်ဝန်းကျင်လဲ၊ အဲဒီပတ်ဝန်းကျင် ပြောင်းလဲအောင်၊ ဒါမှမဟုတ် မပြောင်းလဲအောင် ဘယ်အရာ တွေက ဖန်တီးထားသလဲ ဆိုတဲ့အပေါ် မူတည်သလို ကိုယ့်လုပ်ငန်းအတွင်း၊ ကိုယ့်အဖွဲ့အစည်းအတွင်း ဘယ်လောက် တည်ဆောက်ထားသလဲ၊ ဘယ်လိုတည်ထောင်ထားသလဲဆိုတာနဲ့လည်း သက်ဆိုင်ပါလိမ့်မယ်။

စိတ်ဝင်စားစရာ အကောင်းဆုံး အချက်တစ်ခုကတော့ ဘယ်ဓလေ့ကိုပဲ ကျင့်သုံး ကျင့်သုံး အဲဒီ အဖွဲ့အစည်းထဲမှာ ပါဝင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ထက်အောက် ကြီးငယ် အားလုံးက ကိုယ့်ဓလေ့ကို ဘယ်လောက် ယုံယုံကြည်ကြည် ပျော်ပျော်ရွှင် ရွှင်နဲ့ လက်ခံကျင့်သုံးနေကြသလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး၊ အဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည် အနိမ့်အမြင့်၊ အတက်အကျကို ဖြစ်ပေါ်စေတယ် ဆိုတဲ့ အကြောင်းပါပဲ။

## မကွေးတိုင်းဒေသကြီး တိုင်းအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်၏ (၃/၂၀၁၇) အစည်းအဝေး ကျင်းပ

တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်၏ (၃/၂၀၁၇) အစည်းအဝေးကို ဧပြီလ ၂၇ ရက်က မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ပထမဦးစွာ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားရာတွင် (၃/၂၀၁၇)ကြိမ်မြောက်အစည်းအဝေးမှာ မြန်မာနှစ်သစ်အစ အစည်းအဝေးဖြစ်ပြီး ပြီးခဲ့သော ဆောင်ရွက်ခဲ့မှုအခြေအနေများကို လေ့လာသုံးသပ်ကြည့်ပါက အလွန်ပင် အကျိုးရှိလှပါကြောင်း၊ မကွေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများက ရှိသည့်အင်အားနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ယခုလာမည့်နှစ်တွင် လုပ်ငန်းရှင်များသာမက စားသုံးသူများကိုပါ ပညာပိုမို



ပေးရမည်ဖြစ်ကြောင်း၊ အသိပညာပေးမှုလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးကျော်စွာဝင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ၂၀၁၇ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၆ ရက်အထိ မကွေးတိုင်းအတွင်း အသိပညာပေးမှုနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှု အခြေအနေများကို လျာထားချက်များနှင့် အမှန်ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို လည်းကောင်း၊ ဧပြီလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓါတ်ပုံများကို လည်းကောင်း ပါဝါပွိုင့်များဖြင့် ရှင်းလင်းခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် အထောက်အကူပြုနိုင်သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုတွင် ပါဝင်ရမည့် အချက် ၁၀ ချက်အား သက်ဆိုင်ရာမှတ်ပုံတင်ပေးသော ဌာနများမှ မှတ်ပုံတင်လာသော လုပ်ငန်းရှင်များအား အသိပေး လိုက်နာဆောင်ရွက်ရန် ဆွေးနွေးပေးမည်ဆိုပါက ပိုမိုအထောက်အကူဖြစ်နိုင်ပါကြောင်း၊ အလေးထားကူညီ ပေးစေလိုပါကြောင်း၊ ဥပဒေအသစ်ပြင်ဆင်ပြီးပါက ဥပဒေစာအုပ်များကို သက်ဆိုင်ရာ ဌာနများသို့ ဖြန့်ဝေ ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များမှ ဆွေးနွေးခဲ့ကြပြီး (၃/၂၀၁၇)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကို ရယူခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**




## မြန်မာနိုင်ငံတွင် ကျင်းပမည့် 14th Hitachi Young Leaders Intitative တွင် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ရန် ကျောင်းသူလေးဦးအား ရွေးချယ်

မြန်မာနိုင်ငံတွင်ကျင်းပမည့် 14th Hitachi Young Leaders Initiative တွင် မြန်မာနိုင်ငံကိုယ်စားပြုတက်ရောက်ရန် ကျောင်းသူလေးဦးအား ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ 14th HYLI ကို ဇူလိုင် ၁၀ ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့ရှိ ဆူးလေ ရှန်ဂရီလာတွင် ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဂျပန်ဘာသာမှ မချယ်ရီဝေနှင့် မအိအိသိမ့်၊ သွားဘက်ဆိုင်ရာ တက္ကသိုလ်မှ ဒေါက်တာနှင်းသန့်စင်ဦးနှင့် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(ရန်ကုန်)မှ မကြူကြူရှိန်မိုးတို့ဖြစ်ကြောင်း Hitachi Asia Ltd. က ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံသည် အဆိုပါအစီအစဉ်တွင် ဒုတိယအကြိမ်အဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၆ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပခဲ့သည့် 13th HYLI မှ စတင်ကာ ပါဝင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင်ကျင်းပမည့် အစီအစဉ်၌ မြန်မာနိုင်ငံကိုယ်စားပြုရွေးချယ်ခံခဲ့ရသည့်ကျောင်းသူလေးဦးသည် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ ထူးချွန်ကျောင်းသူကျောင်းသား ၂၈ဦးတို့နှင့်အတူ ပူးပေါင်း၍ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

ယခုနှစ်တွင်ကျင်းပမည့်အစီအစဉ်တွင် Sustainable Urbanization through Collaborative Creation ဟူသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါခေါင်းစဉ်၏အောက်တွင် ခေါင်းစဉ်ခွဲသုံးခုဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် လက်ရှိဖြစ်ပေါ်နေသည့်ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုနှင့် မြို့ပြ ဖွံ့ဖြိုးမှုဆိုင်ရာများကို အဓိကထား၍ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းအစီအစဉ်မှ ရရှိလာသည့် ဆွေးနွေးချက်များအား အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Hitachi Asia Ltd. မြန်မာပြည်ရုံးခွဲ၏ အထွေထွေမန်နေဂျာဖြစ်သူ မစ္စတာမာဆာကီအိုတကဲက "အာဆီယံမြို့တော်တွေဟာ သူတို့ရဲ့နောင်မျိုးဆက် ခေါင်းဆောင်တွေကို မြို့ပြထိန်းသိမ်းမှုဆိုင်ရာ နည်းလမ်းတွေနဲ့ပတ်သက်ပြီးပိုမိုစိမ်ခေါ်ခွဲစေနိုင်ဖို့ ပြင်ဆင်ထားဖို့လိုပါတယ်။ HYLI ဟာ ဒီမြို့ပြဆိုင်ရာကိစ္စ တွေကို အတူတကွဖြေရှင်းနိုင်ဖို့အတွက် ယခုလက်ရှိနဲ့ နောင်မျိုးဆက်တွေအတွက်ပါ ပေါင်းကူးတစ်ခုအဖြစ် ဖော်ဆောင်ပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဒေသအတွက် ပိုမိုတောက်ပပြီး ပိုမိုပြုပြင်ပြောင်းလဲနိုင်မယ့် အနာဂတ်ကိုပုံဖော်နိုင်ဖို့အတွက် မြန်မာနိုင်ငံကိုယ်စားပြု ရွေးချယ်ခံရတဲ့ ကျောင်းသူတွေရဲ့ တက်ကြွတဲ့ဆွေးနွေးမှုတွေကိုလည်း ကျွန်တော်တို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားခဲ့သည်။ **မယ်သီတာ**

## Green Building နည်းပညာဆွေးနွေးပွဲပါဝင်သည့် 4th BuildTech Yangon 2017 ပြပွဲပြသမည်

စင်ကာပူ ပရက်စ်ဟိုးလ်ဒင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Sphere Exhibits ကကြီးမှူး၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းက ပူးပေါင်းကျင်းပသည့် 4th BuildTech Yangon 2017 ပြပွဲကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ တရုတ်၊ အိန္ဒိယ၊ အီတလီ၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့ရှိ ထိပ်သီးကုမ္ပဏီများမှ ဆောက်လုပ်ရေးကဏ္ဍ၊ စက်ယန္တရားနှင့် လုပ်ငန်းသုံး ပစ္စည်းကဏ္ဍနှင့် စက်မှုအင်ဂျင်နီယာ ဆိုင်ရာကဏ္ဍများအတွက် နောက်ဆုံးပေါ်ကိရိယာများ၊ စက်ယန္တရားများနှင့် နည်းပညာဆိုင်ရာဖြေရှင်းချက်များကို ဝင်ရောက်ပြသကြမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပထမဆုံးအကြိမ်အဖြစ် Green Building ဆွေးနွေးပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။




Green Building ဆွေးနွေးပွဲတွင် ဒေသတွင်းရှိ Green Building Council မှ ဟောပြောသူများ၊ ပညာရှင်များနှင့် World Green Building Council မှ ပညာရှင်များက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဆောက်လုပ်ရေးကဏ္ဍအတွက် အရေးပါသည့် Green Building နည်းပညာများနှင့် ဗဟုသုတများကို ဝေမျှပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့်ပြပွဲတွင် အုတ်စီပြိုင်ပွဲကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ထည့်သွင်းထားကြောင်းသိရသည်။ ယင်းပြိုင်ပွဲသည် ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီများအတွက်ဖြစ်ပြီး ပြိုင်ပွဲတွင် အဆောက်အဦပုံစံငယ်ကို လက်တွေ့သရုပ်ပြသ၍ ပြိုင်ပွဲဝင်ရမည်ဖြစ်ကြောင်း သိရသည်။

အုတ်စီပြိုင်ပွဲကို အသက် (၂၂) အောက်နှင့်အထက်ဟူ၍ ခွဲခြားထားပြီး ပြိုင်ပွဲတွင် အနိုင်ရရှိသူများအားဆုများအပြင် အာဆီယံအဆင့်ပြိုင်ပွဲများတွင် ပါဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## ပုံစံသစ်၊ ရနံ့သစ်၊ ဖော်မြူလာအသစ်နှင့်ထုတ်လုပ်ထားသော Procare ဆပ်ပြာအသစ် သုံးမျိုးအား မိတ်ဆက်

United Beauty Palace Myanmar(UPBM) ၏ ဒုတိယအကြိမ် ဆန်းသစ်တီထွင်မှုအနေဖြင့် အရည်အသွေးမြင့် ထုတ်လုပ်ထားသော ကမ္ဘာ့အဆင့်မီ Procare ဆပ်ပြာအသစ် သုံးမျိုးကို မိတ်ဆက်လိုက်ပြီဖြစ်သည်။

Procare ဆပ်ပြာအသစ်၏အမျိုးအစားတစ်မျိုးချင်းစီတွင် အရည်အသွေးမြင့်၊ ကြာရှည်ခံသည့် ဂျပန်မွှေးရနံ့များပါဝင်ပြီး ကမ္ဘာ့အဆင့်မီနည်းပညာများဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။

အစိမ်းရောင် Procare Fresh Relief ဆပ်ပြာအသစ်သည် အေးမြလန်းဆန်းစေသော နည်းပညာနှင့် ရှားစောင်းလက်ပတ်ပါဝင်ထုတ်လုပ်ထားသဖြင့် ယားယံခြင်းကိုဖြစ်စေသော ပိုးမွှားနှင့် ဘက်တီးရီးယားတို့ကို နူးညံ့စွာ ဖယ်ရှားကာကွယ်ပေးပြီး မိတ်များ၊ အဖုအပိန့်များထွက်ခြင်းမှ သက်သာစေကာ ခြောက်သွေ့သော အရေပြားကို အေးမြစိုပြေစေကြောင်း၊ အပြာရောင် Procare Sweat Protect ဆပ်ပြာသည် အနံ့ဆိုးများကို တားဆီးပေးသော နည်းပညာနှင့်ကျောက်ချဉ်အခဲများဖြင့် ထုတ်လုပ်ထားကြောင်း၊ ထို့ပြင် ဘေးထွက်ဆိုးကျိုးမရှိစေဘဲ အရေပြားပေါ်ရှိ ချွေးနံ့ဆိုးများကို ဖြစ်စေသော ပိုးမွှားများနှင့် ဘက်တီးရီးယားများမှ ကာကွယ်ပေးပြီး ကိုယ်ခန္ဓာရှိအနံ့ဆိုးများကို ထိရောက်စွာ ဖယ်ရှားပေးကြောင်း၊ အနီရောင် Procare Safe & Clean ဆပ်ပြာသည် ဘက်တီးရီးယားများကို ကာကွယ်ပေးသောနည်းပညာနှင့် သံပုရာသီးတို့ဖြင့် ပြုလုပ်ထားကြောင်း၊ ထို့ကြောင့် အရေပြားပေါ်ရှိ ဘက်တီးရီးယားနှင့် ရောဂါကိုဖြစ်စေသော ပိုးမွှားများမှ ကာကွယ်ပေးပြီး အရေပြားကို ကြာရှည်စွာ သန့်ရှင်းစေကြောင်း၊ ပိုးမွှားများ ပြန်လည်ပေါက်ပွားခြင်းကိုလည်း ထိန်းချုပ်နိုင်စေကြောင်း Procare ၏ Brand Manager အိုင်းချစ်ချစ်သူက ပြောကြားခဲ့သည်။

Procare ဆပ်ပြာအသစ်ကို ၆၅ ဂရမ်နှင့် ၁၁၅ ဂရမ် ဟူ၍ အရွယ်အစားနှစ်မျိုး ထုတ်လုပ်ထားပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ စူပါမားကက်များ၊ ကုန်စုံဆိုင်များ၊ ဈေးများနှင့် စတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ဆဲလ်ဖီကင်မရာနှစ်ခုပါဝင်သည့် နောက်ဆုံးပေါ် Group Selfie OPPO F3 ကို ကျပ်လေးသိန်းကျော်ဖြင့် ရောင်းချမည်

ဆဲလ်ဖီကင်မရာနှစ်လုံးပါဝင်သည့် OPPO က ထုတ်လုပ်လိုက်သည့် နောက်ဆုံးပေါ် Group Selfie OPPO F3 ကို ကျပ် ၄၁၉၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း မေ ၄ ရက်က Melia ဟိုတယ်တွင်ကျင်းပခဲ့သည့် တရားဝင်မိတ်ဆက်ပွဲအခမ်းအနားတွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ F3 တွင် ပုံမှန်ဆဲလ်ဖီရိုက်ကူးခြင်းအတွက် အရည်အသွေးမြင့် 16MP နှင့် Group Selfie များအတွက် သာမန်ဆဲလ်ဖီကင်မရာထက် မြင်ကွင်းနှစ်ဆပိုကျယ်သော မြင်ကွင်းကျယ်ဓာတ်ပုံရိုက်ကူးနိုင်မည့် ရှေ့ကင်မရာနှစ်ခုတို့ ပါဝင်သည်။

ထို့ပြင် ပါးလွှာချောမွေ့စွာ ဒီဇိုင်းထုတ်ထားသော သတ္တုကိုယ်ထည်ဒီဇိုင်းနှင့် 5.5inch FHD In-Cell ဖန်သားပြင်တို့တွင် Beautify 4.0 ကို ကြိုတင်ထည့်သွင်းပေးထားသောကြောင့် အရောင်အသွေးအစုံလင်ဆုံးနှင့် အပြတ်သားဆုံးသောဖန်သားပြင်ကို ရရှိနိုင်သည့်ဖုန်းအမျိုးအစားဖြစ်သည်

အဆိုပါ OPPO F3 ကို မြန်မာ၊ အိန္ဒိယ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့တွင် မေ ၁၃ ရက်မှစတင်ကာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Selfie တွေနဲ့ Group Selfie တွေဟာ လူတိုင်းအတွက် ပုံမှန်လုပ်နေကျ လုပ်ဆောင်မှုများပဲဖြစ်ပါတယ်။ ဒီ F3 ဟာ သုံးစွဲသူများကို ကရိကထမများစေဘဲ Group Selfie အတွေ့အကြုံတွေကို ပေးသွားမှာဖြစ်ပြီး ဈေးကွက်အတွင်း ကင်မရာဖုန်း ဆန်းသစ်တီထွင်ရာမှာ OPPO ရဲ့ဦးဆောင်မှုကို ဆက်လက်ခိုင်မာစေမှာ ဖြစ်ပါတယ်"ဟု OPPO ၏ ဒုတိယဥက္ကဋ္ဌနှင့် International Mobile Business ၏ အုပ်ချုပ်မှုဒါရိုက်တာ စကိုင်းလီက ပြောကြားခဲ့သည်။

OPPO F3 တွင် Feature အများအပြားပါဝင်ပြီး F3 ၏ Home- Button လက်ဗွေဖတ်သောစနစ်သည် ဖုန်းကို သုည ဒသမ ၂ စက္ကန့်အတွင်း ဖွင့်ပေးနိုင်သည်။

ထို့ပြင် အဆိုပါ F3 ဖုန်းသည် 4GB RAM နှင့် 64GB ROM တို့ကို နောက်ခံထားပြီး octa-core processor ကို အသုံးပြုကာ Nano 4G SIM Card နှစ်ခုနှင့် Micro SD တစ်ကတ်တို့ကို ထည့်သွင်းနိုင်မည့် အပေါက်သုံးပေါက်ပါသည့် Card tray ပါဝင် သောကြောင့် Memory ကို 128 GB အထိ တိုးမြှင့်နိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# IFLIX မြန်မာက စတိုးဆိုင်၊ ဖုန်းဆိုင်များတွင် ငွေသားဖြင့် IFLIX လစဉ်ကြေး ပေးသွင်းနိုင်မည်

လစဉ်ကြေးပေး၍ အင်တာနက်မှရုပ်ရှင်များကိုကြည့်ရှုနိုင်သော ဝန်ဆောင်မှုကိုပေးလျက်ရှိသည့် iflix သည် မြန်မာနိုင်ငံရှိ သုံးစွဲသူများအတွက် ငွေပေးသွင်းမှုနည်းလမ်းသစ်ကို မိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။ iflix အနေဖြင့် ဧပြီ ၂၀ ရက်မှစတင်ကာ မြန်မာနိုင်ငံရှိ iflix သုံးစွဲသူများအား ၎င်းတို့၏ ကမ္ဘာ့အဆင့်မီဝန်ဆောင်မှု iflix လစဉ်ကြေးကို ငွေပေးသွင်းမှုဆိုင်ရာ ဝန်ဆောင်မှု Red dot ကွန်ရက်မှတစ်ဆင့် ပေးချေနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်လီဆိုင်ပေါင်း ၁၄၀၀၀ ကျော်ရှိသော Red dot Network ၏ ဆန်းသစ်သော ငွေပေးသွင်းမှုနည်းလမ်းသည် iflix တွင် လစဉ်ကြေးပေးသွင်းကြည့်ရှုသူများအား လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို အကြွေးဝယ်ကတ်မလိုဘဲ ဆိုင်တွင် အလွယ်တကူပေးသွင်းနိုင်စေမည်ဖြစ်သည်။

အကန့်အသတ်မဲ့ ကြည့်ရှုခွင့်အတွက် တစ်လလျှင် ကျပ် ၃၀၀၀ သာ ကျသင့်မည်ဖြစ်ပြီး မည်သည့်ကြော်ငြာမျှ အနှောင့်အယှက်မရှိဘဲ ကြည့်ရှုနိုင်မည်ဖြစ်သည်။ နှစ်စဉ်ကြေးပေး၍ သုံးစွဲသူများအနေဖြင့် နှစ်လလျှော့ဈေးရရှိမည် ဖြစ်သည့်အတွက် ကျပ် ၃၀၀၀၀ တည်းဖြင့် တစ်နှစ်စာကြည့်ရှုနိုင်မည်ဖြစ်သည်။

iflix သည် သုံးစွဲသူအသစ်များအတွက် ၎င်း၏ ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှု၊ လုပ်ဆောင်ချက်များနှင့် ရုပ်ရှင်များကို အပြည့်အဝအသုံးပြု၍ ကြည့်ရှုနိုင်စေရန် တစ်လ အခမဲ့ကြည့်ရှုခွင့်ကို ပေးထားသည်။ သုံးစွဲသူများအနေဖြငcfh www.iflix.com သို့သွား၍ အကောင့်ကို မှတ်ပုံတင်နိုင်ပါသည်။ (သို့မဟုတ်) Google Play (သို့) Apple App Store မှ iflix အက်ပလီကေးရှင်းကို ဒေါင်းလုဒ်ဆွဲပြီး မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# ဂျာမနီနိုင်ငံမှ Siemens ကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ပူးပေါင်း၍ မြန်မာ့ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်

ဂျာမနီနိုင်ငံမှ Siemens ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ Myanmar Mahar Htun Co. Ltd. တို့ ပူးပေါင်း၍ မြန်မာ့ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလိုအပ်ချက်များအား ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆိပ်ကမ်းများတွင် လုပ်ငန်းဆောင်တာများကို ဘေးအန္တရာယ်ကင်းရှင်း၍ ပိုမိုထိရောက်စွာ အဆင့်မြင့်မြင့်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မြန်မာ မဟာထွန်းကုမ္ပဏီသည် Siemens ၏နည်းပညာဖြင့် အသုံးပြုထားသည့်ဝန်ချီစက်များကို မြန်မာ့ဆိပ်ကမ်းများတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ဆိပ်ကမ်းသည် စုစုပေါင်းတန်ချိန် ၂၂၀၀၀၀ (DWT) ရှိသည့် ကုန်တင်ရေယာဉ်အသေးအစား ၂၀ ဆိုက်ကပ်တင်ချနိုင်သည့်အနေအထားရှိပြီး ဆိပ်ကမ်းများထပ်မံတိုးချဲ့မှုနှင့်အတူ ရေယာဉ်ဆိုက်ကပ်မှုနှင့် ကုန်စည်တင်ချမှုများမှာလည်း ပိုမိုမြင့်တက်လာဖွယ်ရာရှိသည်။ အထူးသဖြင့် ရန်ကုန်ဆိပ်ကမ်းကို အမြင့်ဆုံးတန်ချိန်ပေါင်း ၅၀၀၀၀ (DWT) တင်ချနိုင်စွမ်းရှိသည့် ဆိပ်ကမ်းတစ်ခုဖြစ်လာရန် မျှော်မှန်းထားပြီး ထိုသို့လုပ်ဆောင်နိုင်ပါက အရှေ့တောင်အာရှဆိပ်ကမ်းများတွင် ထိပ်ဆုံးမှ ရပ်တည်သွားနိုင်မည်ဖြစ်သည်။

အရည်အသွေးကောင်းမွန်တဲ့ကုန်ပစ္စည်းတွေကို အသုံးပြုလိုမှုများလာတာ၊ ကူးသန်းရောင်းဝယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုတွေ မြင့်တက်လာတာက မြန်မာ့ဆိပ်ကမ်းနဲ့ ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ ချဲ့ထွင်ဖို့အတွက် အခွင့်အလမ်းသစ်တွေ ဖန်တီးပေးနေပါတယ်။ ဒါကြောင့် လာမယ့်နှစ်တွေမှာ ပိုမိုများပြားလာနိုင်မယ့် သွင်းကုန်၊ ထုတ်ကုန် အတင်အချပြုလုပ်မှုဝန်စည်



ပမာဏတွေကို လက်ခံလုပ်ဆောင်နိုင်မယ့် ဆိပ်ကမ်းတွေ တည်ဆောက်ထားနိုင်ဖို့ အလွန်အရေးကြီးပါတယ်" ဟု Siemens မြန်မာနှင့် ကမ္ဘောဒီးယားမှ Digital Factory and Process Industry and Drives ဌာန၏ Business Development ဦးစီးမှူးဖြစ်သူ Christian Beckers က ပြောကြားခဲ့သည်။

Siemens သည် မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ်မှစတင်၍ လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး၊ ၂၀၁၆ ခုနှစ်တွင်အရှေ့တောင်အာရှတစ်ဝန်း၌ ကြီးမားလာသော ဈေးကွက်၏ လိုအပ်ချက်အရ ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ပိုမိုတွင်ကျယ်လာစေရန် ရည်ရွယ်၍ ရန်ကုန်ရုံးအား ဆက်လက်တိုးချဲ့ခဲ့သည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ လျှပ်စစ်စွမ်းအင်၊ ဆိပ်ကမ်းနှင့် ကုန်ပစ္စည်းများ သယ်ယူတင်ပို့မှုလုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဆိုင်ရာ စီးပွားရေးလုပ်ငန်းအသီးသီးတွင် Siemens သည် ၎င်း၏နောက်ဆုံးပေါ် ခေတ်မီနည်းပညာများဖြင့် ကူညီထောက်ပံ့ကာ မြန်မာနိုင်ငံတွင် လုပ်ငန်းများပိုမိုတိုးချဲ့ လုပ်ကိုင်လာနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**မယ်သီတာ**




# ကမ္ဘာကျော် Hard Rock Cafe စားသောက်ဆိုင် ရန်ကုန်မြို့ရှိ မြန်မာပလာဇာတွင် ဖွင့်လှစ်

ကမ္ဘာကျော် စားသောက်ဆိုင်ကြီးတစ်ဆိုင်ဖြစ်သည့် Hard Rock Cafe စားသောက်ဆိုင်ကို မြန်မာပလာဇာ၊ လေးလွှာ ခေါင်မိုးပေါ်တွင် ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ Hard Rock Cafe စားသောက်ဆိုင်သည် တစ်မူထူးခြားသော ဂီတာ၊ ဆန်းသစ်သော ဖျော်ဖြေမှုများနှင့် စစ်မှန်သော အမေရိကန်အစားအစာများကို ရောင်းချပေးလျက်ရှိသည့် ကမ္ဘာကျော်စားသောက်ဆိုင်ကြီး တစ်ဆိုင်ဖြစ်သည်။

Hard Rock Cafe ဆိုင်တွင် Live ဖျော်ဖြေရေးစင်လည်း ထားရှိထားပြီး မြန်မာနိုင်ငံမှ အကောင်းဆုံး ဒီဂျေများနှင့် Live တေးဂီတ ဖျော်ဖြေမှုများကိုလည်း ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ကော်ဖီဆိုင်တွင် ကမ္ဘာတစ်ဝန်းမှ နိုင်ငံကျော် ဂန္ထဝင်ဂီတအနုပညာရှင်များ၏ အမှတ်တရပစ္စည်းများကို စုစည်းပြသထားပြီး ဂီတလောက၏ သမိုင်းကြောင်းနှင့် အနာဂတ်ကိုလည်း ဖော်ကျူးပြသထားသည်။ လာရောက်ကြမည့် ဧည့်သည်များအနေဖြင့် ဂန္ထဝင်ဂီတပညာရှင်ကြီးများဖြစ်သည့် The Beatles , Frank Sinatra, Elvis Presley, Malcolm Young တို့အပြင် ခေတ်ပေါ်အဆိုရှင်များဖြစ်သည့် Lady Gaga နှင့် Eminem တို့၏ အမှတ်တရပစ္စည်းများကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံမှ ပြည်သူများ ချစ်ခင်လေးစားရသော နာမည်ကျော် အနုပညာရှင်များဖြစ်သည့် ထူးအိမ်သင်နှင့် ဇော်ဝင်းထွဋ်တို့၏ အမှတ်တရပစ္စည်းများလည်း Hard Rock Cafe တွင်ပြသထားမည်ဖြစ်သည်။

Hard Rock Cafe Menu တွင် လူကြိုက်များသော Legendary Burgers အပါအဝင် အခြားလတ်ဆတ်၍ ထူးခြားကောင်းမွန်သော ဟင်းလျာအမျိုးမျိုးတို့မှာယူနိုင်ပြီး Hard Rock ၏ Smokehouse မှလည်း ကြက်၊ ဝက်၊ နံရိုးအစရှိသည်တို့ကို နူးညံ့ပြီး ပြီးပြည့်စုံသည့် အရသာကို ပေးစွမ်းနိုင်သော ဟင်းလျာများလည်း ရရှိနိုင်ပါသည်။ Hard Rock ၏ Menu ထဲမှ လတ်ဆတ်သန့်ရှင်း ကောင်းမွန်သော အစားအသောက်များကို စားသုံးနိုင်မည်ဖြစ်သည်။ အစားအသောက်အပြင် Hard Rock ၏ အထူးနာမည်ကျော်ကြား ကောင်းမွန်ပြီး ဆုတံဆိပ်ရ ဖျော်ရည်များကိုလည်း သုံးဆောင်နိုင်မည်ဖြစ်ကာ အရက်မပါဝင်သော လူကြိုက်များသည့် ကော့တေးအမျိုးမျိုးနှင့် Alternative Rock ဖျော်ရည်များကို Hard Rock ၏ အထိမ်းအမှတ်ပစ္စည်းများ စုဆောင်းထားသည့် ဖန်ခွက်များဖြင့် တည်ခင်းပေးမည်ဖြစ်သည်။ အဆိုပါကော်ဖီဆိုင်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက www.hardrock.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# သင်္ကြန်ကာလအတွင်းက ဗီယက်နမ်နိုင်ငံသို့ မြန်မာလူမျိုးများ အများအပြား သွားရောက်လည်ပတ်ခဲ့

မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်းက ဗီယက်နမ်နိုင်ငံသည် မြန်မာလူမျိုးတို့ အကြိုက်နှစ်သက်ဆုံးခရီးသွားလာသည့်နေရာများအနက် တစ်ခုအပါအဝင် ဖြစ်လာကြောင်း Vietjet လေကြောင်းလိုင်းက ထုတ်ဖော်ပြောကြားခဲ့သည်။ မြန်မာလူမျိုးတို့သည် ၎င်းတို့၏ အားလပ်ရက်ရှည် တစ်နည်းအားဖြင့် သင်္ကြန်ရုံးပိတ်ရက်တွင် ဗီယက်နမ်နိုင်ငံ၏ နေရာအနှံ့အပြားသို့ သွားရောက်လေ့လာခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံတွင် လွန်ခဲ့သောလအနည်းငယ်မှစတင်၍ မြန်မာခရီးသည်လာရောက်မှုနှုန်း တိုးတက်နေခဲ့သော်လည်း ပြီးခဲ့သည့်ဧပြီလကမူ မြန်မာခရီးသည်လာရောက်နှုန်း အများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၎င်း၏ လှပသောရှုခင်းများနှင့် အရသာရှိလှသော အစားအစာများကြောင့် နာမည်ကျော်ကြားလျက်ရှိရာ မြန်မာလူမျိုးတို့သည် ၎င်းတို့၏အားလပ်ရက်ရှည်တွင် ဗီယက်နမ်နိုင်ငံ၏အလှအပများကို ကြည့်ရှုလေ့လာလိုကြသည်။ အချို့သော မြန်မာခရီးသွားတို့သည် ခရီးသွားအဖွဲ့တို့၏ ခရီးစဉ်များဖြင့် သွားရောက်လေ့လာကြပြီး အချို့ကမူ တစ်ဦးတစ်ယောက်တည်းသာ သွားရောက်လေ့လာကြသည်။ ဗီယက်နမ်နိုင်ငံသို့ ခရီးသွားအဖွဲ့ဖြင့် ခရီးသွားရောက်ခဲ့သူ ဒေါ်ဝင်းမြေးက "ဗီယက်နမ်နိုင်ငံမှာရှိတဲ့ မြို့တွေက တော်တော်လှတယ်။ ကျွန်မက ဗီယက်နမ်နိုင်ငံရဲ့ အရမ်းလှတဲ့ မြင်ကွင်းဓာတ်ပုံတွေကိုမြင်ဖူးနေတော့ အရမ်းသွားချင်ခဲ့တာပါ။ ဒါပေမယ့် တစ်ယောက်တည်းကျတော့လည်း မသွားတတ်ဘူး။ ဒါကြောင့် ခရီးသွားအဖွဲ့နဲ့ သွားခဲ့ပါတယ်။ ခရီးသွားအဖွဲ့ခေါ်သွားသမျှ နေရာတွေအားလုံးက အရမ်းလှတယ်။ ပြီးတော့ ကျွန်မလိုပဲ အခြားခရီးသွားအဖွဲ့တွေနဲ့လာတဲ့ မြန်မာလူမျိုးတွေကိုလည်း တွေ့ခဲ့တယ်။ ကျွန်မနိုင်ငံ တော်တော်များများ ခရီးတွေသွားခဲ့ပေမယ့် ဒီလိုမြန်မာတွေ တစ်နေရာတည်းမှာ အများကြီးရှိနေတာမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး"ဟု ပြောကြားခဲ့သည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ခရီးစဉ်ပေါင်းများစွာရှိခဲ့သည့်အနက် ဗီယက်နမ်နိုင်ငံသည် ထိပ်တန်း ၁၀ နိုင်ငံစာရင်းတွင်ပါဝင်သည်။ ဗီယက်နမ်နိုင်ငံတွင် ခရီးသွားများနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သော Halong Bay, Halong Night Market, Hoam Kiem Lake နှင့် Hoi An City အစရှိသော နေရာအသီးသီးတွင် လေ့လာသူများ များပြားလျက်ရှိပြီး အခြားသော အလွန်လှပသည့် သဘာဝအလှတရားများဖြစ်ကြသည့် Phu Quoc Island, Cat Ba Island နှင့် အခြားသော နေရာများသည်လည်း လှပပြီး အားလပ်ရက်အနားယူရန် ကောင်းမွန်လှသည့် နေရာများဖြစ်ကြကြောင်း သိရသည်။

**မယ်သီတာ**

# တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်အစည်းအဝေး (၁/၂၀၁၇)ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စာသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဧပြီလ ၂၈ ရက်က ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီနှစ်ရပ် အစည်းအဝေး(၁/၂၀၁၇)ကို ကျင်းပခဲ့ပါတယ်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌဦးစိုးညွန့်လွင်က အဖွင့်အမှာ စကားပြောကြားခဲ့ရာ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အဘက်ဘက်မှ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်မှာ ကျင်းပ ပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့် ဆောင်ရွက်သွားဖို့အတွက် ဆုံးဖြတ်ချက် လေးချက်ကို ချမှတ်ခဲ့ကြောင်း၊ ထိုဆုံးဖြတ်ချက်များအရ စားသုံးသူကာကွယ်ရေးနဲ့ ပတ်သက်ပြီး အချို့ကိစ္စများသည် ပညာပေးရုံနှင့် မလုံလောက်ဘဲ အလွန်အမင်း ကျူးလွန်လာလျှင် တည်ဆဲဥပဒေ(သို့) စားသုံးသူကာကွယ်ရေး ဥပဒေအတိုင်း အရေးယူဆောင်ရွက်ရန်၊ တစ်ဖက်နိုင်ငံမှ ဈေးသက်သက်သာသာဖြင့် တင်သွင်းလာသည့် ကလေးများ ကစားသည့် အရုပ်များ(လေဆာသေနတ်)နဲ့ မုန့်များသည် ကလေးများအတွက် အန္တရာယ်ရှိသည့်ပစ္စည်းများဖြစ်၍ အကာအကွယ်ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်၊ စားသုံးသူများအနေဖြင့် စားသုံးသူနှင့် ပတ်သက်သည့်ရပိုင်ခွင့်၊ အခွင့်အရေးများအား ကျယ်ကျယ်ပြန့်ပြန့် မသိသေးသည်ကိုတွေ့ရှိရ၍ အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဌာနအသီးသီးမှ ဟောပြောပွဲများ ပြုလုပ်လျက်ရှိသော်လည်း လုံလောက်မှုမရှိသဖြင့် သက်ဆိုင်ရာနယ်မြေအလိုက် သတင်းစာများ၊ မီဒီယာများ၊ ဂျာနယ်များ၊ ရုပ်သံများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် လူထုပညာပေးမှု အစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ နယ်စပ်တစ်လျှောက် ကုန်သွယ်မှုပြုရာလမ်းကြောင်းများနဲ့ နယ်စပ်ဖြတ်ကျော် ဝင်ထွက်



ပေါက်များမှ ပြည်သူလူထုကို အန္တရာယ်ဖြစ်စေတဲ့ကုန်ပစ္စည်းများ တရားမဝင် တင်သွင်းလာခြင်း၊ တရားဝင် တင်သွင်းလာသော်လည်း ခွင့်ပြုချက်အပေါ် အလွဲများနှင့် စံချိန်စံညွှန်း မပြည့်မီတဲ့အတွက် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ထိခိုက်စေတဲ့ ကုန်ပစ္စည်းများကို တင်သွင်းခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များက စားသုံးသူ၊ သုံးစွဲသူများကို ထိခိုက်စေတဲ့ ကုန်ပစ္စည်းများကို ၎င်းတို့အကျိုးစီးပွားအတွက် အန္တရာယ်ဖြစ်မှုကိုသိလို့ ဖြစ်စေ၊ မသိလို့ဖြစ်စေ ထုတ်လုပ်ဖြန့်ချိခြင်းများကြောင့် ကုန်စည်များနဲ့ပတ်သက်ပြီး လုံခြုံစိတ်ချရမှုမရှိတာကိုလည်း အားလုံးသိရှိပြီးဖြစ်ကြောင်း၊ အမျိုးမျိုးသော ထိခိုက်နစ်နာမှုများကို ဖြေရှင်းနိုင်ရေးအတွက် ရှမ်းပြည်နယ်မှာလည်း စားသုံးသူပြည်သူများကို အကာအကွယ်ပေးနိုင်ဖို့ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်အညီ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ရှမ်းပြည်နယ်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ကို အချိန်အခါနဲ့ ကိုက်ညီအောင် ပြန်လည်ဖွဲ့စည်း ဆောင်ရွက်ပေးထားပြီး ဖြစ်သည့်အတွက် တက်ရောက်လာကြတဲ့ ကော်မတီဝင်များကလည်း ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၊ အတွင်းရေးမှူးဦးမြသန်းက ရှမ်းပြည်နယ်၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီက ဈေးကွက် အတွင်းရှိ စားသောက်ကုန်များကို ပြည်သူများ သံသယ ကင်းစွာ ဝယ်ယူစားသုံးနိုင်ရေး အတွက် ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ တင်သွင်းမှုမရှိခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိခြင်း၊ အကောက်ခွန် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိခြင်း၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ၊ စည်းကမ်းများ(By-Law) ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိခြင်း၊ ကျန်းမာရေး ဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိခြင်း၊ FDA ဌာနမှ တားမြစ်ပိတ်ပင်ထားခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီမှုမရှိခြင်းစတဲ့ ပြဋ္ဌာန်းချက်များကိုဖောက်ဖျက်တဲ့ စားသောက်ကုန်များကို ဈေးကွက်အတွင်းမှ ဖယ်ရှားရှင်းလင်းသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။

ဆက်လက်၍ ပြည်နယ်လုပ်ငန်းကော်မတီနှစ်ရပ်၏ အတွင်းရေးမှူး ဦးမင်းအောင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းခြင်းနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည့်အကြောင်း တင်ပြခဲ့ပြီး တက်ရောက်လာသော လုပ်ငန်း ကော်မတီများမှလည်း အသီးသီး ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

■

## မြိတ်မြို့၊ တောရကျောင်းရပ်၊ သံသရာအေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မြိတ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးညွန့်နှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မြိတ်မြို့၊ တောရကျောင်းရပ်၊ သံသရာအေး ဘုန်းတော်ကြီးသင်ပညာသင်ကျောင်း၌ ဧပြီ ၂၈ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ ပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်များ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များကို မိမိတို့ကိုယ်တိုင် ရွေးချယ် ဝယ်ယူစားသောက်သင့်ကြောင်း၊ လူကို အန္တရာယ်ပေးပြီး ဒုက္ခဖြစ်စေနိုင်သော ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်စေသော ဓာတုပစ္စည်းများ ပါဝင်နေကြောင်း၊ မှိုတက်နေသော အစားအစာများ၊ ဓာတုဆိုးဆေးများနှင့် တာရှည်ခံဆေးများ အလွန်အကျွံ အသုံးပြုထားသော အစားအစာများ မစားသုံးသင့်ကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

ဆွေးနွေးပွဲသို့ အဆိုပါကျောင်းမှ တာဝန်ခံနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ညိုညိုစန်း(မြိတ်)**

## ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာလုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/ ၂၀၁၇) ကျင်းပ

ဧပြီ ၂၈ ရက်နေ့က ကရင်ပြည်နယ် စားသုံးသူအငြင်းပွား မှုဖြေရှင်းရေး အဖွဲ့ စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး (၃/၂၀၁၇) ကို ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဦးသန်းနိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရပါသည်။ ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ပထမဆုံး အစည်းအဝေး ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက်များကိုလည်း ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေးသည် အရေးကြီးပါကြောင်း၊ စားသုံးသူများသည် အခွင့်အရေးများ ပိုမိုသိရှိပြီး အခွင့်အရေးရရှိအောင် တောင်းဆိုလာနိုင်ရေးအတွက် ဌာနများ၊ နေရာများ ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့်လည်း အသိပညာပေးခြင်း၊ စစ်ဆေး အရေးယူခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း၊ ကော်မတီဝင်များ အားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာနပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်းက ဆွေးနွေးရာတွင် ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီနှစ်ရပ်၏ အစည်းအဝေး (၂/၂၀၁၇) ဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီးစီးမှုအား ရှင်းလင်းခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မေလတွင် ဆောင်ရွက်မည့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ အစီအစဉ် လျာထားချက်အား ရှင်းလင်းပြီး၊ အကြံပြု ဆွေးနွေးရန် တင်ပြရာတွင် CICC ( Consumer Information and Complaint Centre ) ရုံးဖွင့်လှစ်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရန်၊ အေးခဲအသားများနှင့် ပတ်သက်၍ ထပ်မံ စစ်ဆေးခြင်း၊ တားမြစ်ခြင်း ဆောင်ရွက်ရန်၊ လျာထားချက်များအတိုင်း အသိပညာပေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ရန်နှင့် ရေခဲစက်များ စစ်ဆေးရေးအတွက် စက်မှုကြီးကြပ်၊ FDA၊ စည်ပင်တို့နှင့် ပူးပေါင်း ဆောင်ရွက်ရန် စသည့် ကိစ္စရပ်များအား ပါဝါပွိုင့်ဖြင့် အသေးစိတ် တင်ပြဆွေးနွေးပါသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်များမှ အသီးသီးဆွေးနွေးခြင်း၊ အကြံပြုခြင်းများအပေါ် ပူးပေါင်း ဝိုင်းဝန်း၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အားလုံးမှလည်း အဖြစ်နိုင်ဆုံး၊ အလုပ်သင့်ဆုံး၊ ဖြစ်နိုင်ခြေရှိသည့် အခြေအနေများကို ဆောင်ရွက်သွားကြမည်ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

# အရည်အသွေးဆိုတာ

| ဝေဖြိုးထက် (သတင်းအချက်အလက် / အရည်အသွေး) |

(ယခင်တစ်ပတ်မှအဆက်)

**ကျွမ်းကျင်မှုသင်တန်းပေးခြင်း**

ဂျပန်နိုင်ငံ မစ်ဆူဘီရှိ ကုမ္ပဏီရဲ့ အကြီးအကဲက သူ့လုပ်ငန်းအောင်မြင်ရခြင်းရဲ့ အကြောင်းကို ဒီစကားတစ်ခွန်းပြောပါတယ်။ "Making People before making products" အဓိပ္ပာယ်က ကုန်ပစ္စည်းတွေ မထုတ်လုပ်ခင် လူတွေကို အရည်အသွေးရှိအောင် အရင်ပြုစုပျိုး ထောင်ပါတယ်တဲ့။ အရည်အသွေး (Quality) ကောင်းရရှိဖို့ ပညာအရည်အချင်း (Education) နဲ့ စတင်ရမယ်လို့ ဆိုပါတယ်။ ပစ္စည်းပဲထုတ်ထုတ်၊ ဝန်ဆောင်မှုပဲ လုပ်လုပ် လူကအရေးကြီးပါတယ်။ လူမှာက ကျွမ်းကျင်မှု အရေးကြီးပါတယ်။ ကျွမ်းကျင်မှုကို တည်ဆောက်ဖို့က သင်ကြားမှု၊ သင်ယူမှု အရေးကြီးပါတယ်။ နည်းပညာတွေ အားကောင်းလာတဲ့ ခေတ်၊ ယှဉ်ပြိုင်မှုတွေ ပြင်းထန်လာတဲ့ ခေတ်မှာ ကိုယ့်ရဲ့လုပ်ငန်းနောက်ကျမကျန်ခဲ့ရအောင် ကိုယ့်မှာရှိတဲ့ လူ့အရင်းအမြစ်ကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးဖို့ အရေးကြီးပါတယ်။ စွမ်းဆောင်ရည်အလိုက် ခံစားခွင့်တွေ ချီးမြှင့်ပေးဖို့လည်း လိုအပ်ပါတယ်။ ဝန်ထမ်းတွေ အလုပ်ခွင်မှာ ပျော်ပြီး လုပ်ငန်းတော်မှသာ အရည်အသွေး တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

**အရည်အသွေးကို ဘယ်လိုစီမံခန့်ခွဲရမလဲ (How to Manage Quality?)**

အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတိုင်းမှာ ကောင်းမွန်တဲ့ အရည်အသွေးစီမံခန့်ခွဲမှုစနစ် ရှိပါတယ်။ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတို့ရဲ့ အရည်အသွေးကို တစ်သမတ်တည်းထိန်းထားနိုင်ဖို့ တိုးတက် ကောင်းမွန်ဖို့ အရည်အသွေးစီမံခန့်ခွဲရေးကို မဖြစ်မနေ ဆောင်ရွက်ကြရပါတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့ (ISO-International Organization for Standardization) က ချမှတ်ထားတဲ့ အရည်အသွေးစီမံခန့်ခွဲရေး အခြေခံ သဘောတရားရှစ်ချက်ရှိပါတယ်။ လူသိများပြီး ထင်ရှားတဲ့ စီမံခန့်ခွဲမှုစနစ်ပဲဖြစ်ပါတယ်။ ဘယ်လို လုပ်ငန်းမျိုးမှာမဆို အရည်အသွေးစီမံခန့်ခွဲရေးလုပ်ငန်းစဉ်အဖြစ် အသုံးချနိုင်ပါတယ်။

**စားသုံးသူကို အလေးထားချဉ်းကပ်ခြင်း**

ဒီအချက်မှာ စားသုံးသူရဲ့လိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းပေးမလဲဆိုတာနဲ့စားသုံးသူကို ဘယ်လိုဝန်ဆောင်မှုပေးနိုင်မလဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဘယ်လိုလုပ်ငန်းမှာမဆို ကိုယ့်ရဲ့ စားသုံးသူက ဘယ်သူတွေလဲ၊ သူတို့နဲ့ဘယ်လိုထိတွေ့ဆက်ဆံနိုင်မလဲ၊ ဒီထက်ပိုပြီး စားသုံးသူတွေက ဘာတွေကို မျှော်လင့်နေသလဲဆိုတာ နားလည်နေဖို့ အရေးကြီးပါတယ်။ သိရှိနားလည်ပြီး အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ဖို့အားထုတ်ရမှာပါ။ အကျိုးဆက်အားဖြင့် စားသုံးသူရဲ့ ယုံကြည်မှုရစေခြင်း၊ ဝင်ငွေတိုးတက်လာစေခြင်း၊ လေလွင့်ဆုံးရှုံးမှုတွေကို လျှော့ချနိုင်ခြင်း၊ ဖောက်သည်အသစ်တွေ ရရှိလာနိုင်ခြင်းနဲ့ စားသုံးသူတွေရဲ့ ကျေနပ်နှစ်သက်မှုရခြင်းဆိုတာတွေ ရရှိလာမှာဖြစ်ပါတယ်။ အကျိုးအရှိဆုံး ရလဒ်ကတော့ စားသုံးသူဆီက ယုံကြည်ကျေနပ် လက်ခံမှု၊ သစ္စာရှိမှုကို ရနိုင်ခြင်းပဲ ဖြစ်ပါတယ်။

**ခေါင်းဆောင်မှု**

ရှင်းလင်းပြတ်သားတဲ့၊ ခိုင်မာအားကောင်းတဲ့ ခေါင်းဆောင်နိုင်မှုမရှိဘဲ လုပ်ငန်းတစ်ခုကို စီမံကွပ်ကဲဖို့ မဖြစ်နိုင်ပါဘူး။ လုပ်ငန်းတိုင်းမှာ ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်ပန်းတိုင် ရှိနေရပါမယ်။ ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်အားလုံးကလည်း ကိုယ်နဲ့သက်ဆိုင်တဲ့ တာဝန်ယူထားတဲ့ အလုပ်တာဝန်ကို ရည်မှန်းချက်ထားတဲ့အတိုင်း ပီပြင်အောင် ဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ ကောင်းမွန်တဲ့ ခေါင်းဆောင်နိုင်မှုရှိဖို့လိုအပ်ပါတယ်။ အကျိုးဆက်အားဖြင့် ဝန်ထမ်းတွေဟာ စားသုံးသူရဲ့ လိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းနိုင်မလဲနဲ့ စိတ်ကျေနပ်မှုကိုရအောင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကို လမ်းညွှန်ပေးနိုင်မှာဖြစ်ပါတယ်။ ကိုယ့်ဝန်ထမ်းတွေဟာ ညွှန်ကြားချက်တွေကို သေချာ နားလည်နေမယ်ဆိုရင်၊ လုပ်ငန်းရည်မှန်းချက်ကို သဘောပေါက်နေမယ်ဆိုရင် အလုပ်ကိုပိုမိုကြိုးစားအားထုတ်လာကြမှာဖြစ်ပါတယ်။ စနစ်ကျတဲ့အရည်အချင်းရှိတဲ့ ခေါင်းဆောင်နိုင်မှုရှိမှ ကိုယ့်လုပ်ငန်းနဲ့ပတ်သက်သမျှ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ ဖောက်သည်တွေနဲ့ ဘယ်လိုချိတ်ဆက်ဆောင်ရွက်ရမယ်၊ ဘယ်လိုပူးပေါင်း ဆောင်ရွက်ရမယ်ဆိုတာ သိရှိနားလည်မှာဖြစ်ပြီး ချိတ်ဆက်ဆောင်ရွက်မှု အားနည်းချက်တွေကို အလွယ်တကူ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

**ပူးပေါင်းဆောင်ရွက်မှု**

ဝန်ထမ်းတွေပူးပေါင်းဆောင်ရွက်မှုမရှိရင် လုပ်ငန်းမအောင်မြင်ပါဘူး။ သူတို့ရဲ့ စွမ်းရည်တွေ မြှင့်တင်နိုင်လေလေ လုပ်ငန်းအောင်မြင်လေလေ ဖြစ်မှာပါ။ ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်မြှင့်တင်ရေး၊ သူတို့ရဲ့ ဆန်းသစ်တီထွင်နိုင်စွမ်း မြှင့်တင်ရေးနဲ့ ထိုးထွင်းဉာဏ် မြှင့်တင်ဖို့တို့ကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့အရည်အချင်းကို အသိအမှတ်ပြုပေးခြင်း၊ တန်ဖိုးထားဆက်ဆံခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သူတို့ဟာ တန်ဖိုးရှိတယ်လို့ ခံစားရရင် စိတ်ကူးစိတ်သန်းကောင်းကောင်းနဲ့ ထက်ထက်သန်သန် အလုပ်လုပ်ကြတော့မှာပါ။ ဒီသဘောတရားအရ ဝန်ထမ်းအားလုံးရဲ့ တာဝန် ယူမှုနဲ့တာဝန်ခံမှု စွမ်းရည်ကို အမြဲတိုးတက်ကောင်းမွန်နေဖို့ ဆောင်ရွက်ရမယ်လို့ဆိုပါတယ်။ ဝန်ထမ်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအားကို ရအောင်အသုံးချရမှာဖြစ်ပါတယ်။ ဝန်ထမ်းကောင်းမှ လုပ်ငန်းအောင်မြင်မှာပါ။

**လုပ်ငန်းစဉ်ကို ချဉ်းကပ်ဆောင်ရွက်မှု**

ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေဟာ အကျိုးရှိပြီး စွမ်းဆောင်ရည်ရှိနေဖို့ ဦးတည်နေရပါမယ်။ ဒီနေရာမှာ အလေးထားစဉ်းစားစေချင်တာက လုပ်ငန်းစဉ်ကောင်းကောင်းချမှတ်နိုင်လေ လုပ်ငန်းက သွက်လက်မြန်ဆန်ပြီးအလုပ်တွင်လေ ဖြစ်တယ်ဆိုတာပါပဲ။ အကောင်းဆုံးလုပ်ငန်းစဉ် ချမှတ်ဆောင်ရွက်နိုင်မယ်ဆိုရင် ကုန်ကျစရိတ်တွေ လျှော့ချနိုင်ခြင်း၊ ပေါင်းစည်းညီညွတ်မှုအားကောင်းလာစေခြင်း၊ အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်ခြင်း၊ စဉ်ဆက်မပြတ်တိုးတက်မှုကို ရှေ့ရှုလာနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ပါတယ်။

**စီမံခန့်ခွဲမှုကို စနစ်တကျရှိစေခြင်း**

တိကျတဲ့ တာဝန်သတ်မှတ်ချက်တွေချမှတ်ခြင်း၊ ဒါတွေကို သေချာနားလည်သဘောပေါက်ခြင်း၊ စနစ်တကျ စီမံခန့်ခွဲခြင်းတို့ဟာ အပြန်အလှန်ဆက်စပ်နေပြီး၊ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်ကို အကျိုးရှိဖို့၊ စွမ်းရည်ထက်မြက်ဖို့ အကြောင်းရင်းခံတွေ ဖြစ်တယ်။ လုပ်ငန်းရဲ့ ရည်မှန်းချက်အတိုင်း အောင်မြင်မှုရနိုင်တယ်ဆိုတာ လက်ခံရပါမယ်။ အဓိကလုပ်ငန်းစဉ်အပေါ်မှာ အလေးထားဆောင်ရွက်ဖို့ လိုအပ်သလို အကောင် အထည်ဖော်ဆောင်ရွက်ရာမှာလည်း လမ်းကြောင်းတိမ်းစောင်းမှု မရှိအောင် ဆောင်ရွက်ကြမှသာ ပိုကောင်းတဲ့ စွမ်းဆောင်ရည်ကို ရနိုင်မှာ ဖြစ်ပါတယ်။ လုပ်ငန်းအဆင့်တိုင်းမှာ စနစ်ကျတဲ့ စီမံခန့်ခွဲမှုရှိမှသာ လုပ်ငန်းကြီးတစ်ခုလုံး စွမ်းရည်ထက်မြက်ပြီး တိုးတက်မှုရလဒ်တွေ ရရှိလာမှာပါ။

**စဉ်ဆက်မပြတ်တိုးတက်မှုကို ရှေ့ရှုခြင်း**

ဒီသဘောတရားက ဘာကိုရည်ညွှန်းသလဲဆိုရင် စဉ်ဆက်မပြတ်တိုးတက်မှုရှိမှသာ ရည်မှန်းချက် အောင်မြင်မယ်ဆိုတာပဲ။ ဘယ်လိုလုပ်ရင် ပိုကောင်းမလဲဆိုတာ အမြဲကြံဆနေဖို့ပဲ ဖြစ်ပါတယ်။ အကျိုးကျေးဇူးအားဖြင့် အခွင့်အလမ်းသစ်တွေရလာနိုင်တယ်။ အဖွဲ့အစည်းအလိုက် သင့်တော်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ရလာနိုင်တယ်၊ နောက်ဆက်တွဲအားဖြင့် လုပ်ငန်းကြီးတစ်ခုလုံးရဲ့ စွမ်းဆောင်ရည်မြင့်တက်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေး အကျပ်အတည်းဖြစ်နေချိန်မှာတောင်မှပဲ ကိုယ့်လုပ်ငန်းက ဟန်မပျက် တိုးတက်မှုတွေရှိနေပြီး ဈေးကွက်အသစ်တွေ ရရှိနိုင်ပါလိမ့်မယ်။

**အချက်အလက်တွေကို အခြေခံတဲ့ဆုံးဖြတ်ချက်ချမှတ်ခြင်း**

ကိန်းဂဏန်းတွေ၊ သတင်းအချက်အလက်တွေကို သုံးသပ်ဆန်းစစ်ကြည့်ပြီး ဘာတွေဆက်လုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ချက်တွေ ချမှတ်ရမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ စားသုံးသူတွေ၊ Supplier တွေ၊ ဝန်ထမ်းတွေကပေးတဲ့ အချက်အလက်တွေ၊ အခြားအရင်းအမြစ်တွေကရတဲ့ သတင်းအချက်အလက်တွေ၊ ကိုယ့်ရဲ့စာရင်းဇယားတွေကပြနေတဲ့ ကိန်းဂဏန်းတွေကို သုံးသပ်ဆန်းစစ်ကြည့်ရပါမယ်။ ပြီးရင်ဘာတွေလုပ်သင့်သလဲဆိုတာ ဆုံးဖြတ်ချက်တွေ ချမှတ်ရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်က ရှုပ်ထွေးကောင်း ရှုပ်ထွေးနိုင်ပါတယ်။ တစ်ခါတစ်ရံစွန့်စားရာလည်း ကျနေတတ်ပါတယ်။ ဒါပေမယ့် ရရှိလာတဲ့ သတင်းအချက်အလက်တွေ၊ ကိန်းဂဏန်းတွေ၊ ဆုံးဖြတ်ချက်အသစ်တွေ ချမှတ်နိုင်ဖို့ အကောင်းဆုံး အထောက်အကူပြုနိုင်တာတွေပဲ ဖြစ်ပါတယ်။ ဒါတွေကို အခြေခံပြီး ကိုယ့်ရဲ့ လုပ်ငန်းအတွေ့အကြုံ၊ တွေးခေါ်မြော်မြင်မှုနဲ့ ပေါင်းစပ်ပြီး ယုံကြည်ကိုးစားနိုင်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မှသာ လုပ်ငန်းအောင်မြင်မှာ ဖြစ်ပါတယ်။

**လုပ်ငန်းနဲ့ ဆက်စပ်နေသူများနှင့် ဆက်ဆံရေးကို ထိန်းသိမ်းခြင်း**

ရေရှည်အောင်မြင်မှုကို ရချင်ရင် ကိုယ့်လုပ်ငန်းနှင့် ဆက်စပ်ပတ်သက်နေသူများနဲ့ကောင်းမွန်တဲ့ ဆက်ဆံရေးကို ထူထောင်ထားရပါမယ်။ ကိုယ့်ရဲ့ Suppliers တွေ၊ ကိုယ်နဲ့အကျိုးတူ လုပ်ကိုင်သူတွေ၊ ကိုယ့်ရဲ့စားသုံးသူတွေနဲ့ဆက်ဆံရေး ကောင်းမွန်မှသာ တည်တံ့ခိုင်မြဲတဲ့ အောင်မြင်မှုရမှာပါ။ သူတို့ရဲ့ အကြံဉာဏ်တွေ၊ မှတ်ချက်တွေ၊ အခက်အခဲတွေကို အလေးထားပေးရပါမယ်။ သူတို့တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အသိအမှတ်ပြုခြင်း၊ အလေးထားခြင်း၊ အရေးတယူနဲ့ ဆက်ဆံပေးခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ လုပ်ငန်းကြီးတစ်ခုလုံး အချိတ်အဆက်မိမိနဲ့ စွမ်းဆောင်ရည် တိုးတက်မှာဖြစ်ပြီး ရေရှည်အောင်မြင်မှုရနိုင်မှာဖြစ်ပါတယ်။

## ယင်းမာပင်ခရိုင်တွင် ဧပြီလအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး၏ကြီးကြပ်မှုဖြင့် ယင်းမာပင် ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်း ဦးဆောင်၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ဧပြီလအတွင်း ယင်းမာပင် မြို့နယ် ကျွန်းတောလေး ကျေးရွာ၊ ပသီးကုန်း ကျေးရွာ၊ လည်ငေါက် ကျေးရွာတို့တွင် ဟောပြောပွဲများ ကျင်းပပြီး ဆိုရှယ်ကိတ်မုန့် လုပ်ငန်းစစ်ဆေးခြင်း၊ ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာ၊ ထန်းတောကျေးရွာ၊ တောင်ပုလု ကျေးရွာတို့တွင်လည်းကောင်း၊ ပုလဲမြို့နယ် ဇေတီယျုံကျေးရွာ၊ အလယ့်ဘုံ ကျေးရွာတို့တွင် လည်းကောင်း ကနီမြို့နယ်တွင် သင့်ဝင်ကျေးရွာနှင့် မင်းမကျေးရွာတို့တွင် လည်းကောင်း ဟောပြောပွဲများ ကျင်းပခဲ့ရာ စုစုပေါင်း ၁၂ ကြိမ် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ယင်းမာပင်ခရိုင်၊ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ဆွေးနွေး ဟောပြောပွဲများ၌ ကျန်းမာရေး ဝန်ကြီးဌာနမှ တားမြစ်ထားသော အန္တရာယ်ရှိ အစားအသောက်များကို မစားသုံးရန်၊ နယ်စပ်မှ ဝင်ရောက်လာသော အအေးခဲအသား၊ ငါးများကို စားသုံးလျှင် ဖြစ်ပေါ်နိုင်သော ဘေးထွက်ဆိုးကျိုးများ ရှိသဖြင့် ရှောင်ရှားရန်၊ မှိုတက်နေသည့် အစားအစာများ၊ ပြန်ကြော်ဆီများနှင့် အသုံးပြုထားသော အစားအစာများ၊ ဟင်းချိုမှုန့် လွန်ကဲစွာ အသုံးပြုခြင်းကြောင့် ရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ ကလေးများ ပညာသင်ချိန် အရွယ်ဖြစ်သောကြောင့် ဟင်းချိုမှုန့် လွန်ကဲစွာ စားသုံးလျှင် မှတ်ဉာဏ်ချို့ယွင်းပြီး စာသင်ရန် အခက်အခဲဖြစ်နိုင်ခြင်းတို့ကြောင့် အသုံးမပြုရန် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဆန်စက်၊ ဆီစက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာတွင်လည်း မိမိတို့ထုတ်ကုန်များကို အမှန်အကန်ဖြစ်ရန် လိုအပ်ကြောင်း၊ ဆီကိုရောရောင်းလျှင်လည်း ရောနှောဆီဖြစ်ကြောင်းပြော၍ ရောင်းသင့်ကြောင်း ရှင်းလင်းဆွေးနွေး ပညာပေးခဲ့ပါသည်။

တက်ရောက်လာသူ စားသုံးသူများက သိရှိလို၍ မေးမြန်းချက်များကို အဖွဲ့မှ အကျယ်တဝင့် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရပါသည်။ ရှင်းလင်းဆွေးနွေးပွဲများသို့ စုစုပေါင်း ၅၀၂ ဦး တက်ရောက်ခဲ့ကြပြီး စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင် ၂၃၈ စောင်နှင့် စားသုံးရန်မသင့် အန္တရာယ်ရှိခွင့်မပြု ဓာတုဆိုးဆေး ပါဝင်သည့် အစားအသောက်များ စာရင်း ၂၃၈ စုံကို စားသုံးသူ မိဘ ပြည်သူများဆီသို့ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော် (ပုလဲ)**

# အိန္ဒိယပဲရက်သတ္တပတ်

အိန္ဒိယနိုင်ငံ ပဲမျိုးစုံ အခြေအနေနှင့် ပတ်သက်သော အဂရီဝပ်ချ် ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာကို မေ ၁ ရက်က ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှု၊ ပြည် ပမှ တင်သွင်းလာသော ပဲမျိုးစုံဈေးနှုန်းနှင့် ပြည်တွင်း ပဲဈေးနှုန်းများ၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အထွက်နှုန်း ခန့်မှန်းခြေ စသည်တို့ကို ဖော်ပြထားသည်။ အစီရင်ခံစာပါ အချက်အလက်များ အနက် မဟာရဿျတ္တရာ ပြည်နယ်ထုတ်လုပ်မှု ခန့်မှန်းချက်၊ မြန်မာနိုင်ငံမှ တင်သွင်းသော ပဲများ၏ ဈေးနှုန်း အခြေအနေ စသည်တို့မှာ ယခင်ရက်သတ္တပတ်က အတိုင်း ပြောင်းလဲမှု မရှိသည်ကို တွေ့ရသည်။

**ပဲမျိုးစုံဝယ်ယူဖြည့်တင်းမှု**

မိုးရာသီတွင် ထွက်ရှိခဲ့သော ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှုကို အစိုးရ၏ ဝယ်ယူဖြည့်တင်းရေး အေဂျင်စီတစ်ခုဖြစ်သော အိန္ဒိယ အမျိုးသား လယ်ယာစိုက်ပျိုးရေး သမဝါယမ ဈေးကွက်ရှာဖွေရေး ဖက်ဒရေးရှင်းက ရပ်ဆိုင်းထားခဲ့သည်။ သို့သော်လည်း ဆောင်းစိုက် ပဲမျိုးစုံများကို ဆက်လက်ဝယ်ယူနေဆဲ ဖြစ်သည်။ ဥတ္တာရာပရာဒေ့ရှ်၊ မဒ္ဒယာပရာ ဒေ့ရှ်နှင့် ရာဂျက်စသန် ပြည်နယ်များမှ ကုလားပဲနှင့် ပဲနီလေးတို့ကိုမူ ဆက်လက် ဝယ်ယူနေဆဲဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက် အထိ ကုလားပဲနှင့် ပဲနီလေး စုစုပေါင်း ၁၈၇၀၈ တန် အထိ ဝယ်ယူထားပြီး ဖြစ်သည်။ စုစုပေါင်း ဝယ်ယူထားသော ကုလားပဲ ၁၆၇၂၇ တန် အနက် ရာဂျက်စသန်မှ ၁၅၃၃၁ တန်၊ မဒ္ဒယာပရာဒေ့ရှ်မှ ၁၂၅၃ တန်နှင့် ဥတ္တာရာပရာဒေ့ရှ်မှ ၁၄၃ တန် ဖြစ်သည်။

ဧပြီ ၂၅ ရက်အထိ ဝယ်ယူရရှိထားသော ပဲနီလေး တန်ချိန် ၁၉၈၀ အနက် ဥတ္တာရာ ပရာဒေ့ရှ်မှ တန်ချိန် ၁၅၀၀ နှင့် မဒ္ဒယာပရာဒေ့ရှ်မှ တန်ချိန် ၄၈၀ ရှိသည်။ ဤပဲနှစ်မျိုးစလုံး၏ ဈေးနှုန်းမှာ အနိမ့်ဆုံး ထောက်ပံ့ကြေးပေးသော ဈေးနှုန်းထက် ပိုမိုနေသည့်အတွက် အစိုးရက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူလျက်ရှိသည်။

**ပြည်ပမှ တင်သွင်းလာသော ပဲမျိုးစုံဈေးနှုန်း**

မြန်မာနိုင်ငံမှ တင်သွင်းလာသော ပဲစင်းငုံနီဈေးမှာ ယခင်ဈေးနှုန်းအတိုင်းရှိပြီး CIF ဈေးနှုန်းအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၁၅ မှ ၆၂၀ နှုန်းအထိရှိသည်။ မတ်ပဲ FAQ၊ မတ်ပဲ SQ၊ ပဲတီစိမ်း ဈေးများမှာလည်း ယခင် ရက်သတ္တပတ်က ရှိခဲ့သော ဈေးနှုန်းအတိုင်း ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

မေအတွက် ချုပ်ဆိုသော ယူကရိန်းစားတော်ပဲ ဈေးနှုန်းမှာ CIF ဈေးဖြင့် တွက်ချက်ပါက နာဗာရှီဗာဆိပ်ကမ်းတွင် တစ်တန်ကို အမေရိကန်



ဒေါ်လာ ၃၃၅ နှင့် ကိုလ်ကတ္တားဆိပ်ကမ်းတွင် အမေရိကန်ဒေါ်လာ ၃၄၀ ရှိသည်။ တူရကီ ပဲနီလေးဈေးမှာ နာဗာရှီဗာ လက်ငင်းဈေးကွက်တွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၂၅ နှုန်းရှိသည်။ ကနေဒါပဲနီလေး၏ မေလအတွက် ကြိုတင်ဈေးမှာ CNF ဈေးအရ နာဗာရှီဗာဆိပ်ကမ်းတွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၅၀ နှုန်းရှိသည်။ ဩစတြေးလျ ကာဘူလီ ကုလားပဲ၏ ဇွန်၊ ဇူလိုင်အတွင်း ကြိုရောင်းဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၅၅ နှုန်းရှိသည်။ ဩစတြေးလျ ကုလားပဲ (DESI) ကြိုရောင်းဈေးမှာ တစ်တန်ကို ဇွန်လအတွက် အမေရိကန်ဒေါ်လာ ၉၈၀၊ ဇူလိုင်လအတွင် အမေရိကန်ဒေါ်လာ ၉၉၅ နှင့် အောက်တိုဘာလအတွက် အမေရိကန် ဒေါ်လာ ၇၉၅ နှုန်းရှိသည်။ မေအတွင်း ပေးသွင်းရမည့်ဩစတြေးလျ ပဲတီစိမ်းဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၃၅ နှုန်းရှိသည်။ တန်ဇန်းနီးယား ပဲတီစိမ်းဈေးမှာ တစ်တန်ကို အမေရိကန် ဒေါ်လာ ၆၉၀နှင့် မိုဇန်ဘစ်ပဲတီစိမ်းဈေးက တစ်တန်ကို အမေရိကန် ဒေါ်လာ၆၄၀ ရှိသည်။

**ပြည်တွင်းပဲများ၏ ဈေးနှုန်းအခြေအနေ**

လက်လီ ရောင်းချရေး လုပ်ငန်းများမှ ဝယ်လိုအား ကျဆင်းမှုနှင့် သွင်းကုန်လုပ်ငန်းရှင်များက လျှော့ဈေးဖြင့် ရောင်းချနေသည့်အတွက် ပဲမျိုးစုံဈေးကွက်များတွင် ဖိအားပေးမှုများ ဆက်တိုက်တည်ရှိနေဆဲဖြစ်သည်။ ထို့အပြင် သရက်သီးရာသီမှာလည်း စတင်နေပြီ ဖြစ်သည့်အတွက် စားသုံးသူများ၏ ဝယ်လိုအားကို တိုက်ရိုက်ဂယက်ရိုက်ခတ်မှု ရှိခဲ့သည်။ ထုတ်လုပ်မှု ပိုမိုမြင့်မားမည်ဟု အစိုးရ၏ ခန့်မှန်းချက်နှင့် ပဲစင်းငုံ ရောင်းလိုအားမြင့်တက်မှုက ဈေးကွက်၏ ယုံကြည်မှုကို ကျဆင်းစေခဲ့သည်။ ဈေးကွက်မရေမရာ ဖြစ်နေချိန်တွင် ဝယ်လက်များကလည်း အလုံးအရင်းဖြင့် ဝယ်လိုသော ဆန္ဒမရှိသည်ကို တွေ့ရသည်။ ဈေးကွက်တစ်ခုလုံးကို ခြုံကြည့်မည်ဆိုပါက အကျဘက်သို့ ဦးတည်နေသည်ကို တွေ့ရသည်။

အိန္ဒိယ အစားအစာ ကော်ပိုရေးရှင်း( Food Corporation of India ) က ဧပြီ ၂၂ ရက်မှစ၍ MSP ဈေးဖြင့် ပဲမျိုးစုံ ဝယ်ယူမှုကို ယာယီရပ်ဆိုင်းခဲ့သည်။ ယခုကဲ့သို့ ရပ်ဆိုင်းရခြင်းမှာလည်း စားသုံးသူရေးရာ ဝန်ကြီးဌာနက ချမှတ်ထားသော ဝယ်ယူဖြည့်တင်းရေး ရည်မှန်းချက်ကို ကျော်လွန်ပြီဖြစ်သဖြင့် ရပ်ဆိုင်းထားခြင်း ဖြစ်သည်။ ဝယ်ယူသိုလှောင်မှု ပြည့်မီသွားပြီ ဖြစ်သဖြင့် ဝယ်ယူရရှိထားသော ပဲများကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချတော့မည်ဖြစ်သည်။ အထူးသဖြင့် ပဲတောင်သူများအတွက် ပဲဈေးနှုန်း မြင့်တက်ရေး အလားအလာနည်းလာပြီး ထိုသို့ရောင်းချမှုကြောင့် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေသည်။ ယခုအခါ ပဲစင်းငုံဈေးမှာ ဈေးကွက်အတွင်း၌ တစ်ကွင်တယ်ကို ရူပီး ၄၂၀၀ နှုန်းရှိနေပြီး MSP ဈေးမှာ ဘောနပ် ၄၂၅ ရူပီးအပါ အဝင် တစ်ကွင်တယ်ကို ရူပီး ၅၀၅၀ နှုန်းရှိသည်။

**အပြည်ပြည်ဆိုင်ရာ ပဲဈေးကွက်**

၂၀၁၆ ခုနှစ်၊ ဇူလိုင်မှ စတင်သော ၂၀၁၆-၂၀၁၇ ခုနှစ်၊ ပဲရာသီတွင် ယခုအချိန်ထိ ယူကရိန်းနိုင်ငံက စားတော်ပဲတန်ချိန် ၃ ဒသမ ၃၃ သိန်းတင်ပို့ခဲ့သည်။ သို့သော် ယခင်နှစ် ကာလတူက တင်ပို့ခဲ့သော ပဲတန်ချိန်မှာ ၁ ဒသမ ၈၂ သိန်းသာရှိခဲ့သည်။ အာရှနိုင်ငံများမှ ပို့ကုန်ဝယ်လိုအား မြင့်မားနေဆဲဖြစ်သဖြင့် ယူကရိန်းနိုင်ငံမှ CNF ဈေးနှုန်းမှာ ဈေးမှန်အတိုင်း ရှိနေဆဲဖြစ်သည်။ ကနေဒါနိုင်ငံ၏ ကာဘူလီ ကုလားပဲမှာ တစ်ပေါင်ကို ကနေဒါ ဒေါ်လာ သုညဒသမ ၆၇ နှင့် သုညဒသမ ၆၈ နှုန်းရှိသည်။ ဤကဲ့သို့ ကနေဒါ ပဲဈေးကျဆင်းမှုကြောင့် မြန်မာနိုင်ငံမှ တင်ပို့သော CNF ဈေးမှာလည်း ယခုရက်သတ္တပတ်အတွင်း ကျဆင်းခဲ့သည်။

## ဝယ်လိုအား ကျဆင်းမှုကြောင့် အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံဈေးနှုန်းကျဆင်း

အိန္ဒိယနိုင်ငံတွင် ကုလားပဲနှင့် ပဲစင်းငုံများအပေါ်တွင် ဖိအားပေးမှုများဆက်လက် တည်ရှိနေသည့်အတွက် ဈေးနှုန်းများမှာ ယခင်ကရောက်ရှိခဲ့သော ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ရူပီး ၁၀၀ မှ ၁၅၀ အကြား ကျဆင်းနေကြောင်း ဟိန္ဒူဘိစနက်လိုင်း သတင်းတွင်ဖော်ပြသည်။

ဝယ်ယူဖြည့်တင်းရေး အေဂျင်စီများက ပဲစင်းငုံကို အနိမ့်ဆုံး ထောက်ပံ့နှုန်း(MSP) ဖြင့် ဝယ်ယူမှုကို ရပ်ဆိုင်းလိုက်ချိန်တွင် ပြည်တွင်းဈေးကွက်အတွင်းသို့ ပဲစင်းငုံများအဝင် လျှိုင်လာခြင်း၊ မြန်မာနိုင်ငံမှတင်သွင်းသော ပဲစင်းငုံများ ဝင်လာခြင်းနှင့် ဗဟိုသိုလှောင်ရေးဌာနတွင် သိုလှောင်ထားသော ပဲစင်းငုံများကို စတင်လေလံတင်ရောင်းချခြင်းတို့ကြောင့် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အတွင်း ပဲစင်းငုံ ဈေးနှုန်းများကို ဂယက်ရိုက်ခတ်မှု ရှိခဲ့သည်။ အိန္ဒိယ နိုင်ငံတစ်ဝန်း ရောင်းချလျက်ရှိသော ပဲစင်းငုံဈေးများမှာ ရူပီး ၃၈၀၀ မှ ရူပီး ၃၉၀၀ အတွင်းရှိနေပြီး ထပ်မံ ကျဆင်းမည့် အလားအလာကို တွေ့ရသည်ဟုဆိုသည်။ သရက်သီး ရာသီကုန်သွားပါက လက်လီ အရောင်းဆိုင်များမှ ဝယ်လိုအား မြင့်တက်နိုင်သဖြင့် မေလနောက်ပိုင်းမှစ၍ ပဲစင်းငုံဈေးသည် လက်ရှိဈေးထက် ပိုမိုမြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

ယခုနှစ်တွင် အထွက်နှုန်းမြင့်တက်မည်ဟု ခန့်မှန်းထားသည့်အတွက် ကုလားပဲဈေးနှုန်းများလည်း ကျဆင်းခဲ့သည်။ ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၀၀၀ မှ ၅၅၀၀ ကြားရှိသည်။ ပြည်ပမှတင်သွင်းလာသော ကုလားပဲကိုမူ ဝယ်လိုအားကျဆင်းမှုကြောင့် လျှော့ဈေးဖြင့် ရောင်းချလျက်ရှိသည်။ သို့သော် အဂရီဝပ်ချ်ကမူ ကုလားပဲဈေးမှာ ဇွန်လတွင် ဈေးပြန်တက်မည်ဟု ခန့်မှန်းထားပြီး မကြာသေးမီက ဈေးသို့ ပြန်လည်ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

မတ်ပဲမှာမူ အနိမ့်ဆုံးဈေးသို့ ရောက်ရှိနေသည်။ သို့သော်လည်း ပဲအဝင်မှာ ကျဆင်းလျက်ရှိသည်။ ပဲတောင်သူတို့ကလည်း လက်ရှိဈေးနှုန်းအတိုင်း ရောင်းလိုသော ဆန္ဒမရှိကြပေ။ မတ်ပဲဈေး မှာတစ်ကွင်တယ်ကို ရူပီး ၅၅၀၀ မှ ၅၆၀၀ နှုန်းအကြား ရှိသည်။ မေလကုန်တွင် ဈေးနှုန်းများပြန် တက်လာနိုင်မည်ဟု ခန့်မှန်းထားသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အိန္ဒိယဂွန်တူး ငရုတ်သီးဈေးကွက် အကျပ်အတည်းတွေ့

ဂွန်တူး ငရုတ်သီးဈေးကွက်မှာ ပြည်နယ်အတွင်း အကြီးဆုံးဈေးကွက်ဖြစ်သကဲ့သို့ အိန္ဒိယတစ်နိုင်ငံလုံးတွင်လည်း အကြီးဆုံးဈေးကွက်ဖြစ်သည်။ ယခုအခါ ဈေးကွက်အတွင်း ငရုတ်သီးအိတ်များ အများအပြား စုပုံလျက်ရှိရာ အချို့ခန့်မှန်းချက်အရ အိတ်သုံးသိန်းခန့် ရှိမည်ဟုသိရသည်။ သို့ဖြစ်ရာ ဈေးကွက်အတွင်း၌ အကျပ်အတည်းများ ကြုံတွေ့နေရသည့်အတွက် ဧပြီ ၂၉ ရက်မှစ၍ ဈေးပိတ်ထားပြီး မေ ၃ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ငရုတ်သီးအထွက်နှုန်း မြင့်မားပြီး ဈေးကွက်အတွင်းသို့ အလျှံပယ် ရောက်ရှိနေသည့်အတွက် ငရုတ်သီးတစ်ကွင်တယ်ဈေးမှာ ၂၀၁၆ ခုနှစ်က ရူပီး ၁၂၀၀၀မှ ၁၄၀၀၀ အကြား ရှိရာမှ ယခုနှစ်တွင် တစ်ကွင်တယ်ကို ရူပီး ၅၀၀၀ အထိ ကျဆင်းခဲ့သည်။ ထို့ကြောင့် ဈေးနှုန်း ထောက်ပံ့ရေး အစီအစဉ်ကို အစိုးရက ထုတ်ပြန်ကြေညာခဲ့



ပြီး ဧပြီ ၂၀ ရက်မှစ၍ ငရုတ်သီး တစ်ကွင်တယ်ကို ဈေးကွက်ပေါက်ဈေးအပြင် နောက်ထပ် ရူပီး ၁၅၀၀ ထပ် ဆောင်းပေးခဲ့သည်။ ဧပြီ ၂၀ ရက်မှ စ၍ အန္ဒရာပရာဒေ့ရှ် ပြည်နယ်ရှိ ခရိုင်အသီးသီးမှ ငရုတ်တောင်သူများသည် ဂွန်တူးဈေးကွက်သို့ ငရုတ်သီးခြောက်များကို တင်ပို့ရောင်းချကြသည်။ ထောက်ပံ့ကြေးအစီအစဉ်တွင် တက်လန်ဂါနာမှ တောင်သူများ မပါဝင်သော်လည်း ထိုပြည်နယ်အတွင်းရှိ ခရိုင်အသီးသီးမှ တောင်သူများကလည်း ငရုတ်သီးများကို လာရောက်ရောင်းချကြသည်။ ဈေးကွက်အတွင်း၌ ငရုတ်သီးအိတ်များ တောင်ပုံရာပုံ ဖြစ်နေသော်လည်း ဈေး အတွင်းနှင့် အိမ်နီးချင်းခရိုင်များတွင် အအေးခန်း သိုလှောင်ရုံမရှိဘဲ ဖြစ်နေသည်။

ငရုတ်သီးဈေးကွက်တွင် အကျပ်အတည်းများ ဆက်လက်ဖြစ်ပွားနေသည်ကို အကြောင်းပြု၍ အတိုက်အခံ ပါတီဖြစ်သော YSR Congress က ဝေဖန်တိုက်ခိုက်ခဲ့သည်။ ရွေးကောက်ပွဲကာလက ယခု အာဏာရပါတီသည် ကတိအမျိုးမျိုးကို ပေးခဲ့သော်လည်း တောင်သူများ၏ အကျိုးစီးပွားကို လုံးဝ မျက်ကွယ်ပြုထားကြောင်း စွပ်စွဲပြောကြားထားသည်။

# အသုံးပြုပြီး စားသုံးဆီမှ ထုတ်လုပ်သော ဇီဝ လောင်စာဆီဖြင့် စင်ကာပူ အဲလိုင်းက လေယာဉ်ခရီးစဉ်များ စတင်ပျံသန်း



စင်ကာပူအဲလိုင်း(Singapore Airlines_SIA) က အပြည်ပြည်ဆိုင်ရာ လေကြောင်းသွားလာမှုတွင် ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ထိုအစီအစဉ် အရ လေကြောင်းလိုင်း၏ ခရီးစဉ် ၁၂ ခုအနက် အချို့ကို ဇီဝလောင်စာဆီ အသုံးပြုသွားမည် ဖြစ်ကြောင်း၊ အမျိုးသားလေကြောင်းလိုင်း၏ မေ ၃ ရက်က ကြေညာချက်ကို တူဒေးဝက်ဘ်ဆိုက် သတင်းတွင် ဖော်ပြသည်။

ခရီးစဉ် ၁၂ ခုအနက် ခရီးစဉ် တစ်ခုဖြစ်သော SQ 31 သည် မေ ၂ ရက်က စင်ကာပူနိုင်ငံသို့ ပထမဆုံး အကြိမ် အဖြစ်ရောက်ရှိခဲ့သည်။ လေကြောင်းခရီးစဉ်တွင် ခရီးသည် ၂၀၆ ဦး ပါဝင်ပြီး ဇီဝလောင်စာဆီကို ၁၇ နာရီကြာ အသုံးပြု၍ ဆန်ဖရန်စစ္စကိုမှ စင်ကာပူသို့ တောက်လျှောက် ပျံသန်းခဲ့ခြင်းဖြစ်သည်။ ကျန်ခရီးစဉ် ၁၁ ခုကို သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ် ‘Green Package’ အဖြစ် ပျံသန်းမည် ဖြစ်ပြီး လောင်စာဆီစားသက်သာသော Airbus A 350-900 တို့ကို အသုံးပြုပြီး ဆန်ဖရန်စစ္စကိုမှ စင်ကာပူသို့ လုံးဝရပ်နားခြင်းမရှိဘဲ တိုက်ရိုက် ပျံသန်းမည်ဖြစ်ကြောင်း SIA နှင့် စင်ကာပူမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ (CAAS) တို့၏ ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

ဇီဝလောင်စာဆီကို ထုတ်လုပ်ရာတွင် အသုံးပြုပြီးသော စားသုံးဆီ ကို အသုံးပြု ထုတ်လုပ်မည်ဖြစ်သည်။ SIA က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ခရီးစဉ်များကို ဆောင်ရွက်ရာတွင် ဇီဝလောင်စာဆီရော၊ သမားရိုးကျ ဂျက်လောင်စာဆီပါ နှစ်ခုစလုံးကို အသုံးပြုသည်။

သို့သော် နှစ်မျိုးရောစပ်သည့် အချိုးအစားကို လေကြောင်းလိုင်းက အတိအကျ ထုတ်ဖော်ကြေညာခြင်း မရှိသေးပေ။ SIA ၏အဆိုအရ SQ3I သည် ဇီဝလောင်စာဆီနှင့် သမားရိုးကျ လောင်စာဆီနှစ်မျိုးသုံးပြီး ပျံသန်းရာ၌ ကမ္ဘာပေါ်တွင် ပထမဆုံးဖြစ်ကြောင်း သိရသည်။ အစီအစဉ်ကို ဆောင်ရွက်ရာတွင် CAAS က အထောက်အကူပေးပြီး ဆီစားသက်သာသော လေယာဉ်များကို အသုံးပြုထားကြောင်း သိရသည်။

# အလုပ်အကိုင်သစ်များ ဖန်တီးရန် မလေးရှားအစိုးရက နည်းလမ်းရှာ

စတုတ္ထ စက်မှုတော်လှန်ရေးကြောင့် လျင်မြန်စွာ ပျောက်ကွယ်သွားသော အလုပ်အကိုင်နေရာများကို အစားထိုးနိုင်ရန်အတွက် အလုပ်အကိုင်သစ်များ ဖန်တီးနိုင်မည့် အစီအစဉ်သစ်များကို ဖန်တီးရန် အစိုးရက နှိုးဆော်တိုက်တွန်းထားကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

အလုပ်အကိုင်လျှော့ချခြင်း၊ အလိုအလျောက်စက်များ အသုံးပြုခြင်းနှင့် ကြားခံလူများ၏ အခန်းကဏ္ဍပျောက်ကွယ်သွားခြင်းတို့ကြောင့် အလုပ်အကိုင် ၇ ဒသမ ၁ သန်းခန့် ဆုံးရှုံးနိုင်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် လေ့လာချက် အစီရင်ခံစာကို ကိုးကား၍ဝန်ကြီးချုပ် ဒါတွတ်ဆယ်ရီနာဂျစ် တွန်ရာဇတ်က ပြောသည်။

“ယခုအချိန်မှာ ကျွန်တော်တို့က စတုတ္ထစက်မှုတော်လှန်ရေးကို ရင်ဆိုင်တွေ့ကြုံနေရပါ တယ်။ စတုတ္ထ စက်မှုတော်လှန်ရေးမှာ ပြောင်းလဲမှု ကို ပေါ်စေတဲ့ အကြောင်းတရားတွေထဲမှာ အိုင်စီတီ ၊Internet Of Things, ရိုဘော့ စက်ရုပ်၊ နာနိုနည်းပညာနဲ့ အလိုအလျောက် စနစ်စတာတွေကိုသုံးနေကြတဲ့အကြောင်းတရားတွေ ပါဝင်ပါတယ်”

“စတုတ္ထတော်လှန်ရေးက အလုပ်အကိုင် ပြောင်းရွှေ့နေရာချထားမှု အပါအဝင် အလုပ်သမား ဈေးကွက်ကို ထူးခြားတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေလိမ့်မယ်လို့ကမ္ဘာ့စီးပွားရေး ဖိုရမ် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက အလေးအနက်ထား ဆောင်ရွက်ပြီး ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ ထိရောက်တဲ့ အစီအမံတွေကို ကျွန်တော်တို့ ချမှတ်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စက်မှုလုပ်ငန်းရဲ့ အနာဂတ်ဖြစ်တဲ့ ဒစ်ဂျစ်တယ် စီးပွားရေးထူထောင်မှုလည်းပါဝင်ပါတယ်။ အွန်လိုင်းစီးပွားရေးလုပ်ငန်းတွေကို စွန့်ဦးတီထွင်ဆောင်ရွက်နေတဲ့ လူငယ်တွေအတွက် အီလက်ထရွန်းနစ် လုပ်ငန်းဆိုင်ရာ အစီအစဉ်တွေ ဆောင်ရွက်ပေးနေပါတယ်” ဟု သူကပြောသည်။

ပိုမိုကောင်းမွန်သော အလုပ်အကိုင် ပတ်ဝန်းကျင်များကိုဖန်တီးနိုင်ရန် ရည်ရွယ်ပြီး အစိုးရက ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေး နယ်ပယ်အများအပြားကိုလည်း သူကထုတ်ဖော်ပြောကြားခဲ့သည်။ ထိုနယ်ပယ်များတွင် အလုပ်သမား သက်သာချောင်ချိရေးကို ဦးစားပေးခြင်း၊ အမျိုးသား အနိမ့်ဆုံးလစာကို သတ်မှတ်ခြင်း၊ လူသားအရင်းအနှီးကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးလုပ်ငန်း (TVET)ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အွန်လိုင်း အလုပ်အကိုင်ရှာဖွေရေးစင်တာများ ဖန်တီးခြင်းတို့ ပါဝင်သည်။

# အလတ်စား တောင်ကိုရီးယား ကုမ္ပဏီများ၏ ပို့ကုန်မြှင့်တင်ရန် အခက်အခဲရှိ

စီးပွားရေး လုပ်ငန်းပတ်ဝန်းကျင် ကောင်းမွန်မှုမရှိခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံတွင် ပို့ကုန်လုပ်ငန်း ဆောင်ရွက်နေသော အလယ်အလတ်အရွယ်အစား ကုမ္ပဏီများအတွက် ပို့ကုန်လုပ်ငန်းမှာ ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် တိုးတက်မည့် အခြေအနေ မရှိကြောင်း ပြည်တွင်း စီးပွားရေးလုပ်ငန်းစစ်တမ်း ကောက်ယူရေးအဖွဲ့တစ်ခုက မတ် ၂ ရက်က ပြောသည်ကိုယွန်းဟပ် သတင်းတွင်ဖော်ပြသည်။

အလားအလာ ကောင်းသော ကိုရီးယား စီးပွားရေး လုပ်ငန်းများ အသင်း (Association of High Potential Enterprises of Korea - AHPEK) က ဆောင်ရွက်ခဲ့သော စစ်တမ်းတွင် ကုမ္ပဏီပေါင်း ၁၆၆ ခု ပါဝင်ပြီး ပါဝင်သော ကုမ္ပဏီများမှ ရရန်ပိုင်ခွင့်တန်ဖိုးအရ ဝမ် ၁၀ ထရီလီယံ (အမေရိကန် ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ) ရှိပြီး နှစ်စဉ်ရောင်းအားမှာ ဝမ်ဘီလီယံ ၄၀ မှ ၁၅၀ အကြားရှိသော ကုမ္ပဏီများဖြစ်သည်။ ပို့ကုန်လုပ်ငန်းသည် ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် အပြောင်းအလဲ ရှိမည်မဟုတ်ဘဲ ကျဆင်းနိုင်သည့် အလားအလာရှိကြောင်း ထိုကုမ္ပဏီများက ပြောသည်။

ပို့ကုန် ကျဆင်းမည်ဟု ခန့်မှန်းရခြင်းမှာ ကာကွယ်ရေးဒုံးကျည် ဖြန့်ကျက်မှု စနစ်ဖြစ်သော Terminal High Altitude Area Defence (THAAD) ကို တောင်ကိုရီးယားနိုင်ငံတွင် တပ်ဆင်မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံက စီးပွားရေးပိတ်ဆို့မှုနှင့် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်ရရှိရေးအတွက် အမေရိကန် ပြည်ထောင်စုနှင့် ပြန်လည် စေ့စပ်ညှိနှိုင်းရမည့် အခြေအနေများ ရှိနေခြင်းတို့ကြောင့်ဖြစ်ကြောင်း ပို့ကုန်ကျဆင်းမည်ဟု ယူဆရသော ကုမ္ပဏီများက အကြောင်းပြကြသည်။

တောင်ကိုရီးယား နိုင်ငံသို့သွားလာမည့် နိုင်ငံခြားခရီးသွား လုပ်ငန်းခရီးစဉ်များကို တရုတ်နိုင်ငံက မတ် ၁၅ ရက်မှစ၍ ပိတ်ပင်ထားသည့်အပြင် အခြားသော ပိတ်ပင်မှုများကို ဆောင်ရွက်ထားသည့်အတွက် ဘမ္ဘာပေါ်တွင် အကြီးမားဆုံး ပြည်ပပို့ကုန် ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံဈေးကွက်သို့ ပို့ကုန်ပစ္စည်း ရောင်းချမှုများ ကျဆင်းခဲ့သည်။ တောင်ကိုရီးယား နိုင်ငံတွင် THAAD ဒုံးကျည်စနစ်တပ်ဆင်မှုကို တရုတ်အစိုးရက ဆန့်ကျင်ခဲ့သော်လည်း တောင်ကိုရီးယား အစိုးရနှင့် အမေရိကန် အစိုးရတို့က ဆက်လက် တပ်ဆင်ခဲ့သည်။

တောင်ကိုရီးယားနှင့် ချုပ်ဆိုထားသော လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်များကို ပြန်လည် စေ့စပ်ညှိနှိုင်းခြင်း သို့မဟုတ် ရပ်ဆိုင်း ခြင်းပြုမည်ဖြစ်ကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်ကလည်း မကြာသေးမီက ပြောခဲ့သည်။

# ကမ္ဘာ့ ဘဏ္ဍာရေး လုပ်ငန်း အများစုကို ဘဏ္ဍာရေးဆိုင်ရာ နည်းပညာသုံး ကုမ္ပဏီများက ခြိမ်းခြောက်လျက်ရှိ

လျင်မြန်စွာ ကြီးထွားလျက်ရှိသော ဘဏ္ဍာရေး နည်းပညာ (Fintech) သုံး ပြိုင်ဘက်လုပ်ငန်းရှင်များ၏ ခြိမ်းခြောက်မှုကို ခံနေရကြောင်းနှင့် တီထွင်ဖန်တီး ဆောင်ရွက်သော ဘဏ္ဍာရေး လုပ်ငန်းများကြောင့် မိမိတို့၏ ဝင်ငွေများ လက်လွတ်ဆုံးရှုံးရမည်ကို စိုးရိမ်နေကြကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ ဘဏ္ဍာရေးလုပ်ငန်းများအနက်မှ ရာခိုင်နှုန်း ၉၀ က ပြောကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ ဤအခြေအနေမှာ Fintech ဟု ခေါ်သော ဘဏ္ဍာရေးနည်းပညာ၏ ဩဇာသက်ရောက်မှုကို ပြသသော နောက်ဆုံးလက္ခဏာ တစ်ရပ်ဖြစ်ကြောင်း မေ ၁ ရက်က ထုတ်ပြန်သော အစီရင်ခံစာသစ် တစ်စောင်တွင် ဖော်ပြသည်။

ငွေပေးချေမှုလုပ်ငန်း၊ ငွေကြေး လွှဲပြောင်းပေးမှုနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ငွေကြေးအပ်နှံမှုမှအစပြုပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများ လက်လွတ်ဆုံးရှုံးပြီး ဘဏ္ဍာရေး နည်းပညာသုံးတီထွင်ဆန်းသစ်သူများ လက်တွင်းသို့ကျရောက်သွားမည်ကို ဘဏ္ဍာရေးလုပ်ငန်းအများစုက စိုးရိမ်နေကြောင်း အတိုင်ပင်အေဂျင်စီ ပရိုက်စ်ဝါးတားဟောက်စ်ကူးပါက ပြုလုပ်သော လေ့လာဆန်းစစ်ချက် အစီရင်ခံစာတွင် ဖော်ပြသည်။

“မိမိတို့ ကုမ္ပဏီတွေနဲ့ ဘဏ္ဍာရေးနည်းပညာကုမ္ပဏီတွေ ထိပ်တိုက်တွေ့ရမယ့် အန္တရာယ်ကို စိုးရိမ်မိတယ်လို့ စစ်တမ်းမှာပါဝင်သူ ၈၈ ရာခိုင်နှုန်းက ပြောကြပါတယ်”ဟု ပရိုက်ဝါးတားဟောက်စ်ကူးပါ၏ ဝက်ဘ်ဆိုက်အစီရင်ခံစာတွင် ဖော်ပြသည်။

သမားရိုးကျမဟုတ်သော ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြုမည့် ဖောက်သည်များ ပိုမို များပြားလာပြီး ဖောက်သည်များအား ငွေပေးချေမှုနှင့် ငွေကြေးလွှဲပြောင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် သမားရိုးကျမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်လာကြမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြကြသည်။ ပုဂ္ဂလိက ငွေကြေးလုပ်ငန်းများသည်လည်း သမားရိုးကျ မဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများဘက်သို့ ကူးပြောင်းမည့် အန္တရာယ်ရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။

စားသုံးသူဘဏ်လုပ်ငန်းကလည်း လာမည့် ငါးနှစ်အတွင်း ဘဏ္ဍာရေးနည်းပညာသုံးကုမ္ပဏီများအဖြစ် ကူးပြောင်းရာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်လာနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ဘဏ္ဍာရေးနည်းပညာ(Fintech) ထွန်းကားလာခြင်းသည် မိမိတို့လုပ်ငန်းများ ချဲ့ထွင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း ဘဏ်လုပ်ငန်းကို ဆောင်ရွက်နေကြသူများအနက် ၆၃ ရာခိုင်နှုန်းကသာ ယူဆကြကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြသည်။

ဘဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



ကုန်စည်ဈေးနှုန်းများ ဆက်လက်ကျဆင်းနေမှုက ကမ္ဘာ့စီးပွားရေးကြံ့ခိုင်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည့်အတွက မေ ၅ ရက်တွင် အာရှငွေကြေး အများစု၏ တန်ဖိုး ကျဆင်းခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ အလုပ်အကိုင် အခြေအနေမှာလည်း မတ်လအတွင်းက ကျဆင်းထားပြီဖြစ်ရာ အလုပ်အကိုင်အခြေအနေ အစီရင်ခံစာမထုတ်ပြန်မီ ဈေးကွက်ရှိ ရင်းနှီးမြှုပ်နှံသူတို့က သတိထား၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဧပြီလတွင် ပျမ်းမျှခြင်းအားဖြင့် အလုပ်အကိုင်ပေါင်း ၁၈၅၀၀၀ ကို ဖန်တီးနိုင်လိမ့်မည်ဟု စီးပွားရေးပညာရှင်တို့က ခန့်မှန်းသည်။

အရှေ့တောင်အာရှ နိုင်ငံများနှင့် နှစ်ဖက်အပြန်အလှန် ငွေကြေးဖလှယ်မှု သဘောတူစာချုပ် ချုပ်ဆိုရန် ဂျပန်ဘဏ္ဍာရေး ဝန်ကြီးဌာနက အဆိုပြုထားသည်။ သဘောတူ စာချုပ် ချုပ်ဆိုပြီးပါက ဘဏ္ဍာရေး အကျပ်အတည်းကျရောက်သည့်ကာလမျိုးတွင် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ နှင့် ညီမျှသော ယန်းငွေကြေးဖြင့် အထောက်အပံ့များ ပေးနိုင်မည်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်ရာ အာရှငွေကြေးများအပေါ် ယုံကြည်မှုသည် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ကထက် ပိုမိုတိုးတက်လာသည်။

**တရုတ်ယွမ်**

ဝယ်လိုအား မြင့်တက်မှုနှင့် စီးပွားရေး တည်ငြိမ်မှုကြောင့် ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်မှု မြင့်တက်လာသဖြင့် အမေရိကန် ဒေါ်လာနှင့်ဖလှယ်ရာတွင် ယွမ်တန်ဖိုး တည်ငြိမ်လျက်ရှိသည်။

တရုတ်ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို သုညဒသမ ၇၃ ရာခိုင်နှုန်း မြှင့်တင်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၈၈၈၄ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။ လက်ငင်းဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့် ယွမ်ငွေဖလှယ်နှုန်းမှာ တစ်ဒေါ်လာကို ၆ ဒသမ ၈၉၃၀ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။ Off-Shore ယွမ်ဖလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၉၆၈ ယွမ်နှုန်းရှိသော On-Shore ယွမ်နှင့် နှိုင်းယှဉ်ပါက သုညဒသမ ဝ၂ ရာခိုင်နှုန်း ကျဆင်းသည်။

**အိန္ဒိယရူပီး**

သွင်းကုန်လုပ်ငန်းများနှင့် ဘဏ်များက အမေရိကန်ဒေါ်လာကို ဝယ်ယူကြသည့်အတွက် မေ ၅ ရက်က ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေး ဈေးကွက်တွင် ရူပီးငွေကြေးတန်ဖိုးသည် သုညဒသမ ဝ၉ ရူပီးနှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆၄ ဒသမ ၂၇ ရူပီးနှုန်းရှိခဲ့သည်။ ထို့ပြင် ပြည်ပဈေးကွက်၌ အခြားငွေကြေးများနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးမြင့်တက်ခြင်းကလည်း ရူပီးတန်ဖိုးအပေါ် ဖိအားသက်ရောက်မှု ရှိခဲ့သည်။ ပြည်တွင်း စတော့ဈေးကွက်တွင် ပြည်တွင်းရှယ်ယာဈေးနှုန်းများ ကျဆင်းမှုကလည်း ရူပီးတန်ဖိုးကျဆင်းမှုကို အထောက်အကူပေးခဲ့ကြောင်း ဝယ်ရောင်းသမားတို့က ပြောသည်။

**ဂျပန်ယန်း**

ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဥရောပသမဂ္ဂကို ထောက်ခံသော မက်ကရွန်က ဦးဆောင်လာပြီး နောက်ပိုင်း ယူရိုငွေကြေးတန်ဖိုးက မေ ၅ ရက်တွင် ခြောက်လအတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိပြီး တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၉၉၀ နှုန်း အထိရောက်ရှိခဲ့သည်။ ယန်းငွေနှင့် ဖလှယ်ရာတွင်မူ မေ ၄ ရက်က တစ်ယူရိုကို ၁၂၃ ဒသမ ၃၁ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့တွင် ၁၂၃ ဒသမ ၂၉ ယန်းနှုန်းရှိခဲ့သည်။

ယန်းငွေနှင့် ဖလှယ်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုးသည် သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၂ ဒသမ ၂၇ ယန်းနှုန်းရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

ဖွန်တွင် အမေရိကန် ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်ပေးမည့်အလားအလာကို တွေ့ရပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံသူတို့က အမေရိကန်ဒေါ်လာကို ပိုမိုစိတ်ဝင်စားလာကြသည့်အတွက် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးသည် မေ ၅ ရက်က ဆက်လက်ကျဆင်းခဲ့သည်။ အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းမှာ မေ ၄ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၃၂၆၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၅ မိနစ်တွင် တစ်ဒေါ်လာကို ၄ ဒသမ ၃၃၅၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ အခြားအဓိကငွေကြေးများနှင့် ဖလှယ်ရာတွင်လည်း ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

**တောင်ကိုရီးယားဝမ်**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတို့က တောင်ကိုရီးယား ရှယ်ယာများကို ဝယ်ယူခြင်းနှင့် တောင်ကိုရီးယားကုမ္ပဏီများ၏ ဝင်ငွေ မြင့်တက်လာခြင်းတို့ကြောင့် တောင်ကိုရီးယား စတော့ရှယ်ယာများ၏ တန်ဖိုးမှာ မေ ၄ ရက်က မကြုံစဘူး မြင့်တက်ခဲ့သည်။ သို့သော်လည်း ကိုရီးယားဝမ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာကို ၁၁၃၂ ဒသမ ၇၀ ဝမ်နှုန်း ရှိခဲ့ရာ ယခင်နေ့က ဖလှယ်နှုန်းနှင့် နှိုင်းယှဉ်ပါက ဝမ်တန်ဖိုး မှာ ၂ ဒသမ ၂၀ ဝမ်နှုန်း ကျဆင်းခဲ့သည်။ မေ ၅ ရက်တွင်မူ အများပြည်သူပိတ်ရက်အဖြစ် စတော့ဈေးကွက်ပိတ်ပါသည်။

**ထိုင်းဘတ်**

ရိုက်တာ သတင်းဌာနက ပြုစုထားသောကိန်းဂဏန်းများအရ ထိုင်းဘတ်ငွေတန်ဖိုးသည် မေ ၅ ရက်တွင် အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၅၉ ဘတ်နှုန်းရှိခဲ့ရာ မေ ၄ ရက်က ဖလှယ်နှုန်းအတိုင်း မပြောင်းလဲဘဲ ဆက်လက် တည်ရှိနေသည်ကို တွေ့ရသည်။

## ကယ်တင်မှုချေးငွေ အစီအစဉ် ပြုပြင်ပြောင်းလဲရေး အတွက် အီးယူနှင့် သဘောတူညီချက်ရပြီဖြစ်ကြောင်း ဂရိအရာရှိတစ်ဦးက ပြောကြား

မိမိတို့က အခွန်တိုးမြှင့်ရန်နှင့် လူမှုအသုံးစရိတ်များ လျှော့ချရန် ဆောင်ရွက်မည်ဆိုပါက အပြန်အလှန်အားဖြင့် ဂရိနိုင်ငံမှ အရေးပေါ် ချေးငွေကို လက်ခံရရှိနိုင်ရန် မြီရှင်နိုင်ငံများနှင့် ဂရိနိုင်ငံတို့ သဘောတူညီချက်ရရှိထားပြီးဖြစ်ကြောင်း မေ ၁ ရက်က ဂရိအဆင့်မြင့်အရာရှိတစ်ဦး၏ ပြောကြားချက်ကို နယူးယောက်တိုင်းမ် သတင်းတွင် ဖော်ပြသည်။

၎င်းသဘောတူညီချက်ကို ဂရိ၊ ဥရောပသမဂ္ဂ(အီးယူ)နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ ခြောက်လကြာ စေ့စပ်ညှိနှိုင်းပြီးမှ ရရှိလာခြင်းဖြစ်ပြီး ဂရိနိုင်ငံ ငွေကြေးချွတ်ခြုံကျမှုမှ ရှောင်ရှားနိုင်ရန်အတွက် အရေးပါသော သဘောတူညီချက်တစ်ခုအဖြစ် ရှုမြင်ထားကြသည်။ ဂရိအစိုးရအနေဖြင့် ဇူလိုင်လတွင် ကြွေးမြီ ယူရိုခုနစ်ဘီလီယံ (အမေရိကန် ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံ) ပေးဆပ်ရမည့် အခက်အခဲနှင့် ရင်ဆိုင် တွေ့ကြုံနေရသည်။

သဘောတူညီချက်အရ ဂရိနိုင်ငံအနေဖြင့် အလုပ်သမားနှင့် စွမ်းအင်ဈေးကွက်များကို ပြင်ဆင်ခြင်း၊ အငြိမ်းစားလစာများကို လျှော့ချခြင်းနှင့် အခွန်များကို တိုးမြှင့်ကောက်ခံပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဂရိဘဏ္ဍာရေးဝန်ကြီး ယူကလစ်ဆာကာလိုတော့စ်ကပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ယခုအချိန်တွင် ကြွေးမြီသက်သာခွင့် ဆွေးနွေးပွဲများအတွက် လမ်းပွင့်သွားပြီဖြစ်ကြောင်း သူကပြောသည်။

■

## အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မပြောင်းလဲဘဲ ဆက်လက်ထားရှိ



အမေရိကန် ဗဟိုဘဏ်မူဝါဒချမှတ်ရေး နှစ်ရက်ကြာ အစည်းအဝေးကို ကျင်းပပြီးနောက် ဗဟိုဘဏ်မူဝါဒ အတိုးနှုန်းများကို မပြောင်းလဲဘဲ ယခင်အတိုင်း ဆက်လက်ထားရှိရန် မေ ၃ ရက်က ဆုံးဖြတ်ကြောင်း စီဘီစီ သတင်းတွင် ဖော်ပြသည်။ သို့သော်လည်း အမေရိကန်စီးပွားရေးတိုးတက်ခိုင်မာမည်၊ အမေရိကန် အလုပ်သမားဈေးကွက်လည်း တိုးတက်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားသည့်အတွက် ယခုနှစ်အတွင်း အတိုးနှုန်းကို တိုးမြှင့်ပေးနိုင်လိမ့်မည်ဟုလည်း ခန့်မှန်းထားသည်။

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ကာလတိုအခြေခံထားသော အတိုးနှုန်းကို ဒီဇင်ဘာနှင့်မတ်လတို့တွင် အနည်းငယ်တိုးပေးပြီးနောက် ယခုအစည်းအဝေးတွင် ဆက်လက်တိုးမြှင့်ပေးခြင်းမပြုဘဲ ဆိုင်းငံ့ထားခြင်းဖြစ်သည်။ စီးပွားရေးပညာရှင် အများစုကမူ ဇွန်လလယ်တွင် ကျင်းပမည့် အစည်းအဝေး၌ အတိုးနှုန်းမြှင့်တင်ပေးလိမ့်မည်ဟု ခန့်မှန်းထားကြသည်။

အမေရိကန်၏ စီးပွားရေးသည် ဇန်နဝါရီမှ မတ်လအထိ သုံးလပတ်တွင် တိုးတက်မှုနှေးကွေးခဲ့ကြောင်း၊ သို့သော်လည်း ထိုကဲ့သို့ နှေးကွေးကျဆင်းမှုမှာ အကူးအပြောင်းသဘော မျှသာဖြစ်ကြောင်း မေ ၃ ရက်က ကျင်းပသော မူဝါဒအစည်းအဝေးအပြီး အမေရိကန်ဗဟိုဘဏ်က ထုတ်ပြန်သော ကြေငြာချက်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ၏ အဓိကကျသော စီးပွားရေးကဏ္ဍများသည် တိုးတက်မှုရှိသည့် လက္ခဏာကို တွေ့ရသော်လည်း စားသုံးမှုနှင့် ကုန်ထုတ်လုပ်မှုမှာ ကျဆင်းနေသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း ဗဟိုဘဏ်ရည်မှန်းချက်အောက်သို့ ကျဆင်းနေဆဲဖြစ်သည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ROYAL POWER
## ELECTRICAL TRADING CO., LTD.



No. (173), Room (1), Lower Kyeemyindine Road, Ahlone Township, Yangon, Myanmar.
Ph: 01-228533, 01-2302115, 01-2302161, 09-5035858, 09-5060788, 09-5130408,
09-5160660, 09-8611226, 09-73146404 Fax:951-228533 Gmail: rpelectricaltrading@gmail.com



# EVER RICH GROUP CO.,LTD

* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ



EVER RICH GROUP CO.,LTD စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

အမှတ်(၃၆/ဒီ)၊လမ်းသစ်လမ်း၊နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ ☎ ၀၁-၉၆၆၅၇၁၇၊၀၁-၉၆၄၀၂၇၇၊၀၉-၃၀၀၈၈၇၂၀၊၀၉-၄၅၇၇၄၀၆၅၊၀၉-၉၇၆၇၀၀၂၅၀

အဆောင်(၁၃၀)၊အခန်း(၄)၊ရွှေဝါလမ်း၊စော်ဘွားကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်။ ☎ ၀၁-၉၆၄၀၂၅၅၊၀၁-၉၆၄၀၂၆၆၊၀၉-၉၆၅၀၀၇၂၅၅၊၀၉-၂၆၁၁၁၉၄၉၉၊၀၉-၄၅၇၇၄၀၀၆၆

အမှတ်(၄၁၇)၊လှသီရိလမ်း နှင့်ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ဗန်းစက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်။ ☎ ၀၁-၆၁၇၁၄၉၊၀၉-၇၃၂၅၀၁၅၀၊၀၉-၇၉၆၁၀၈၈၁၁၊၀၉-၉၇၇၉၁၈၀၁၊၀၉-၄၅၇၇၄၀၀၆၄

J & D CO., LTD

# WOOD COATINGS PARTNERS

THE BEST FLOOR SANDING & LACQUERING SERVICE

INCHEM™

SAYERLACK®
INNOVATIVE WOOD SOLUTIONS
MADE IN ITALY



STYLE BETON®




ရန်ကုန် — အမှတ် ( ၆၆ )၊ သစ္စာပန်းလမ်း၊ ( ၅ ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၉၆၉၁၀၇၇၊ ၉၆၉၁၄၃၄၊ ၉၆၉၂၄၄၆၊ ၀၉ ၅၀၈၉ ၄၀၀၊ ၄၁၁၊ ၄၂၂၊ ၄၃၃
E-mail: woodcare@yangon.net.mm

မန္တလေး — အမှတ် (၆၃၆)၊ ၈၂လမ်း၊ ၄၄လမ်း နှင့် ၄၅လမ်းကြား၊ ရွှေဘုန်းရှိန်ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း – ၀၂ ၇၆၃၈၄၊ ၀၉ ၅၁၀ ၁၇၀၁

နေပြည်တော် — ဖုန်း – ၀၉၈ ၅၃၀ ၅၃၀

HOT LINE — ဖုန်း – ၀၉ ၅၅၈ ၅၅၈၈

COMMERCE
INTERNATIONAL

# ကမ္ဘာ့ဝယ်လိုအားမြင့်တက်မှုကြောင့် အာရှရှိစက်ရုံများတွင် ထုတ်လုပ်မှုစတင်တိုးမြှင့်

ကမ္ဘာ့ဝယ်လိုအား မြင့်တက်မှု အထူးသဖြင့် နည်းပညာအဆင့်မြင့် စက်ကိရိယာငယ် ကလေးများအား ဝယ်လိုအား မြင့်တက်လာမှုကြောင့် ယခုနှစ် ဒုတိယ သုံးလပတ်တွင် အာရှဒေသ တစ်လွှားရှိစက်ရုံများ၏ ထုတ်လုပ်မှုကို စတင်တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ဧပြီတွင် ခန့်မှန်းထားသလောက် တိုးတက်မှု မရှိခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများမှာ တိုးတက်ကောင်းမွန်လျက် ရှိသည်။ တရုတ်နိုင်ငံက စည်းမျဉ်းစည်းကမ်း အရ အရေးယူမှုများကို တိုးမြှင့်ထားပြီး အိမ်ခြံမြေဈေးကွက် မြင့်တက်မှု သက်သာအောင် အစီအမံသစ်များ ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း စီးပွားရေးတိုးတက်မှု အရှိန်အဟုန်များစွာ ကျဆင်းနိုင်မည့် လက္ခဏာများကို တွေ့မြင်နေရသည်။



တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကြည့်ပါက အာရှဒေသ၏ ဖွံ့ဖြိုးမှု ဆက်လက်မြင့်တက်ခြင်းနှင့် ဥရောပဒေသတွင် ဝယ်လိုအား အညွှန်းကိန်းမြင့်တက်မည့် အလားအလာတို့က အမေရိကန်စီးပွားရေး ကျဆင်းမည့် လက္ခဏာများကို အစားထိုးမြှင့်တင်ပေးလိမ့်မည်ဟုခန့်မှန်းကြသည်။ စီးပွားရေးပညာရှင် အများစုကလည်း အမေရိကန်၏ စီးပွားရေးကျဆင်းမှုသည် ယာယီမျှသာဖြစ်ကြောင်း ယုံကြည်ထားကြသည်။

"ဒုတိယ သုံးလပတ်မှာ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု မြင့်တက်လာလိမ့်မယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်။ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုက ပြန်လည်နာလန်ထူလာနေပြီဖြစ်တဲ့အတွက် အာရှကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးလာအောင် အထောက်အကူပေးပါလိမ့်မယ်" ဟု စင်ကာပူရှိ Capital Economic မှ အာရှဆိုင်ရာ စီးပွားရေးပညာရှင် ခရိုင်စတာတန်က ပြောသည်။

ကမ္ဘာ့စီးပွားရေး တိုးတက်မှုသည် စိတ်ပျက်စရာ ကောင်းလောက်အောင် ခြောက်နှစ်ခန့် နိမ့်ကျခဲ့သော်လည်း ကုန်ထုတ်လုပ်မှုလုပ်ငန်းနာလန်ထူလာခြင်းနှင့် ဘဏ္ဍာရေးဈေးကွက်များ တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုအရှိန်အဟုန် ပြန်လည်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ဝယ်လိုအား ပြန်လည်ကောင်းမွန်လာမှုကြောင့် နှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့သော အာရှပို့ကုန်များ၏ ကုန်သွယ်ရေးကျဆင်းမှုမှာလည်း အဆုံးသတ်ခဲ့ရသည်။ သို့သော်လည်း ထရမ့်အစိုးရ လက်ထက်တွင် အမေရိကန်ပြည်ထောင်စု၏ ကိုယ်ကျိုးစီးပွားနှင့်ပတ်သက်၍ စိုးရိမ်မှုများက ကမ္ဘာ့စီးပွားရေးတိုးတက်မှု အလားအလာကို မှေးမှိန်စေခဲ့သည်။

ယခုနှစ် အာရှဒေသ၏ ပို့ကုန်ပြန်လည်နာလန်ထူလာမှုအတွက် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လာသည်မှာ အီလက်ထရွန်းနစ်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည်။ ယခုနှစ်နှောင်းပိုင်းတွင် iPhone8 ကို ထုတ်လုပ်ပြီး လုပ်ငန်းတိုးတက်မှုနှုန်းကို မြှင့်တင်လျက်ရှိသော အက်ပဲလ်ကုမ္ပဏီအပါအဝင် အီလက်ထရွန်းနစ် ကုမ္ပဏီများနှင့်ချိတ်ဆက်လျက်ရှိသော အာရှကုမ္ပဏီများအတွက် အမြတ်အစွန်းကို မြင့်တက်စေနိုင်ခဲ့သည်။

တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊တရုတ်(တိုင်ပေ)နှင့် စင်ကာပူစသည့် နိုင်ငံတို့မှာလည်း ယခင်လများအတွင်း ပို့ကုန်များ မြင့်တက်ခဲ့ကြသည်။ အများအားဖြင့် အီလက်ထရွန်းနစ်ပစ္စည်းများ တင်ပို့မှုမြင့်တက်လာခြင်းကြောင့် ယခုကဲ့သို့ တိုးတက်လာခြင်းဖြစ်သည်။

## လာမည့်နှစ် စင်ကာပူ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန် ဒစ်ဂျစ်တယ် စီးပွားရေးကို ဦးစားပေး ဆောင်ရွက်မည်

လာမည့်နှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ ဥက္ကဋ္ဌ တာဝန်ကို စင်ကာပူနိုင်ငံက တာဝန်ယူဆောင်ရွက်ချိန်တွင် ဒစ်ဂျစ်တယ် စီးပွားရေး အကောင်အထည်ဖော်ရေးကို အာဆီယံ၏ အဓိကဦးစားပေး အဖြစ်ဆောင်ရွက်သွားမည်ဟု စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး မစ္စတာလင်းဟန်ကျန်းကပြောကြောင်း တူဒေးအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

စင်ကာပူ စီးပွားရေးဖက်ဒရေးရှင်း၊ ယူနိုက်တက် အိုဗာဆီးဘဏ် (ယူအိုဘီ)၊ ဥပဒေရေးရာလုပ်ငန်း ရာဂျာအင်တန်နှင့် အာရ်အက်စ်အမ်ချိုင်လင်း စာရင်းကိုင်လုပ်ငန်းတို့ ပူးတွဲ၍ အာဆီယံကွန်ဖရင့်ကို မေ ၄ ရက်ကကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် ဝန်ကြီးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဒေသတွင်း ဒစ်ဂျစ်တယ် ဆက်သွယ်ရေး ပိုမိုတိုးမြှင့်ပေးရန်နှင့် ဒစ်ဂျစ်တယ်ဆက်သွယ်မှုအတွင်းသို့ ပါဝင်ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ရန် အီးကောမတ်စ်တွင် ကျင့်သုံးလျက်ရှိသော ဒေသတွင်း ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ထိရောက်ပြီး စွမ်းရည်ပြည့်ဝလာအောင် စင်ကာပူနိုင်ငံက ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာလင်းက ပြောသည်။ ထိုစည်းမျဉ်း ဥပဒေများကို လက်ရှိကျင့်သုံးနေသော စည်းမျဉ်းဥပဒေများ၊ ကုန်သွယ်ရေး သဘောတူညီချက်များနှင့် ပေါင်းစည်းနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သူက ပြောသည်။

အာဆီယံဒေသတစ်ခုလုံး အကျုံးဝင်သော အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး စည်းမျဉ်းကို ရေးဆွဲနေပြီဖြစ်ရာ ဤစည်းမျဉ်းအရ ခွင့်ပြုချက်ရရှိထားပြီးသော ပို့ကုန်လုပ်ငန်းရှင်များသည် မိမိတို့၏ ကုန်ပစ္စည်းများအား အာဆီယံက အခွင့်အရေးပေးထားသော ကုန်ပစ္စည်းအဖြစ်သို့ရောက်ရှိရန် လိုအပ်သော သတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း ကိုယ်တိုင်ထောက်ခံပေးနိုင်သည်။ အကောက်ခွန် ရှင်းလင်းရန်အတွက် အသုံးပြုသော တစ်ခုတည်းသော အာဆီယံ ပြတင်းပေါက် (ASEAN Single Window) ကိုလည်း စတင်ဆောင်ရွက် တော့မည်ဖြစ်ရာ နယ်စပ်ဒေသများရှိ သတင်းအချက်အလက်များကို အီလက်ထရွန်းနစ်စနစ်ဖြင့် ဖလှယ်နိုင်တော့မည်ဖြစ်သည်။ ဤသို့ ဆောင်ရွက်နိုင်ပါက အာဆီယံဒေသတွင်း၌ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် ပိုမိုလျင်မြန်ချောမွေ့စေမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအတွက်လည်း စီမံခန့်ခွဲမှုနှင့် ဈေးသို့ တင်ပို့ရာတွင် အချိန်နှင့် ကုန်ကျစရိတ် သက်သာစေနိုင်ကြောင်း မစ္စတာလင်းက ပြောသည်။

## ကျန်းမာရေးဝန်ထမ်း ရှားပါးမှုနှင့် တောင်ကိုရီးယားနိုင်ငံ ရင်ဆိုင်နေရ

တောင်ကိုရီးယားနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်ချက်များက ဖြည့်ဆည်းပေးနိုင်သည့် အင်အားထက် ကျော်လွန်နေသည့်အတွက် လာမည့်နှစ်များ တွင် ဆေးဘက်ဆိုင်ရာ ကဏ္ဍတွင် လုပ်သားများ ရှားပါးမှုပြဿနာနှင့် အကြီးအကျယ် ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိကြောင်း မေ ၃ ရက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ခုတွင် ဖော်ပြချက်ကို ကိုးကား၍ ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် သူနာပြု ၁၁၀၀၀၀ ဦးအထိ လိုအပ်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင်မူ လိုအပ်ချက် အရေအတွက်မှာ ၁၅၈၀၀၀ ဦး အထိ ရောက်ရှိသွားနိုင်ကြောင်း ကိုရီးယားကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာအဖွဲ့ (Korea Institute for Health and Social Affairs) က ထုတ်ပြန်သော ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၏ ရေရှည်အလားအလာ အစီရင်ခံစာတွင် ဖော်ပြသည်။

တောင်ကိုရီးယားတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအပြင် ၂၀၂၀ ပြည့်နှစ်တွင် နောက်ထပ်ဆရာဝန် ဦးရေ ၁၈၀၀ နှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းဦးရေ ၇၀၀၀ နီးပါးလိုအပ်ဦးမည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ် အထိ ခန့်မှန်းတွက်ချက်မည်ဆိုပါက ဆရာဝန်ဦးရေ ၇၆၀၀ နှင့် ဆေးဘက်ဆိုင်ရာ ဆရာဝန်ဦးရေ ၁၀၀၀၀ ထပ်မံလိုအပ်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

သက်ကြီးရွယ်အို လူဦးရေ မြင့်တက်လာခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထားမှု မြင့်တက်လာသည့်အတွက် သူနာပြုနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ထမ်းလိုအပ်ချက်မှာ မြင့်မားလျက်ရှိသည်။ ထို့အပြင် အထူးသဖြင့် အာရှနိုင်ငံများမှ နိုင်ငံခြားသားများကလည်း ဆေးကုသမှုခံယူရန် တောင်ကိုရီးယားသို့ ဝင်ရောက်လာမှု မြင့်မားလာသည့်အတွက် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းလိုအပ်ချက်ကို ပိုမိုမြင့်မားလာစေနိုင်ကြောင်း အဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၁၅ ခုနှစ်က အခြေအနေကို ကြည့်ပါက တောင်ကိုရီးယား နိုင်ငံတွင် လူဦးရေ ၁၀၀၀ လျှင် ဆရာဝန် ၂ ဒသမ ၃ ဦးနှင့် အခြားဆေးဘက်ဆိုင်ရာဝန်ထမ်း ခြောက်ဦးနှုန်း ရှိခဲ့ သည်။ ဤနှုန်းမှာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (Organization for Economic Co-Operation and Development) တွင်ရှိသော ဆရာဝန် ၃ ဒသမ ၃ ဦးနှင့် အခြား ဆေးဘက်ဆိုင်ရာ ဝန်ထမ်း ၉ ဒသမ ၅ ဦးနှုန်းနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေသည်ကို တွေ့ရသည်။

တဖြည်းဖြည်း မြင့်တက်လျက်ရှိသော လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဆေးရုံများနှင့် အခြားဆေးဘက်ဆိုင်ရာ အထောက်အကူပြု လုပ်ငန်းများတွင် ဝန်ထမ်းများ ပိုမိုခန့်ထားသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက မကြာသေးမီက ပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်